# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**မမြဲသောသဘောတို့ကိုသိ**

စွန့်ပစ်အပ်သော ဤခန္ဓာကိုယ်သည် အဘယ်မှာလျှင် နှစ်သက်မွေ့လျော်ဖွယ် ရှိအံ့နည်း။ ဤခန္ဓာကိုယ်ကိုစွဲ၍ ရာဂတို့ဖြစ်ခြင်းသည် မလျောက်ပတ်လေစွတကား။ (ခန္ဓာကိုယ်၏ မမြဲသောသဘော၊ အနှစ်မရှိသော သဘောတို့ကိုသိအောင် စဉ်ဆက်မပြတ် ကျင့်ကြံအားထုတ်ရာ၏။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၉)


၁၃၇၈ ခုနှစ် တော်သလင်းလဆန်း ၁၂ ရက်၊ အင်္ဂါနေ့။ Tuesday , 13 September 2016 (၈၆၈၃)




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Rt. Hon. John Bercow နှင့် တွေ့ဆုံစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံ

ဟီးသရိုး(လန်ဒန်) စက်တင်ဘာ ၁၂

**ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ရောက်ရှိနေသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Rt. Hon. John Bercow နှင့် ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် Palace of Westminster ၌ တွေ့ဆုံသည်။** စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

## ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၅၄/၂၀၁၆**
**၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်**
**(၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်)**

**ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(က)၊ (ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၉)တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးတွင် ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါက်တာထွန်းနိုင် | ဒုတိယဝန်ကြီး<br>လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန |
| (၂) | ဦးဝင်းမော်ထွန်း | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန |

**(ပုံ)ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ဒုတိယသမ္မတ ဦးမြင့်ဆွေ နန်နင်းမြေအောက်ရထားပြေးဆွဲမှုစနစ်လေ့လာ ယူနန်ပြည်နယ်ပါတီအတွင်းရေးမှူးနှင့်တွေ့ဆုံ

**ကူမင်း စက်တင်ဘာ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့ နံနက်ပိုင်းတွင် နန်နင်းမြို့ အရှေ့ပိုင်းဘူတာကြီးသို့သွားရောက်ပြီး မြေအောက်ရထားပြေးဆွဲနေမှုစနစ်ကို လေ့လာသည်။

ဒုတိယသမ္မတနှင့်အဖွဲ့သည် နန်နင်းအရှေ့ပိုင်းဘူတာကြီးမှ နန်းဟူဘူတာသို့ မြေအောက်ရထားစီး၍ သွားရောက်လေ့လာကြရာ နန်နင်းမြို့ မြေအောက်ရထားပင်မထိန်းချုပ်ရေးစင်တာ၌ တာဝန်ရှိသူများက မြေအောက်ရထားပြေးဆွဲမှုနှင့် ထိန်းချုပ်မှုစနစ်များကို **စာမျက်နှာ ၃ ကော်လံ ၁ သို့** ◯

# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ပရိဝုဏ်နှင့် ဆက်စပ်ဧရိယာအတွင်း ဥပဒေနှင့်မညီညွတ်မှုများကို တရားစွဲဆိုအရေးယူသွားမည်ဖြစ်ပြီး အလှူခံကန်ထရိုက်ပေးစနစ်များ ဖျက်သိမ်းဆောင်ရွက်မည်

**ကျိုက်ထို စက်တင်ဘာ ၁၂**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသည် ပြည်တွင်းဘုရားဖူးဧည့်သည်များသာမက နိုင်ငံတကာခရီးသွားဧည့်သည်များပါ အလေးအမြတ်ထား လာရောက်ဖူးမြော်လေ့ရှိသည့်စေတီတော်တစ်ဆူဖြစ်ပြီး ကျိုက်ထီးရိုးစေတီတော်ကိုအကြောင်းပြု၍ စီးပွားရေးလုပ်ငန်းရှင်အချို့က ဟိုတယ်၊ တည်းခိုခန်းများ ဥပဒေမဲ့တည်ဆောက်ထားမှုများကြောင့် ရှေးဟောင်းအဆောက်အအုံ၏ မြင်ကွင်းကိုလည်းကောင်း၊ ဝန်းကျင်သဘာဝမြင်ကွင်းကိုလည်းကောင်း အဟန့်အတားဖြစ်စေပြီး အထပ်မြင့်ဟိုတယ်များကြောင့် မူလဘူမိမြေသားခိုင်မာမှုကို ပျက်စီးစေ၍ မြေသားပြတ်ရွေ့မှုများဖြစ်ပေါ်လာစေနိုင်သည့်အတွက် ဥပဒေနှင့်အညီဆောင်ရွက်ကြရန်နှင့် လိုက်နာရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ နိုင်ငံတော်ကိုယ်စား တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဟု သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

ယင်းအပြင် ကျိုက်ထီးရိုးစေတီတော်ကြီးတွင် စေတီတော်၏ နဝကမ္မအတွက်လည်းကောင်း၊ ယုံကြည်မှုများအရလည်းကောင်း လှူဒါန်းမှုများအတွက် အလှူခံများကို **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖


KBZ BANK
STRENGTH OF MYANMAR
သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

## ကြေးမုံ

# အဂတိလိုက်စားမှုတိုက်ဖျက်ရေး

အဂတိလိုက်စားမှုသည် သိမ်မွေ့နက်နဲပြီး နှစ်ရှည်ကြာမြင့်လိုက်စားနေသော ရောဂါအသွင်ဖြစ်သည်။ ဆေးပညာစကားနှင့် ခိုင်းနှိုင်းပြောမည်ဆိုလျှင် ဆေးမတိုးသောလူနာသဖွယ်၊ ဆေးယဉ်ပါးသော ရောဂါသဖွယ်၊ တိတ်တဆိတ်လူသတ်သမားများနှင့် မြစ်ပွားနာရောဂါတို့ကဲ့သို့ ဖြစ်နေသည်။ အဂတိလိုက်စားမှုရောဂါတိုက်ဖျက်ရေးကို ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် ကျယ်ကျယ်လောင်လောင် လှုံ့ဆော်သတိပေးတိုက်ဖျက်နေသော်လည်း ထိရောက်အောင် ဆောင်ရွက်နိုင်ခြင်းမရှိသေးသည်မှာ အမှန်ဖြစ်သည်။

နိုင်ငံတကာအညွှန်းကိန်းများအရ ကမ္ဘာပေါ်တွင် အဂတိလိုက်စားမှုအများဆုံးနိုင်ငံများထဲတွင် မြန်မာနိုင်ငံပါဝင်နေပြီး နိုင်ငံပေါင်း ၁၆၈ နိုင်ငံတွင် ၁၄၇ နိုင်ငံအဆင့် ရပ်တည်နေသည်မှာ နိုင်ငံအတွက် အနုတ်လက္ခဏာပင်ဖြစ်သည်။ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေးသို့ တက်လှမ်းရာ၌ အဂတိလိုက်စားမှုများ မြင့်မားနေသရွေ့ အခြေအနေကောင်းတစ်ခုသို့ ရောက်နိုင်မည်မဟုတ်ချေ။ အလွန်ခက်ခဲသော အခြေအနေကြားထဲမှာပင် မကြာသေးမီကာလများက အလေးထားဆောင်ရွက်ခဲ့ရာ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးကို နိုင်ငံတကာက အသိအမှတ်ပြုလာသောကြောင့် အနည်းငယ်တိုးတက်မှုရှိလာသည်ဟု ဆိုရမည်ဖြစ်သည်။

အဂတိလိုက်စားမှုဟုဆိုရာတွင် အကြောင်းအရင်းဇာစ်မြစ်များစွာရှိရာ ငွေကြေးခဝါချမှုသည် အရေးကြီးသောအချက်တစ်ခုဖြစ်ပြီး အဖွဲ့အစည်းများအတွင်း ကျယ်ကျယ်ပြန့်ပြန့် နေရာယူထားသည်မှာ လာဘ်ပေးလာဘ်ယူမှုဖြစ်သည်။ လာဘ်ပေးလာဘ်ယူမှုမှာ အစိုးရအဖွဲ့အစည်းမှ ဝန်ထမ်းအချို့တွင် ကာလရှည်ကြာအမြစ်တွယ်ခဲ့သော အလေ့အထဖြစ်ပြီး လုပ်ငန်းရှင်များ၊ ပြည်သူများကြားတွင် မထူးဆန်းသည့်သဘောမျိုးပင်ရှိနေသည်။ ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ကို ဖွဲ့စည်းပြီး အလေးထားဆောင်ရွက်ခဲ့ရာ ထိုက်သင့်သလောက် တိုးတက်မှုရှိသည်ဟု ပြောနိုင်သည်။

ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့အစိုးရကာလတွင် နိုင်ငံတစ်ဝန်း အဂတိလိုက်စားမှုများ ထင်ရှားသိသာစွာ ကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းပေးရေး ပြည်ထောင်စုအစိုးရသို့တိုက်တွန်းကြောင်းအဆိုကို တင်သွင်းခဲ့ပြီး ထိုအဆိုကို ပြည်သူ့လွှတ်တော်က အတည်ပြုပေးခဲ့သည်။ အဂတိလိုက်စားမှုကို ကျူးလွန်ရာတွင် ရရှိသည့်ဝင်ငွေနှင့် မလောက်ငခြင်းဖြစ်၍ ဆိုသည်ထက် လုပ်ပိုင်ခွင့်ရှိသောတာဝန်ရှိသူတို့၏ မတော်လောဘဆောင်ရွက်ခြင်းက ပို၍အဓိကကျသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ်က ပြဋ္ဌာန်းခဲ့ပြီး ဥပဒေအရ သက်ဆိုင်ရာတာဝန်ရှိသူအနေဖြင့် အပြစ်ရှိကြောင်းတွေ့ရှိပါက ဒဏ်ငွေနှင့် ထောင်ဒဏ်ပါကျခံနိုင်သည်။ ကျယ်ကျယ်ပြန့်ပြန့် အမြစ်တွယ်နေသော အဂတိလိုက်စားမှုများကို သိမ်မွေ့ညင်သာစွာ တိုက်ဖျက်နိုင်ရန်အတွက် အရပ်သားအစိုးရ၏ ကနဦးဆောင်ရွက်ချက်အနေဖြင့် လမ်းညွှန်ချက်ထုတ်ပြန်ပေးခဲ့သည်ကို တွေ့ရသည်။ လမ်းညွှန်ချက်တွင် အစိုးရဝန်ထမ်းများအား လက်ဆောင်များလက်ခံခြင်းကို တားမြစ်ထားခြင်းမရှိသော်လည်း လူပုဂ္ဂိုလ်တစ်ဦးအနေဖြင့် လက်ခံသည့်လက်ဆောင်သည် ကျပ်နှစ်သောင်းခွဲထက်မပိုရဟု ကန့်သတ်ထားပြီး တစ်နှစ်အတွင်း ပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ခုအနေဖြင့် ကျပ်တစ်သိန်းထက်မပိုရဟု ကန့်သတ်ထားသည်။ ထို့အပြင် လိုက်နာရမည့်စည်းကမ်းချက်များကိုလည်း သတ်မှတ်ထားသည်။

လက်တွေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့အနေဖြင့် အဂတိကင်းစင်ပြီး အဂတိတရားအလွန်နည်းသည်ကိုလည်း တွေ့မြင်နေရသည်။ သို့သော်လည်း ခေတ်အဆက်ဆက် လာဘ်ပေးလာဘ်ယူနှင့် အသားကျနေခဲ့သည့် ဝန်ထမ်းအချို့နှင့် လုပ်ငန်းရှင်များအား အဂတိတရားကင်းစင်အောင် စိတ်ရှည်လက်ရှည် ဆက်လက်တိုက်ဖျက်သွားရန် လိုအပ်မည်ဖြစ်သည်။ အဂတိလိုက်စားမှုနှင့် ပတ်သက်၍ အစောပိုင်းကထုတ်ပြန်မှုမှာ သိမ်မွေ့ညင်သာစွာဖြင့် ကိုင်တွယ်လိုက်သော ကနဦးထုတ်ပြန်ချက်သာ ဖြစ်နိုင်သည်။ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးကိုထူထောင်မည့် အရပ်သားအစိုးရအနေဖြင့် ရေရှည်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၏ အဓိကဇာစ်မြစ်ကိုရှာဖွေကာ ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။ ။

## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို International Technology& Industry Show အား ကြည့်ရှု



**နေပြည်တော် စက်တင်ဘာ ၁၂**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် စက်တင်ဘာ ၁၀ ရက် ညနေပိုင်းက မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ (၂) (MICC-2) နေပြည်တော်တွင် စက်မှုဝန်ကြီးဌာနနှင့် Myanmar Promotional Services (MPS) Co., Ltd. တို့ ပူးပေါင်းကျင်းပသည့် International Technology & Industry Show သို့ ရောက်ရှိပြီး လယ်ယာသုံးပစ္စည်းများ ထုတ်လုပ်မှုပြခန်း၊ စက်မှုနည်းပညာပြခန်း၊ ဆေးဝါးထုတ်လုပ်မှု နည်းပညာပြခန်း၊ အဝတ်အထည်ထုတ်လုပ်မှု နည်းပညာပြခန်း၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနပြခန်း၊ လျှပ်စစ်နှင့် ဘိုင်လာနည်းပညာပြခန်း၊ IT နှင့် ဆက်စပ်ပစ္စည်းပြခန်း၊ ဆက်သွယ်ရေးနည်းပညာပြခန်း၊ လျှပ်စစ်ပစ္စည်းဆိုင်ရာထုတ်လုပ်မှုနှင့် နည်းပညာပြခန်း၊ ဆောက်လုပ်ရေးနည်းပညာပြခန်း၊ ရော်ဘာပစ္စည်း ထုတ်လုပ်မှုနည်းပညာပြခန်း၊ စွမ်းအင်ချွေတာရေးနှင့် ဓာတုဗေဒ ထိန်းချုပ်ရေးဆိုင်ရာ ပညာပေးပြခန်း၊ စက်မှုဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ စက်မှုသင်တန်းကျောင်းများမှ တီထွင်ဆန်းသစ်မှုဆိုင်ရာပြခန်း၊ လုံခြုံရေးနည်းပညာပြခန်းတို့ကို လှည့်လည်အားပေးကြည့်ရှုသည်။**(အပေါ်ပုံ)**

အဆိုပါပြပွဲတွင် စက်မှုဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဦးစီးဌာနနှင့် စက်မှုလုပ်ငန်းများ အပါအဝင် ပြည်တွင်းကုမ္ပဏီစုစုပေါင်း ၂၄ ခုတို့မှ ထုတ်ကုန်ပစ္စည်းများကို ခင်းကျင်းပြသရောင်းချခဲ့သည်။ International Technology & Industry Show ကို မြန်မာနိုင်ငံ၏အနာဂတ်နည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ဖြင့် စက်မှုဝန်ကြီးဌာနနှင့် Myanmar Promotional Services (MPS) Co., Ltd. တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး စက်တင်ဘာ ၇ ရက်မှ ၁၀ ရက်အထိ လေးရက်ကြာ ခင်းကျင်းပြသခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဆိုင်းဘုတ်တင်ပွဲ အင်းတော်မြို့၌ ပြုလုပ်



**စစ်ကိုင်း စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ အောင်မေတ္တာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီခွဲက မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဆိုင်းဘုတ်တင်ပွဲ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးမင်းစမ်းအေး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဆွေညွှန့်၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ ဥက္ကဋ္ဌ ဦးဆန်နီ၊ အဖွဲ့ဝင် ဦးမောင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(ဓါတ်ပုံ)**

မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ အင်းတော်မြို့နယ်အတွင်း မူးယစ်ဆေးဝါးဆန့်ကျင်ရေးလုပ်ငန်းများ၊ အသိပညာပေးလုပ်ငန်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းလက်တွဲပြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ကျေးရွာများတွင်လည်း မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဆိုင်းဘုတ်တင်ပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုနိုင်(အင်းတော်)**

## ယာဉ်မောင်းများအား အရက်သေစာမူးယစ်သောက်စား၍ မောင်းနှင်ခြင်းမရှိစေရေး ရှောင်တခင်စစ်ဆေး

**မော်လမြိုင် စက်တင်ဘာ ၁၂**

မွန်ပြည်နယ် အမျိုးသားယာဉ်အန္တရာယ်ကင်းရှင်းရေးကော်မတီ (MSRSC) နှင့် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဦးတို့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် အမှတ် (၁၂) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ(မွန်)မှ ဒုတိယရဲအုပ် စိုးမြင့်မောင် ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် မွန်ပြည်နယ် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း ထိန်းသိမ်း ရေးကြီးကြပ်မှု ဦးစီးကော်မတီပါ ဌာနဆိုင်ရာများမှ ဝန်ထမ်းများပါဝင်သည့် ပူးပေါင်းအဖွဲ့များဖြင့် မော်လမြိုင်မြို့ သံလွင်တံတား(မော်လမြိုင်ဘက်ခြမ်း) နေရာတွင် မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် အခြားပြည်နယ်/တိုင်းဒေသကြီးများသို့ ဖြတ်သန်းသွားလာနေသည့် ခရီးသည်တင်မော်တော်ယာဉ်၊ ကုန်တင်ယာဉ်၊ ဘုရားဖူးယာဉ်၊ ပုဂ္ဂလိကယာဉ်များမှ ယာဉ်မောင်းများအား အရက်သေစာမူးယစ်သောက်စား၍ မောင်းနှင်ခြင်းမရှိစေရေး Alcohol Tester များဖြင့် စစ်ဆေးခြင်းများကို စက်တင်ဘာ ၁ ရက်မှစ၍ နေ့/ည ရှောင်တခင်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ ကြီးကြပ်မှုဖြင့် သထုံခရိုင် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုဦးစီးကော်မတီပါ ပူးပေါင်းအဖွဲ့ဖြင့် ယာဉ်များခရီးတစ်ထောက်နားသည့် ကျိုက်ထိုမြို့ စားသောက်ဆိုင်များတွင်လည်း Alcohol Tester များဖြင့် စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် မွန်ပြည်နယ်အတွင်းရှိ အခြားမြို့နယ်များတွင်လည်း စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

**(၃၀၇)**



ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင်လ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

# ပြည်တွင်းရေးရာ

### ❂ နိုင်ငံတော်မှ

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ မြန်မာအစိုးရ၏ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရင်းနှီးစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဗြိတိန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စွာမင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် Royal College of Defence Studies (RCDS) သို့ သွားရောက်လေ့လာကြပြီး Commander of Joint Forces Command General Sir Christopher Deverell နှင့် ကျောင်းအုပ်ကြီး Sir Tom Phillips တို့နှင့် တွေ့ဆုံသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် RCDS တွင် ပညာသင်ကြားလျက်ရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးအောင်မြင့်ဦးနှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးကော်မရှင်၊ အထောက်အကူပြုအဖွဲ့မှ အဖွဲ့ဝင် ဦးမိုးဇော်ဦးတို့အပါအဝင် ဗြိတိန်နှင့် နိုင်ငံတကာမှ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘောရစ်ဂျွန်ဆင်က လန်ကတ်စတာအိမ်တော်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နေ့လယ်စာသုံးဆောင်နေစဉ်အတွင်း နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်နိုင်မည့်နည်းလမ်းများ၊ မြန်မာနိုင်ငံ၌ ဗြိတိန်နိုင်ငံမှ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုပိုမိုပြုလုပ်နိုင်မည့် အခွင့်အလမ်းများနှင့် စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရေး အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

### ❍ ဒုတိယသမ္မတမှ

ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နန်နင်းမြို့ရှိ ဖန်းလင်ပန်းခြံသို့ သွားရောက်လေ့လာကြသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် နန်နင်းမြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာပြီး ကူမင်းမြို့သို့ရောက်ရှိကြရာ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ကျမ်းထိုက်ယွမ်၊ ယူနန်ပြည်နယ်ပြည်သူ့အစိုးရ ဒုတိယအထွေထွေအတွင်းရေးမှူး မစ္စတာရင်းယုံ၊ ယူနန်ပြည်နယ် ပြည်သူ့အစိုးရ နိုင်ငံခြားရေးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဟောင်းခွန်နှင့် ကူမင်းမြို့အခြေစိုက် မြန်မာကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်တို့က ကူမင်းလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ယူနန်ပြည်နယ် ပါတီအတွင်းရေးမှူးနှင့် အုပ်ချုပ်ရေးမှူး မစ္စတာချန်းဟောင် ဦးဆောင်သည့်အဖွဲ့အား ကူမင်းမြို့ Empark Grand Hotel ၌တွေ့ဆုံပြီး ယူနန်ပြည်နယ်အပါအဝင် တရုတ်-မြန်မာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကဏ္ဍများ၊ နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန်ချစ်ကြည်ရေးခရီးသွားရောက်ခဲ့မှုအခြေအနေ၊ ယူနန်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတသည် ယူနန်ပြည်နယ်ပါတီအတွင်းရေးမှူး မစ္စတာ ချန်းဟောင် တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဦးမြင့်ဆွေ နန်နင်းမြို့အရှေ့ပိုင်း ဘူတာကြီးတွင် လေ့လာစဉ်။ (သတင်းစဉ်)

### ❖ ရှေ့ဖုံးမှ

ကန်ထရိုက်ပေးစနစ် အတင်းအကျပ်အလှူငွေ ကောက်ခံနေသည်များ တွေ့ရှိနေရသည့်အတွက် အဆိုပါအလှူခံ ကန်ထရိုက်ပေးစနစ်များကို ဖျက်သိမ်းဆောင်ရွက်ကာ ပြန်လည်ဖွဲ့စည်းခဲ့သောဂေါပကအဖွဲ့မှ စနစ်တကျကြီးကြပ်ဆောင်ရွက်ရန် လမ်းညွှန်သွားမည်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

ကျိုက်ထီးရိုးစေတီတော်ကြီးနှင့်ပတ်သက်၍ ဘုရားဖူးပြည်သူများ၏ ဝေဖန်အကြံပြုချက်များစွာ ထွက်ပေါ်လာလျက်ရှိရာ တည်းခိုမှုကိစ္စများ၊ စားသောက်ဆိုင်များ၊ အလှူခံများစသည်ဖြင့် အဆင်မပြေမှုများစွာတို့အပေါ် သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးဆောင်ရွက်မှုများပြုလုပ်ကာ စေတီတော်ကြီး ရေရှည်တည်တံ့စေရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုမရှိဘဲ စနစ်တကျအမှိုက်စွန့်ပစ်စေမှု၊ ရေရရှိမှု၊ ဥပဒေနှင့်အညီ ဆောင်ရွက်ရန်တို့ကို စနစ်တကျကြပ်မတ်ဆောင်ရွက်သွားမည်ဟု သိရသည်။

စေတီတော်ကြီး၏ ဂေါပကအဖွဲ့ကိုယခင် ဂေါပကအဖွဲ့ဝင် ၁၅ ဦးအနက် တစ်ဦးကွယ်လွန်၊ သုံးဦးကို အနားယူခွင့်ပြုခဲ့ပြီး ကျန်ရှိဂေါပကအဖွဲ့ဝင် ၁၁ ဦး၊ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူ နှစ်ဦး စုစုပေါင်း ၁၅ ဦးဖြင့် ဩဂုတ် ၂၃ ရက်မှစတင်ကာ ယာယီဂေါပကအဖွဲ့အဖြစ် ဖွဲ့စည်းထားရှိဆောင်ရွက်လျက်ရှိသည်။ ဂေါပကအဖွဲ့ စည်းမျဉ်း(မူကြမ်း)အား ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဥပဒေပညာရှင်များ၊ ကျွမ်းကျင်သူများပါဝင်သော အဖွဲ့ဖြင့် ရေးဆွဲ၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဇူလိုင် ၂၅ ရက်က ပေးပို့ခဲ့ပြီး အကြံပြုချက်များ ရရှိပါက ဂေါပကစည်းမျဉ်းနှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် ဒေသအာဏာပိုင် အဖွဲ့အစည်းနှင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဟု သိရသည်။

ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်သို့ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများ စိတ်ချမ်းမြေ့စွာ ကြည်ညိုသဒ္ဒါ ပွားနိုင်ရန်လည်းကောင်း၊ တရားဥပဒေစိုးမိုးရန်လည်းကောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက အရေးယူကြပ်မတ်မှုများကို ဆောင်ရွက်သွားမည်ဟု ထုတ်ပြန်ခဲ့သည်။ စေတီတော်၏ ဝတ္တကမြေအတွင်းရှိ လုပ်ငန်းရှင်များက တည်းခိုခန်းပြုလုပ်ထားသော ဓမ္မာရုံများကို ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ရဟန်းရှင်လူ ပြည်သူများ အခမဲ့တည်းခိုခွင့်ရရှိရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းနှင့်ညှိနှိုင်း၍ ပြန်လည်ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းအပြင် ရိုးရိုးလေးကုမ္ပဏီက တည်ဆောက်ထားသော ဥပဒေနှင့်အညီ ခွင့်ပြုထားသည့် ဟိုတယ်အခန်း ၁၃၅ ခန်းအပြင် ဥပဒေမဲ့စွာ ဆောက်လုပ်ခဲ့သောအခန်း ၁၀၆ ခန်း ပိတ်သိမ်းရေး၊ သတ်မှတ်အမြင့်ပေ ၃၀ ထက် ကျော်လွန်ဆောက်လုပ်ခဲ့သည့် ဟိုတယ်အဆောက်အအုံများကို ခေတ်မီနည်းပညာသုံး၍ ဖျက်သိမ်းရေးကို စီမံကြီးကြပ်သွားမည်ဖြစ်သည်။

စေတီတော်သို့ နေ့စဉ်ဘုရားဖူးလာရောက်သည့် အများပြည်သူများကို စေတီတော် ရင်ပြင်၊ ရသေ့တောင်၊ ကင်ပွန်းစခန်း၊ ရေမြောင်ကြီး၊ ကျိုးကန်းပါးစပ်နှင့် အခြားအလှူခံဌာနများအား ကန်ထရိုက်ပေး ဆောင်ရွက်ခြင်းလုပ်ငန်းများကိုဖျက်သိမ်း၍ စေတီတော်ဝန်ထမ်းများဖြင့် အလှူခံပုံးကို နေ့စဉ်ရေတွက်ခြင်း၊ နောက်တစ်နေ့တွင် ဘဏ်သို့အပ်နှံခြင်း၊ အလှူခံဖြတ်ပိုင်းဖြင့် အလှူခံခြင်း အစရှိသည့် လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် ဝန်ထမ်းများ ပိုမိုခန့်အပ်နိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေကာ ယင်းလုပ်ငန်းများကို ဂေါပကအဖွဲ့မှ စနစ်တကျကြီးကြပ်ဆောင်ရွက်ရန် လမ်းညွှန်သွားမည်ဟု သိရသည်။

ထို့အပြင် နိုင်ငံတစ်ဝန်း ဘုရားစေတီများတွင် ရွှေသင်္ကန်းကပ်လှူရာတွင် အရည်အသွေးကောင်းမွန်ရေး၊ အရွယ်အစားမှန်ကန်ရေး၊ ဈေးနှုန်းမှန်ကန်ရေးကို အလေးထားဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ကျိုက်ထီးရိုးစေတီတော်၏ လက်ရှိအခြေအနေတွင် ရွှေဆိုင်းအရည်အသွေး ညံ့ဖျင်းခြင်း၊ အရွယ်အစားမမှန်ကန်ခြင်းနှင့် ဈေးနှုန်းကြီးမြင့်ခြင်းတို့ကို ပြုပြင်နိုင်ရန် ရွှေဆိုင်းတင်ဒါပေးသွင်းမှုစနစ် မှန်ကန်ရေးအတွက် ဝန်ကြီးဌာနမှ စီမံကြီးကြပ်ဆောင်ရွက်မည်ဟု ဌာနမှ သိရသည်။

ယင်းသို့ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ပရိဝုဏ်အတွင်း ဥပဒေနှင့်မလျော်ညီစွာ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအသီးသီးအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားနိုင်ရေးအတွက် ဩဂုတ် ၁၀ ရက်က ကျင်းပခဲ့သော သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တတိယအစည်းအဝေးသို့ တင်ပြလျှောက်ထားခဲ့ရာ "သာသနာရေးဦးစီးဌာနက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန်" ဩဝါဒပြု လမ်းညွှန်ခဲ့သဖြင့် အဆိုပါဩဝါဒအတိုင်း ကြီးကြပ်ဆောင်ရွက်မည်ဟု သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သိရသည်။

ယင်းကြောင့် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်မလျော်ညီစွာ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းအသီးသီးကို ဥပဒေနှင့်အညီဖြစ်စေရန် စီမံကြီးကြပ်သွားမည်ဖြစ်ပြီး ဖော်ပြပါအချက်များကို သက်ဆိုင်သည့် လုပ်ငန်းရှင်များအနေဖြင့် လိုက်နာရန်ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ နိုင်ငံတော်ကိုယ်စား တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဟု သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက စက်တင်ဘာ ၁၂ ရက်တွင် တရားဝင်ရှင်းလင်းကြေညာချက်ထုတ်ပြန်လိုက်သည်။

**(ဆုနှင်းလှဲ)**

## ရွှေကူမြို့နယ် မြို့လှမြို့ ကျေးရွာများ ၂၄ နာရီ မီးလင်းပြီ

**ဗန်းမော် စက်တင်ဘာ ၁၂**

ဗန်းမော်ခရိုင် ရွှေကူမြို့နယ် မြို့လှမြို့ မင်းကျောင်းကုန်းကျေးရွာအနီးရှိ ၆၆/၁၁ ကေဗွီ ( ၅ အမ်ဗွီအေ ) မင်းကျောင်းကုန်းဓာတ်အားခွဲရုံ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီခွဲက အဆိုပါ အဆောက်အအုံရှေ့၌ကျင်းပရာ ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဝင်းညွှန့်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦးယု၊ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသန်းထွန်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးနှင့် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက Main VCA စက်ခလုတ်တို့ကိုနှိပ်၍ လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ပေးကြသည်။ အဆိုပါလျှပ်စစ်ဓာတ်အားတို့ကို ၆၆ ကေဗွီ နဘား - ဝဲမ ဓာတ်အားလိုင်းမှတစ်ဆင့် မြို့လှမြို့၊ မင်းကျောင်းကုန်းကျေးရွာ၊ အုပ်ချီကျေးရွာ၊ ကျောက်ကြီးကျေးရွာနှင့် ပေါက်ကုန်းကျေးရွာများသို့ ထုတ်လွှတ်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အသွင်သစ်နှင့် စက်တင်ဘာလထုတ် သုတပဒေသာစာစောင်ထွက်ပြီ

**ရန်ကုန် စက်တင်ဘာ ၁၂**



အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်းရှိ လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားပြီး အသွင်သစ်ဖြင့် ထုတ်လုပ်လိုက်သော သုတပဒေသာစာစောင် (စက်တင်ဘာလ)ကို ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

စက်တင်ဘာလထုတ် သုတပဒေသာစာစောင်တွင် ဆရာဦးဟန်ညွှန့်(ဥပဒေ)၊ သန်းစော(စီပီအေ)၊ သာလူရှည်၊ သိပ္ပံစာရေးဆရာ ကိုကိုအောင်၊ ကျော်ဦးတို့၏ **"ရာသီဥတုပြောင်းလဲမှုကို ပြည်သူများပါဝင်ကာကွယ်ရေး"** မျက်နှာဖုံးဆောင်းပါးများ၊ ဟိန်းလတ်၊ မောင်ပေါ်ထွန်း၊ အေးဖြူ၊ ကြည်မင်း၊ ကိုဇော်ဌေး(ယဉ်ကျေးမှု)တို့၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာဆောင်းပါးများ၊ ဇော်ဝင်း၊ စည်သူလှိုင်၊ သောင်းထိုက်ဦး (သဃ်န်းကျွန်းကြီး)၊ ကေကေ(မဟာဝိဇ္ဇာ)တို့၏ ဒီမိုကရေစီ၊ နိုင်ငံတကာရေးရာနှင့် စစ်ရေးဆိုင်ရာဆောင်းပါးများ၊ ပြည်ကြီး၊ ကျော်ရှင်း၊ ရဲထက်ဇော်၊ သိင်္ဂီ(ထူးကြီး)တို့၏ သိပ္ပံနှင့်နည်းပညာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာဆောင်းပါးများ၊ တင်ညွှန့်၊ ဒေါက်တာခင်မောင်ညို၊ ဒေါက်တာမြင့်သန်း (သန္တေသား)၊ မြသိန်းတို့၏ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ကိုကိုအောင်(အလုပ်သမား)၊ စိန်ဝင်းမော်၊ ဆောင်းဝင်းလတ်၊ ဌေးမောင်၊ ထီလာစိုးမြင့်ထယ်၊ စည်သူဒေါက်တာခင်မောင်ညွှန့်၊ မောင်ကျေးဖူးတို့၏ ကဗျာ၊ ထူးချွန်၊ ဟာသ၊ ဝတ္ထုတိုနှင့် ဖြစ်ရပ်မှန်များကို ရောင်စုံ၊ ဖြူ /မည်းသရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ကျပ်၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် (၈၆) လမ်း (၂၁) လမ်းနှင့် (၂၂) လမ်းကြား မန္တလေး ဖုန်း ၀၂-၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ၉/၁၁ နှစ်ပတ်လည်အခမ်းအနားတွင် ကလင်တန် မူးလဲ

**နယူးယောက် စက်တင်ဘာ ၁၂**

ဒီမိုကရက်တစ်သမ္မတလောင်း ဟီလာရီကလင်တန်သည် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်ခံရသူများအတွက် အောက်မေ့ဖွယ် နှစ်ပတ်လည်အခမ်းအနားသို့ တက်ရောက်လာစဉ် မူးမေ့လဲကျသွားခဲ့သည်။

ဂရောင်းဇီးရိုးဟု လူသိများသော အကြမ်းဖက်တိုက်ခိုက်ခံရသည့်နေရာတွင် တနင်္ဂနွေနေ့က ကျင်းပခဲ့သည့် အောက်မေ့ဖွယ်နှစ်ပတ်လည်အခမ်းအနားတွင် ကလင်တန်ရော ရီပတ်ဘလီကန် သမ္မတလောင်း ဒေါ်နယ်လ်ထရမ့်ပါ တက်ရောက်ခဲ့ကြသည်။ သို့သော် ကလင်တန်မှာ အခမ်းအနားတစ်ဝက်တစ်ပျက်မှာပင် ကျန်းမာရေးအခြေအနေကြောင့် လှည့်ပြန်ခဲ့ရသည်။

ထွက်ပေါ်လာသည့် ရုပ်သံဗီဒီယိုပြကွက်များတွင် ယိုင်တိုင်တိုင်ဖြစ်သွားသည့် ကလင်တန်ကို ၎င်း၏အကူလက်ထောက်များက ကားဆီသို့ တွဲပို့ခေါ်ဆောင်သွားခဲ့ကြသည်။

ကလင်တန်သည် အပူဒဏ်ကြောင့် ရေဓာတ်ခန်းခြောက်ပြီး မူးလဲသွားခဲ့ခြင်းဖြစ်ကြောင်းနှင့် သမီးဖြစ်သူ ချဲလ်ဆီး၏ တိုက်ခန်းတွင် အနားယူပြီးနောက် ပြန်လည်သက်သာသွားခဲ့ကြောင်း သိရသည်။



ကလင်တန်သည် လွန်ခဲ့သည့်လေးနှစ် နိုင်ငံခြားရေးဝန်ကြီး တာဝန်ထမ်းဆောင်နေစဉ် ကာလကတည်းက သွေးခဲခြင်းနှင့်ပတ်သက်သည့် ဝေဒနာခံစားခဲ့ရသူဖြစ်သည်။

ဒေါ်နယ်လ်ထရန့်က ကလင်တန်သည် ကျန်းမာရေးအခြေအနေအရ အမေရိကန်သမ္မတ တာဝန်ထမ်းဆောင်နိုင်ရန် သံသယရှိရသူဖြစ်သည်ဟု ဝေဖန်သွားခဲ့သည်။ **အင်န်အိတ်ချ်ကေ။**

## ကန်ဒါဟာမြို့ရှိ ဆေးရုံကို စီးနင်းတိုက်ခိုက်သော စစ်သွေးကြွနှစ်ဦးကို အသေဖမ်းဆီး

**ကန်ဒါဟာ စက်တင်ဘာ ၁၂**

အာဖဂန်နစ္စတန်တောင်ပိုင်း ကန်ဒါဟာမြို့ရှိ ဆေးရုံတစ်ရုံကို လက်နက်ကိုင်စစ်သွေးကြွနှစ်ဦးက စက်တင်ဘာ ၁၂ ရက်တွင် စီးနင်းတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း၊ စစ်သွေးကြွနှစ်ဦးအပါအဝင် လူသုံးဦးသေဆုံးကြောင်း ပြည်နယ်ရဲအဖွဲ့ ဒုတိယအကြီးအကဲ ရာမာကူလာ အတ်ရာဖီက ပြောကြားသည်။

စစ်သွေးကြွနှစ်ဦးက ဆေးရုံကို တိုက်ခိုက်ပြီး နှစ်နာရီနီးပါးမျှအကြာတွင် လုံခြုံရေးတပ်ဖွဲ့များက ၎င်းတို့ကို သတ်ဖြတ်နိုင်ခဲ့ကြောင်း၊ မီဟာဝစ်ဆေးရုံ၏ အခြေအနေကို ထိန်းချုပ်ထားနိုင်ခဲ့ကြောင်း အတ်ရာဖီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

လက်နက်စစ်သွေးကြွနှစ်ဦးသည် ကန်ဒါဟာမြို့ရှိ အာဖဂန်အစိုးရပိုင် မီယာဝစ် ဆေးရုံအတွင်းသို့ ခိုးကြောင်ခိုးဝှက် ဝင်ရောက်လာပြီး ဒေသစံတော်ချိန် နံနက် ၁၁ နာရီခန့်တွင် သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ ယင်းနောက် အာဖဂန်အစိုးရ လုံခြုံရေးတပ်ဖွဲ့များနှင့် နှစ်နာရီမျှအကြာ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး စစ်သွေးကြွနှစ်ဦး သေဆုံးသွားကြောင်း၊ ပစ်ခတ်မှု အတွင်း ဆေးရုံတက် လူနာတစ်ဦးသေနတ်ကျည်ဆန်ထိမှန် သေဆုံးပြီး အာဖဂန် လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာအနည်းငယ်ရရှိကြောင်း ရဲအဖွဲ့ကထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။ **ဆင်ဟွာ။**

## မြောက်ကိုရီးယားနိုင်ငံက နောက်ထပ်နျူစမ်းသပ်မှုပြုလုပ်ဖွယ်ရှိဟု တောင်ကိုရီးယားသတိပေး

**ဆိုးလ် စက်တင်ဘာ ၁၂**

စက်တင်ဘာ ၉ ရက်တွင်ဖြစ်ပွားခဲ့သော ပေါက်ကွဲမှုပြီးနောက် မြောက်ကိုရီးယားနိုင်ငံက နောက်ထပ်နျူကလီးယားစမ်းသပ်မှု ပြုလုပ်ဖွယ်ရှိကြောင်း တောင်ကိုရီးယားနိုင်ငံက သတိပေးလျက်ရှိသည်။

မြောက်ကိုရီးယားနိုင်ငံကပထမဆုံးအကြိမ် နျူကလီးယားစမ်းသပ်မှုကို Poongkye-ri စမ်းသပ်ကွင်းရှိ အမှတ်(၁) မြောင်းအတွင်းမှပြုလုပ်ခဲ့ပြီး နျူကလီးယားစမ်းသပ်မှု ငါးကြိမ်ပြုလုပ်ရာတွင် ဒုတိယအကြိမ်ကို အမှတ်(၂) မြောင်းအတွင်းမှပြုလုပ်ခဲ့ကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မွန်းဆန်ဂျွန်က သတင်းထောက်များသို့ ပြောကြားသည်။ နောက်တစ်ကြိမ် နျူကလီးယားစမ်းသပ်မှုပြုလုပ်ပါက စမ်းသပ်မှုပြုလုပ်ရန် အဆင်သင့်ဖြစ်နေသည်ဟု ယုံကြည်ရသော အမှတ်(၂) သို့မဟုတ် အမှတ်(၃) မြောင်းအတွင်းမှပြုလုပ်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နိုင်ငံအရှေ့မြောက်ပိုင်းရှိ Poongkye-ri စမ်းသပ်ကွင်း၌ မြောက်ကိုရီးယားနိုင်ငံက ငါးကြိမ်မြောက် နျူကလီးယားစမ်းသပ်ပြီးသုံးရက်အကြာတွင် မွန်းဆန်ဂျွန်က သတင်းထောက်များကို ထိုသို့ပြောကြားခြင်းဖြစ်သည်။ အဆိုးရွားဆုံးသော အနာဂတ်ဖြစ်နိုင်ခြေတစ်ရပ်အတွက် ကြိုတင်ပြင်ဆင်ရန် ဆောင်ရွက်ချက်များအားလုံးကို တောင်ကိုရီးယားတပ်ဖွဲ့များက လုပ်ဆောင်နေကြောင်း၊ တပ်ဖွဲ့ဝင်များကို တပ်လှန့်ထားပြီး မြောက်ကိုရီးယားနိုင်ငံ၏ လှုပ်ရှားမှုများကို အနီးကပ်စောင့်ကြည့်နေကြောင်း သူကဆိုသည်။

တောင်ကိုရီးယားနိုင်ငံက အောက်တိုဘာ ၁၀ ရက်မှစတင်၍ ကိုရီးယားကျွန်းဆွယ် အနောက်ဘက်ကမ်းလွန်၌ အမေရိကန်ပြည်ထောင်စုနှင့် ခြောက်ရက်ကြာ ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ရန် စီစဉ်နေသည်။ **အင်န်အိတ်ချ်ကေ။**



## ဖိလစ်ပိုင်တောင်ပိုင်းရှိ အမေရိကန် အထူးတပ်ဖွဲ့များ ရုပ်သိမ်းထွက်ခွာပေးရန် သမ္မတဒူတာတေး တိုက်တွန်း

**မနီလာ စက်တင်ဘာ ၁၂**

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းရှိ ကျွန်းများမှ အမေရိကန်အထူးတပ်ဖွဲ့များ ရုပ်သိမ်းထွက်ခွာပေးရန် မိမိလိုလားကြောင်း သမ္မတ ရိုဒရစ်ဂို ဒူတာတေးက စက်တင်ဘာ ၁၂ ရက်တွင် ပြောကြားလိုက်သည်။

အမေရိကန်တပ်ဖွဲ့ဝင်များ စစ်ရေးအရတည်ရှိမှုကြောင့် မွတ်စလင် စစ်သွေးကြွများကို ချေမှုန်းတိုက်ထုတ်သည့် စစ်ဆင်ရေးလုပ်ငန်းများ ရှုပ်ထွေးနိုင်ကြောင်း ဒူတာတေးက မာလာကာနန် နန်းတော်၌ကျင်းပသော အစိုးရအထက်တန်း တာဝန်ရှိသူများ၏ ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားတွင် ပြောကြားသည်။

ဖိလစ်ပိုင်တပ်ဖွဲ့များအား လေ့ကျင့်သင်တန်းပေးနေသော အမေရိကန် အထူးတပ်ဖွဲ့ဝင်များသည် အစ္စလာမ့်စ်နိုင်ငံတော် (အိုင်အက်စ်)အဖွဲ့နှင့် ဆက်နွှယ်မှုရှိသော အဘူဆေယက် သူပုန်အဖွဲ့၏ ပစ်မှတ်များဖြစ်လာကြောင်း၊ သို့ဖြစ်၍ အမေရိကန် အထူးတပ်ဖွဲ့ဝင်များသည် ဖိလစ်ပိုင်တောင်ပိုင်းမှ ရုပ်သိမ်းထွက်ခွာပေးရမည်ဖြစ်ကြောင်း သမ္မတ ဒူတာတေးက ပြောကြားသည်။

မိမိအနေဖြင့် အမေရိကန်ပြည်ထောင်စုနှင့် စိတ်ဝမ်းကွဲမှု မဖြစ်စေလိုကြောင်း၊ သို့ရာတွင် အမေရိကန်အထူးတပ်ဖွဲ့များ ရုပ်သိမ်းထွက်ခွာပေးစေလိုကြောင်း သမ္မတ ဒူတာတေးက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံသည် လွတ်လပ်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးရန် လိုလားကြောင်း၊ အမေရိကန်ပြည်ထောင်စုနှင့် ဆက်ဆံရေးဆွေးနွေးမှုရှိရန်မှာ အရေးကြီးကြောင်း ဒူတာတေးကပြောကြားခဲ့သည်။ သို့ရာတွင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးစစ်ပွဲဆင်နွှဲသူ သမ္မတ ဒူတာတေးအား အမေရိကန်အစိုးရက ဝေဖန်ခဲ့ခြင်းနှင့်ပတ်သက်၍ ၎င်းက ပြင်းထန်စွာ ပြန်လည်ဝေဖန်ခဲ့ရာ တင်းမာမှုများ ဖြစ်ပေါ်ခဲ့ရသည်။

**ရိုက်တာ။**

## ပါရီ၌ အကြမ်းဖက်တိုက်ခိုက်ဖွယ်ရှိသူ ဆယ်ကျော်သက်ရွယ်တစ်ဦးကို ရဲတပ်ဖွဲ့ဖမ်းဆီး

**ပါရီ စက်တင်ဘာ ၁၂**

ပြင်သစ်နိုင်ငံပါရီမြို့၌ အကြမ်းဖက်တိုက်ခိုက်ရန် ပြင်ဆင်ဆောင်ရွက်နေသူအဖြစ် မသင်္ကာရသည့် အသက်(၁၅)နှစ်အရွယ် ယောကျ်ားလေးတစ်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ပြင်သစ်နိုင်ငံ၌ ရက်သတ္တတစ်ပတ်အတွင်း ဒုတိယမြောက် အကြမ်းဖက်တိုက်ခိုက်မည့် အစီအစဉ်တစ်ရပ်ကို ဖော်ထုတ်နိုင်ခြင်းဖြစ်ကြောင်း၊ အစ္စလာမ့်စ်နိုင်ငံတော် (အိုင်အက်စ်) အဖွဲ့နှင့် ဆက်နွှယ်မှုရှိသော အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်ရန် ကြံစည်အားထုတ်မှုများကို ဖော်ထုတ်နိုင်ရန် မိမိတို့ ကြိုးပမ်းလျက်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

စက်တင်ဘာ ၄ ရက်က ပါရီမြို့ရှိ နာမည်ကျော် နော်ထရီဒိန်း ကက်သီဒရယ် ဘုရားကျောင်းအနီးတွင် ဓာတ်ငွေ့အိုးများ တင်ဆောင်ထားသော ကားတစ်စီးကို ရှာဖွေတွေ့ရှိခဲ့ရသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ပြင်သစ်အာဏာပိုင်များက အမျိုးသမီးတစ်ဦးကို စွဲချက်တင်ခဲ့ကြောင်း ရှေ့နေချုပ်ရုံးက ပြောကြားသည်။

ပြင်သစ်နိုင်ငံ မြို့တော်ပါရီရှိ အများပြည်သူများစုဝေးရာ နေရာတစ်နေရာကို တိုက်ခိုက်ရန် စီစဉ်နေသည်ဟု မသင်္ကာရသူ ဆယ်ကျော်သက်ရွယ် လူငယ်လေးကို ပါရီအရှေ့ပိုင်းတွင် စက်တင်ဘာ ၁၀ ရက်က ဖမ်းဆီးခဲ့ကြောင်း၊ ယင်းလူငယ်လေးသည် အိုင်အက်စ်အဖွဲ့နှင့် ဆက်နွှယ်မှုရှိသည်ဟု သင်္ကာမကင်းဖြစ်ရကြောင်း သတင်းတွင် ဖော်ပြသည်။ **ရိုက်တာ။**



# လူသားချင်းစာနာမှု မိုင်းရှင်းလင်းရေးလုပ်ငန်းများကို ဒေသခံပြည်သူလူထုနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၂**
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဆောမဲဆန္ဒနယ်မှ ဦးကျော်တင်၏ ဆောမြို့နယ် မြောက်ပိုင်း နတ်ရဲကျေးရွာတွင် လေယာဉ်ကွင်းတည်ဆောက်ရန် လယ်ယာမြေများ သိမ်းယူခဲ့စဉ်က နစ်နာကြေးအဖြစ် လျော်ကြေးပေးရန်ကျန်ရှိသော တောင်သူဦးရေ ၁၀၁ ဦး၏ ကျန်ရှိဧက ၂၈၇ ဒသမ ၇၂ အား ကာလပေါက်ဈေးနှင့်အညီ နစ်နာကြေးပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က မေးခွန်းပါ မြေနေရာသည် တပ်ပိုင်မြေအတွင်း ပါဝင်ခြင်းမရှိဘဲ တပ်ပိုင်မြေနှင့် ဆက်စပ်လျက်ရှိသည့် မြန်မာ့လေကြောင်းဦးစီးဌာနပိုင် လေယာဉ်ကွင်းမြေနေရာဖြစ်သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ မေးခွန်းပါ တောင်သူ ၁၀၁ ဦး၏ လယ်ယာမြေ ဧရိယာ ၂၈၇ ဒသမ ၇၂ ဧကသည် မြန်မာ့လေကြောင်းဦးစီးဌာနပိုင် လေယာဉ်ကွင်းမြေနေရာဖြစ်ပြီး မြေတန်ဖိုးလျော်ကြေးငွေများ ပေးလျော်နိုင်ရေးအတွက် အဆိုပါဌာနမှ ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဖြေကြားသည်။

နမ္မတူမဲဆန္ဒနယ်မှ ဒေါ်နန်းခမ်းအေး၏ မိုင်းနှင့်ပေါက်ကွဲအားပြင်းသော လက်နက်ခဲယမ်းများ တွင်ကျယ်စွာ အသုံးပြုနေမှုတို့ကြောင့် အပြစ်မဲ့ပြည်သူများနှင့် သက်ရှိများ၏ ဘဝလုံခြုံမှုမရှိဘဲဖြစ်နေခြင်းတို့ကို သက်ဆိုင်ရာမှ မည်သို့ကူညီပေးနေသည်နှင့် အသုံးပြုမှုလျော့နည်းသွားစေရန် မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က မြန်မာနိုင်ငံအတွင်း မြေမြှုပ်မိုင်းနှင့် စစ်ကျန်ပစ္စည်းများကြောင့် ထိခိုက်ခံရပြီး အသက်မသေ ကျန်ရစ်သူများအားကယ်ဆယ်ခြင်း၊ ရှေးဦးသူနာပြုစုခြင်း၊ ခွဲစိတ်ကုသပေးခြင်း၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုတို့အား ကုသပေးခြင်း၊ ခြေတုလက်တုပြုလုပ်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ Victim Assistance အနေဖြင့် ဒေသအလိုက် ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာ့တပ်မတော်အနေဖြင့် မိုင်းများကို အကန့်အသတ်ဖြင့် ထုတ်လုပ်၍ စစ်ဆင်ရေးများတွင် အကန့်အသတ်ဖြင့် အသုံးပြုလျက်ရှိပါကြောင်း၊ စစ်ဆင်ရေးဒေသ ရှေ့တန်းစခန်းများတွင် လုံခြုံရေးအတွက်သာ မိုင်းများအား စနစ်တကျမှတ်ပုံတင်၍အသုံးပြုပြီး စခန်းမှစွန့်ခွာသောအခါ အဆိုပါမိုင်းများကို စနစ်တကျပြန်လည်ဖော်ယူရပါကြောင်း၊ လက်နက်ကိုင် ပဋိပက္ခဒေသများတွင် နိုင်ငံတော်စက်ရုံများ၊ တံတားများနှင့် ဓာတ်အားလိုင်းတာဝါတိုင်များ နှောင့်ယှက်ဖျက်ဆီးမှုမှ ကာကွယ်ရန်အတွက် တပ်အင်အားဖြင့် လုံခြုံရေး


ဒေါ်ခင်သန်းနု



ဦးဦးထွန်းမောင်

မဆောင်ရွက်နိုင်သောနေရာများတွင် အကာအကွယ်မိုင်းများကို စနစ်တကျခင်း၍ ခြံစည်းရိုးခတ်ကာ မိုင်းသတိပေးဆိုင်းဘုတ်များ တပ်ဆင်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ စစ်ဆင်ရေးနယ်မြေအတွင်း မိုင်းထိသော အရပ်သားများကို ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များက စစ်သည်များနှင့်မခြား ကျန်းမာရေးစောင့်ရှောက်မှုများပေးလျက်ရှိပါကြောင်း။

တပ်မတော်အနေဖြင့် လက်နက်ကိုင်သောင်းကျန်းသူများရှိသော ဒေသများရှိ ဒေသခံပြည်သူလူထုမှ လာရောက်သတင်းပို့ပါက စစ်မြေပြင် အင်ဂျင်နီယာစစ်သည်များဖြင့် မိုင်းနှင့် မသက်ာဖွယ်ရာ၊ ပေါက်ကွဲစေတတ်သော ပစ္စည်းများကို အချိန်မရွေးသွားရောက်ရှင်းလင်းပေးခြင်း၊ ၎င်းဒေသများတွင် မိုင်းအန္တရာယ်ကို ကာကွယ်နိုင်ရန်အတွက် တပ်မတော်အနေဖြင့် မိုင်းအသိပညာပေးခြင်းနှင့် မိုင်းအန္တရာယ်ကင်းရှင်းစေရေးအတွက် ဗဟုသုတများ ပြည်သူလူထုမှသိရှိစေရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုအခါ ကရင်ပြည်နယ်အတွင်း သုမွဲထမြစ်ဆုံနှင့် ဖာပွန် - ခေါ်ပုတ် - နတ်တောင်-ဒါးကွင်းဒေသ၌ လူသားချင်းစာနာမှု မိုင်းရှင်းလင်းရေးလုပ်ငန်းများကို ဒေသခံပြည်သူလူထုနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၏ မင်းတုန်းမြို့နယ်အတွင်းရှိ အမှတ်(၄)ရပ်ကွက်တွင် ဖွင့်လှစ်ခဲ့သော ဝင်းသူဇာအရောင်းဆိုင် မြေနေရာအစား မူလပိုင်ရှင်ဖြစ်သော အမှတ်(၄)ရပ်ကွက်သို့ ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက စက်မှုဝန်ကြီးဌာန အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းပိုင် မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် အမှတ်(၄)ရပ်ကွက်ရှိ ဝင်းသူဇာအရောင်းဆိုင်သည် စီးပွားရေးတွက်ခြေကိုက်မှုမရှိသဖြင့် ၂၀၁၁ ခုနှစ် အောက်တိုဘာ ၄ ရက်မှစ၍ အရောင်းဆိုင်ပိတ်သိမ်းထားခဲ့ပါကြောင်း၊ စာကြည့်တိုက်မြေနှင့် အဆောက်အအုံအား မင်းတုန်းမြို့ အမှတ်(၄)ရပ်ကွက်သို့ ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်နှင့် ရပ်မိရပ်ဖ ရှစ်ဦးတို့က ၂၀၁၃ ခုနှစ် ဩဂုတ် ၁၆ ရက်စွဲပါစာဖြင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ တင်ပြခဲ့သောကြောင့် မြေတန်ဖိုးမပါ လက်ရှိအဆောက်အအုံ၏ နှစ်ချုပ်လက်ကျန် တန်ဖိုး ၉၇ ဒသမ ၄၉၂ သိန်းအား နိုင်ငံတော်သို့ပေးသွင်းမည်ဆိုပါက စက်မှုဝန်ကြီးဌာနအနေဖြင့် အဆောက်အအုံအား မင်းတုန်းမြို့ အမှတ်(၄)ရပ်ကွက်သို့ ပြန်လည်လွှဲပြောင်းပေးနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်၏ ပုဏ္ဏားကျွန်းမြို့ စက်မှုဇုန်စီမံကိန်းကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက ပုဏ္ဏားကျွန်းမြို့နယ် စက်မှုဇုန်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လယ်မြေ၊ စားကျက်မြေနှင့် အခြားမြေ စုစုပေါင်း ၁၈၃၃ ဒသမ ၀၅ ဧက သတ်မှတ်ထားပါကြောင်း၊ စက်မှုဇုန်ဧရိယာအတွင်းရှိ မြေသားလမ်း ၃ ဒသမ ၇ မိုင် တည်ဆောက်ရန် ပြည်နယ်အစိုးရအဖွဲ့နှင့် BMIC ဆောက်လုပ်ရေး ကုမ္ပဏီတို့ သဘောတူစာချုပ်ချုပ်ဆိုပြီး မြေလျော်ကြေး ပေးအပ်ပြီးသည့်အပိုင်းကို လုပ်ငန်းစတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာကျောက်ဖြူ အထူးစီးပွားရေးဇုန် ဟိုးလ်ဒင်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ မြေယာလျော်ကြေးပေးအပ်ပြီးသည့်အပိုင်းအား မြေညှိခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန် ပြည်နယ်အစိုးရအဖွဲ့မှ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးနိုင်၏ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် မည်သူမဆို သင်ကြားတတ်မြောက်စေမည့် နည်းပညာသင်တန်းကျောင်းများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက သင်တန်းကျောင်းအသစ်တစ်ခု ဖွင့်လှစ်ရန်အတွက် မြေနေရာနှင့် အဆောက်အအုံ၊ ရေ၊ မီး၊ စသည့် အခြေခံအဆောက်အအုံများလိုအပ်ခြင်း၊ သင်ကြားပေးမည့် ဆရာများနှင့် အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များ ဆောင်ရွက်မည့်ဝန်ထမ်းများလိုအပ်ခြင်း၊ သင်ထောက်ကူပစ္စည်းများ လိုအပ်ခြင်းတို့အပြင် နှစ်စဉ် ဘတ်ဂျက်လျာထားရန် လိုအပ်ခြင်းတို့ကြောင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်း နည်းပညာသင်တန်းကျောင်း ဖွင့်လှစ်ရန် အစီအစဉ်မရှိပါကြောင်း၊ ရွှေ့လျားစက်မှုနှင့် သက်မွေးပညာသင်တန်းများ ဖွင့်လှစ်လိုပါက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**(သတင်းစဉ်)**

# အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၂**
ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၂၉)ရက်မြောက်နေ့တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက “သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်း” ကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုသည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ် ခင်မောင်အေးက “သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်း” နှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အတည်ပြုပေးရန် အဆိုတင်သွင်းသည့်အတွက် လွှတ်တော်၏အဆုံးအဖြတ်ရယူပြီး ယင်းဥပဒေကို ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုခဲ့ခြင်းဖြစ်သည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးညီစိန်၏ “မြို့ပြနှင့်ကျေးလက်ပညာရေးကဏ္ဍ ကွာဟချက်များကို အချိန်မီပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိ” မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေး


ဦးခင်အောင်မြင့်

ကဏ္ဍတွင် ကျောင်းနေအရွယ်ကလေးအားလုံး အရည်အသွေးရှိသော အခြေခံပညာ (Quality Education)ကို မြို့ပြ၊ ကျေးလက်ဒေသအလိုက် ကွာဟချက်မရှိဘဲ သင်ယူခွင့်ရရှိရေး၊ ဒေသအလိုက် ကွာဟချက်နည်းနိုင်သမျှနည်းကာ ကလေးများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးပြည့်ဝရေး၊ အခြေခံပညာကျောင်းအားလုံးတွင် အရည်အသွေးပြည့်ဝသော ဆရာ ဆရာမများ အပြည့်အဝခန့်ထားနိုင်ရေးစသည့် ကိစ္စရပ်များအတွက် ဝန်ကြီးဌာနအနေဖြင့် ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို စနစ်တကျ ဆောင်ရွက်နိုင်ရန် ၂၀၁၂ ခုနှစ် ဩဂုတ်မှစတင်၍ ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း (Comprehensive Education Sector Review–CESR)ကို အဆင့် သုံးဆင့်ဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် နောက်ဆုံးအဆင့်ဖြစ်သော အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် နိုင်ငံတော်၏ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို စနစ်တကျ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန် ရေးဆွဲပြုစုထားသည့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းအရ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ ပထမနှစ်စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါစီမံကိန်းသည် ပညာရေးကဏ္ဍ၏ ကဏ္ဍခွဲအားလုံးကို လွှမ်းခြုံသည့်စီမံကိန်းဖြစ်သည့်အပြင် ဤစီမံကိန်းကို ဆောင်ရွက်ခြင်းအားဖြင့် အခြေခံပညာကဏ္ဍတွင် မြို့ပြနှင့်ကျေးလက်ဒေသ ပညာရေးကွာဟချက်များကို နည်းနိုင်သမျှနည်းပါးစေကာ အဓိကကျသည့် သင်ယူမှုအခွင့်အလမ်းနှင့် ပညာရေးအရည်အသွေးစသည့် နယ်ပယ်နှစ်ရပ်လုံးတွင် သာတူညီမျှမှုကို ရရှိစေမည်ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးခင်အောင်မြင့်၏ “တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာများ သင်ကြားနိုင်ရေးနှင့် တိုင်းရင်းသားစာပေထွန်းကားရေးတို့ကို အထူးစီမံကိန်းချမှတ်၍ စဉ်ဆက်မပြတ်အားပေးမြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း” အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးအောင်မျိုးလတ်က တိုင်းရင်းသားမျိုးနွယ်စုများ စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာသင်ကြားနိုင်ရေး၊ တိုင်းရင်းသားစာပေထွန်းကားရေးတို့နှင့် ဆက်စပ်ပြီး အမှန်တကယ်ဖြေရှင်းရမည့် ပြဿနာသည် နိုင်ငံရေးပြဿနာဖြစ်ပါကြောင်း၊ ယခု လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရသည် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို အထူးဦးစားပေးပြီး အားသွန်ခွန်စိုက်လုပ်ဆောင်လျက်ရှိပါကြောင်း၊

စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကို ကျင့်သုံးဖော်ဆောင်


ဦးအောင်မျိုးလတ်

နိုင်ပါက တိုင်းရင်းသားဒေသများတွင် ပညာရေးမြှင့်တင်မှုအပိုင်း၌ သူ့ပြည်နယ်နှင့်သူ ထိန်းညှိဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားပြည်သူလူထု လိုလားနေသော ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကို ဖော်ဆောင်ပေးခြင်းဖြင့်သာ လုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးညီစိန်က ပညာရေးသည် နိုင်ငံ၏ အကျပ်အတည်း၊ အခက်အခဲများအားလုံးကို ဖြေရှင်းရာအဓိကကျသည့် သော့ချက်တစ်ခုဖြစ်သည်ဟု ပညာရှင်များ၏ ထောက်ပြပြောဆိုလာမှုနှင့်အညီ နိုင်ငံသားတိုင်း မြို့ပြ၊ ကျေးလက်ဒေသများပါမကျန် ပညာတတ်မြောက်စေရန် ပြည်ထောင်စုအစိုးရမှ အထူးစီမံကိန်းများချမှတ်၍ စဉ်ဆက်မပြတ် အားပေးမြှင့်တင်ရန်ဆိုသည့် အဆိုကိုထောက်ခံပါကြောင်း ဆွေးနွေးသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ နော်ခရစ္စထွန်း(ခ) ဒေါက်တာအာကာမိုးက ပညာရေးကဏ္ဍနှင့် လူနေမှုဘဝများကို တစ်ရက်တည်းဖြင့် နေ့ချင်းညချင်း ပြန်လည်တည်ဆောက်၍မရပါကြောင်း၊ အစိုးရသစ်အနေဖြင့် အားနည်းချက်၊ လိုအပ်ချက်များကို သေသေချာချာ လေ့လာသုံးသပ်၊ ဆန်းစစ်ပြီးမှ တိုင်းရင်းသားထုတစ်ရပ်လုံး၏ စည်းလုံးမှုအားဖြင့် စနစ်တကျ ခိုင်ခိုင်မာမာ တည်ဆောက်သွားရမည်ဖြစ်ပါကြောင်း။

တိုင်းရင်းသားထုတစ်ရပ်လုံး၏ စည်းလုံးမှုအားဆိုသည့် ငြိမ်းချမ်းရေးကိုအခြေခံပြီး လှေကားထစ်များကို တစ်ထစ်ချင်းတက်လှမ်းရမည်ဖြစ်ပါကြောင်း၊ အထူးစီမံကိန်းများချမှတ်၍ မနိုင်ဝန်ကို အဆောတလျင်ထမ်းပြီး လှေကားထစ်များကို ကျော်တက်၍ မရပါကြောင်း၊ အစိုးရသစ်အနေဖြင့်လည်း ကွဲ့ကူးရေပါ တစ်ပါတည်း လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပါကြောင်း ဆွေးနွေးသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻**

# လူ့ဒဿန လူ့သဘာဝ လူ့စရိုက်ဘာသာဗေဒစစ်တမ်း

## ကျော်ဝင်းသက်

ဤဘဒ္ဒကမ္ဘာလောကကြီးထဲမှာ တည်မှီရှင်သန်ပေါက်ဖွားလာကြတဲ့ သတ္တဝါတွေအားလုံးဟာ သူ့ဘာသာ သူ့ဓလေ့ထုံးစံ၊ ရေမြေနိုင်ငံဘာသာဗေဒအလိုက် သူ့ဝါသနာစရိုက်ဗီဇ၊ သူ့အမူအကျင့်နှင့်သူ၊ သူ့မိသားစုနှင့်သူ၊ သူ့လူမျိုးနှင့်သူ မွေးဖွားခြင်းကအစ သေဆုံးသည့်တိုင် ကြားကာလဘဝတစ်လျှောက်လုံး လောကဓံနှင့် စစ်ခင်း စီးချင်းထိုးပြီး ရပ်တည်လှုပ်ရှားရုန်းကန်နေကြရသည်ကို ကျွန်ုပ်တို့ကိုယ်တိုင် ပါဝင်ခံစားတွေ့မြင်နေကြရသည်မှာ သဘာဝနိယာမတရားပဲဟု ဖွင့်ပြပြောဆိုရေးသားလိုပါသည်။

အသက်ရှင်သန်ရပ်တည်နေသည့် သတ္တဝါတွေအားလုံးထဲမှာ လူသားတိုင်းသည် အသိဉာဏ်၊ အတတ်ပညာ၊ နည်းစနစ်ပညာရပ်တွေကို အမျိုးမျိုးချဲ့ထွင်စိတ်ကူးပုံဖော်ထုတ်လုပ်၍ မိမိနိုင်ငံအတွက်သာမက အခြားနိုင်ငံဒေသ နေရာအနှံ့အပြားကို ဈေးကွက်စီးပွားရေးအဖြစ် ဝင်ရောက်ထိုးဖောက်နိုင်သည်အထိ တင်ပို့ရောင်းချနေရာယူထားသည်ကို ကျွန်ုပ်တို့လေ့လာသတိထားမိသည်။

အသိဉာဏ်နည်းသော တိရစ္ဆာန်သတ္တဝါတွေပင် ၎င်းတို့သဘာဝဓလေ့ အမူအကျင့်အလိုက် ရှာဖွေစားသောက် ရပ်တည်လှုပ်ရှားနေထိုင်နေကြသည်ကို တွေ့မြင်နေသလို တိရစ္ဆာန်ထက်အရာရာတိုင်းမှာ အသိပညာ၊ အတတ်ပညာ၊ ဉာဏ်ရည်ဉာဏ်သွေး၊ အတွေးအခေါ်အယူအဆ စိတ်ကူးထက်မြက်ရှင်သန်သာလွန်ပြီး လိုရင်လိုသလို ပုံဖော်ထွင်းထုထုတ်လုပ်နိုင်သော ကျွန်ုပ်တို့လူသားတွေရဲ့ နေထိုင်ရပ်တည် ရှာဖွေစားသောက် ရပ်တည်မှုသည်ကား ဆိုနိုင်ဖွယ်ရာမရှိပေ။

ဤနေရာတွင် ကျွန်ုပ်တို့ ဂရုစိုက်သတိထားရမှာက ဉာဏ်အသိတရားတွေနှင့် တွေးခေါ်ယူဆထုတ်လုပ်ခဲ့သော ဝတ္ထုပစ္စည်းတို့သည် လူသားတိုင်းကို အကျိုးပြုခြင်း၊ မပြုခြင်း၊ အဆိပ်အတောက်ကင်းခြင်း၊ မကင်းခြင်းသည် ၎င်းဝတ္ထုပစ္စည်းများကို ထုတ်လုပ်သည့် ကျွန်ုပ်တို့လူသားအားလုံးနှင့် သက်ဆိုင်နေသည်။ လူတို့၏ မူလပထမပင်ကိုသဘာဝစိတ်သည် အတ္တနှင့်တည်ဆောက်ထားသည်မှာ ယုံမှားသံသယဖြစ်စရာလိုမည်မထင်။

ကျွန်ုပ်တို့ဗမာလူမျိုး၊ ဗုဒ္ဓဘာသာဝင် မြန်မာတိုင်းရင်းသားအားလုံး ယုံကြည်ကိုးကွယ် ပူဇော်ဆည်းကပ်ကန်တော့လျက်ရှိသော မြတ်ဗုဒ္ဓသည် အတ္တဝါဒကို အခြေခံထားသည်။ အတ္တကိုခြေခြေမြစ်မြစ် နှစ်နှစ်ကာကာနားလည်သဘောပေါက်ထားပါမှ နိဗ္ဗာန်မင်္ဂဖိုလ်ကို ဆိုက်ရောက်ပို့ဆောင်နိုင်သော အနတ္တတရားကို ရှုမြင်သုံးသပ်ကျင့်ကြံပွားများ နှလုံးသွင်းနိုင်မည်ဟု မြတ်ဗုဒ္ဓကဟောပြောညွှန်ပြ သွန်သင်ဆုံးမတော်မူထားပါသည်။ မည်သူတစ်ဦးတစ်ယောက်မျှ အမိဝမ်းမှာ ပဋိသန္ဓေနေပြီး မွေးဖွားလာခြင်း အနတ္တကို ကိုင်ဆုပ် မွေးဖွားနှလုံးသွင်းမလာခဲ့ပါ။ "အုဝဲ" ဟူသောအသံကို ဟစ်ကြွေးမြည်တမ်းငိုယိုပြီး လောဘ၊ ဒေါသ၊ မောဟစိတ်တို့ ငြိတွယ် ကပ်ပါရှင်သန်မွေးဖွားပြီး လူ့လောကထဲကို ခြေချနေရာ ယူရောက်ရှိလာခဲ့ကြသည်ဟု ကျွန်ုပ်တို့နားလည်သဘောပေါက်ထားမိသည်။

"ရွှေပင်နားတော့ ရွှေကျေး၊ ကိုင်းပင်နားတော့ ပေါက်ဖတ်"ဟု ကြားထားခဲ့ဖူးသောစကားအရ အတိတ်ကံကပစ်ချလိုက်သော တစ်နည်းအားဖြင့် မိမိတို့လုပ်ဆောင်ခဲ့သော စေတနာကံအလုပ် အကြောင်းတရားတို့ကို အခြေခံ၍ လက်ရှိပစ္စုပ္ပန် မျက်မှောက်ကာလဘဝမှာ အကျိုးတရားအဖြစ်ရရှိလာသော ကံအနိမ့်အမြင့်ကို ခွဲခြားသတ်မှတ်ပြီး ဆင်းရဲချမ်းသာ၊ လူလိမ္မာလူမိုက်၊ လူမည်းလူဖြူ ဘာသာဗေဒဓလေ့စရိုက်၊ အမူအကျင့်တွေခြားနားကွဲပြားခဲ့သည်ဟု ကျွန်ုပ်လက်ခံယုံကြည်မိပါသည်။

ငယ်စဉ်ကာလ လောကကြီးအကြောင်းကို ဘာမှနားမလည်သေးသော ကလေးဘဝအစမှာ မွေးမိခင်၊ ကျွေးဖခင် မိဘနှစ်ပါး၊ ဆွေမျိုးသားချင်း၊ အိမ်အနီးအနားပတ်ဝန်းကျင်တို့၏အရိပ်မှာ လူးလွန့်ရှင်သန်ရပ်တည်နေထိုင်ရင်း တစ်စတစ်စရှင်သန်ကြီးထွားလာခဲ့ချိန်တွင် အသိပညာ၊ အတတ်ပညာ၊ နည်းပညာရပ်တွေကို လေ့လာဆည်းပူးနည်းနာခံယူသင်ကြားတတ်မြောက်လာခဲ့သလို မိမိကျင်လည်သည့် ပတ်ဝန်းကျင်ဒေသ ဓလေ့ဘာသာရပ်အလိုက် ကောင်းခြင်း၊ မကောင်းခြင်း၊ ယဉ်ကျေးလိမ္မာ၊ ဆိုးမိုက်စရိုက် အထွေထွေနည်းပညာမျိုးစုံတို့ကိုလည်း လေ့ကျင့်မှတ်သားခံယူကျင့်သုံး တည်ဆောက်နိုင်ခဲ့ကြသည်။

ဤနေရာတွင် တစ်ဖက်သတ်ဆန်သော၊ တစ်ကိုယ်ကောင်းဆန်သော အတ္တဝါဒစိတ်ကို အသိတရားနှင့် သတိထားထိန်းချုပ်ထားနိုင်ဖို့လိုပေသည်။ ထိုသို့ငါကောင်းစားဖို့၊ ငါ့မိသားစု၊ ငါ့အသိုင်းအဝိုင်းကောင်းစားဖို့ဆိုသော အတ္တဝါဒကို မွေးဖွားခြင်းမှ သေခြင်းတရားသို့တိုင် ကိုင်ဆုပ်ရှင်သန်ရပ်တည်ဖြတ်သန်းနေထိုင်သွားနေမည်ဆိုပါက မြတ်ဗုဒ္ဓအလိုရှိတော်မူသော နိဗ္ဗာန်လမ်းပြ၏အဓိကပစ်မှတ်ဖြစ်သော အနတ္တတရားကိုရှာဖွေတွေ့ရှိသွားလိမ့်မည်မဟုတ်ပေ။ ထိုသို့ဆိုလျှင် ကျွန်ုပ်တို့သည် လူသားစင်စစ်ဖြစ်ပါလျက် တိရစ္ဆာန်ထက် ရက်စက်ရိုင်းစိုင်းသောလူစာရင်းထဲမှာ မုချပါဝင်နေပြီဖြစ်သည်။

လူဟုခေါ်တွင်ပညတ်သတ်မှတ်သမုတ်ထားသည့် မနုဿပုဂ္ဂိုလ်တို့သည် ဆင်ခြင်တုံတရားအသိနှင့် သတိထားသည့်ကြားမှာပင် ပြဿနာများစွာက ဝန်းရံမင်းမူနေကြသည်။ တချို့ပြဿနာများက ဖြေရှင်းရလွယ်ကူသော်လည်း ပြဿနာတချို့ကမူ ဖြေရှင်းယူလို့မရလောက်အောင် ရှုပ်ထွေးလျက်ရှိသည်။ ထိုပြဿနာများကို ပေါ်ပေါက်အောင်မီးမွှေးဖန်တီးခဲ့သူများကို ပြဆိုဖော်ထုတ်ရလျှင် ကျွန်ုပ်တို့လူသားတွေပဲဖြစ်သည်။ ဤသတ္တလောကကမ္ဘာကြီးအတွင်းမှာ လူသားအချင်းချင်းညာတာထောက်ထားသနားကြင်နာ ရိုင်းပင်းကူညီတတ်သည့်သူတွေရှိသလို တစ်ဦးနှင့်တစ်ဦး၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ မာန်စောင်ရန်ထောင် တွန်းတိုက်ကဲ့ရဲ့အပြစ်တင် ခလောက်ဆန်ပြီး ပြဿနာကို မဖြစ်ဖြစ်အောင်၊ သေးငယ်သည့်ပြဿနာကို ကြီးထွားအောင် ပြဿနာများစွာလုပ်ကြံဖန်တီးမီးထွန်းရှာနေတဲ့သူတွေက ဒုနှင့်ဒေးရှိနေကြသည်။

မိသားစု လူမှုရေးပြဿနာ၊ အလုပ်အကိုင်ပြဿနာ၊ ငွေကြေးအပေးအယူပြဿနာ၊ အချစ်ရေးပြဿနာ၊ အိမ်ထောင်ရေးပြဿနာ၊ စားဝတ်နေရေးပြဿနာ အစရှိသော ပြဿနာပေါင်းများစွာတို့သည် လူမျိုးအသီးသီး၊ နေရာအသီးသီး၊ နိုင်ငံအသီးသီးတို့တွင် အနည်းနှင့်အများဖြစ်တည်ရှင်သန်နေလျက်ရှိသည်။

"အမှိုက်ကစ ပြာသာဒ်မီးလောင်" "မီးလောင်ရာလေပင့်" ဆိုသလို ပြဿနာတစ်ခုက ဖြေရှင်းလို့မပြီးသေး၊ နောက်ပြဿနာတစ်ခုက ထပ်ဖြစ်နေသည်။ ယနေ့ကမ္ဘာပေါ်မှာ တစ်နိုင်ငံနှင့်တစ်နိုင်ငံ မလိုမုန်းထားရန်ငြိုးပွားပြီး တိုက်ခိုက်ဖြေရှင်းနေသည့် ပြည်တွင်း ပြည်ပ ပဋိပက္ခစစ်မက်ရေးရာတို့သည် နိုင်ငံရေးကို အခြေခံထားပြီးဖြစ်နေသည့် နိုင်ငံရေးပြဿနာများဟု ကျွန်ုပ်နားလည်သဘောပေါက်ထားမိသည်။ ထိုပြဿနာများစွာတို့သည် အတ္တနှင့် တည်ဆောက်ရပ်တည်နေသည့် လူသားတွေထဲကပဲ ပေါ်ပေါက်ဖြစ်ထွန်းနေလျက်ရှိသည်မှာ လယ်ပြင်တွင် ဆင်သွားသလိုထင်ရှားနေပါသည်။

ကျွန်ုပ်တို့နေထိုင်သော ဤသတ္တလောကကြီးထဲက လူတချို့သည် တစ်ဦးနှင့်တစ်ဦး အထင်သေးခြင်း၊ အမြင်မှားခြင်း၊ အတွေးအခေါ်အယူအဆ သဘောထားကွဲလွဲခြင်း၊ ပေးဆပ်ခြင်းထက် ရယူလိုမှုလောဘစိတ်တွေကြီးမားနေခြင်း၊ မိမိပိုင်ဆိုင်ရယူထားသည့်နေရာနှင့် မတင်းတိမ် မရောင့်ရဲ၊ အများနေထိုင်ပိုင်ဆိုင်ရရှိထားသောနေရာတို့ကို ကျူးကျော်သိမ်းပိုက်နယ်ချဲ့ပုတ်ခတ်တွန်းတိုက်နေသမျှကာလပတ်လုံး မေတ္တာဓာတ်တွေခန်းခြောက်နေသမျှ ငြိမ်းချမ်းရေးရဲ့အသီးအပွင့်တွေ ခူးဆွတ်ရယူပိုင်ဆိုင်နိုင်မည်မဟုတ်ပေ။

တချို့နိုင်ငံတွေဟာ စစ်မက်ရေးရာကို ကြီးထွားစေမည့် လက်နက်ခဲယမ်းမီးကျောက်တွေကို ထုတ်လုပ်ရောင်းချသလို တချို့နိုင်ငံတွေက အလုအယက်ပြိုင်ပြီး ခဏခဏ ဝယ်ယူရမည့် ဈေးကွက်ချဲ့ထွင်၊ ကုန်ပစ္စည်းတွေကို တင်ပို့ဖြန့်ချိထုတ်လုပ်ရောင်းချသော ဈေးကစားနည်းဖြင့် တိုက်ခိုက်သော ဈေးကွက်ဗျူဟာနည်းပညာစားကုန်သောက်ကုန်ပစ္စည်းများက နိုင်ငံဒေသနေရာအသီးသီးမှာ နေရာယူထားသည်။

ထိုအရာအားလုံးကို ဖန်တီးပုံဖော်ထုတ်လုပ်ရောင်းဝယ်ဖောက်ကားနေကြတာကလည်း ကျွန်ုပ်တို့လူသားတွေပဲ ဖြစ်သည်။ လူတို့သည် မိမိနှင့်အဆင်ပြေလျှင် အမြဲချီသည်။ မိမိနှင့်အဆင်မပြေလျှင် တစ်ဖက်သားက ဘယ်လောက်ချီချီ ခါးပစ်လိုက်သည်။ တစ်ဦးကိုတစ်ဦး ညစ်ပတ်လှည့်ဖြားနေကြတာလည်း ကျွန်ုပ်တို့လူတွေပင်ဖြစ်သည်။

လူရယ်လို့ဖြစ်လာလျှင် တစ်ကိုယ်ကောင်းဆန်သော ယုတ်ညံ့တဲ့အတ္တစိတ်ကိုပယ်ဖျောက်၍ တစ်ဦးထက်ပိုသော အများနှင့်သက်ဆိုင်သော ပရဟိတကိုယ်ကျိုးမဲ့ အတ္တစိတ်ဓာတ်ထက် သာလွန်မြင့်မြတ်သော အများကောင်းကျိုးကို ရွက်သယ်ပိုးနိုင်သည့် မြင့်မြတ်သောစိတ်ဓာတ်ကောင်းတွေကို လေ့ကျင့်မွေးမြူထားသင့်ပေသည်။

စကားလုံးကြမ်းကြမ်းနှင့်နှိုင်းပြရလျှင် လူသည် တစ်ဘို့ထဲထားလျှင် တစ်ကိုယ်ကောင်းအတ္တစိတ် ကြီးမားလွန်းလျှင် ထိုလူကို ကျွန်ုပ်တို့သည် လူ့တိရစ္ဆာန်ဟုသတ်မှတ်ခေါ်ဆိုရပေတော့မည်။ ဤကမ္ဘာလောကကြီးအတွင်းမှာ လူအမျိုးမျိုး စိတ်အဖုံဖုံရောယှက်နေသလို လူရိုးလူကောင်း၊ လူယဉ်ကျေး၊ လူလိမ္မာ၊ လူတော်တွေရှိသလို လူရမ်းကား၊ လူမိုက်၊ လူတေလေ၊ လူ့ဂျပိုး၊ သူခိုး၊ ဓားပြ၊ လူ့အမှိုက်များစွာတို့သည်လည်း နေရာအသီးသီး၊ နိုင်ငံအသီးသီးအတွင်းမှာ ရောယှက်နေထိုင်လျက်ရှိနေကြမည်မှာ သေချာသည်။ သည်နေရာတွင် တစ်ခုသတိပေးစကားအဖြစ် ပြောဆိုဖွင့်ပြရလျှင် ဤလူ့လောကကြီးထဲကို ကျွန်ုပ်တို့တစ်တွေအားလုံးဟာ ခေတ္တခဏအခိုက်အတန့်ကလေး အလည်လာကြသော "ဧည့်သည်တွေပဲ" ဆိုတာကို နားလည်သဘောပေါက်မှတ်သားသိရှိထားဖို့ လိုပေသည်။

ထို့ပြင် ကျွန်ုပ်တို့သည် ဘာတစ်ခုမျှမမြဲသောလောကနိယာမတရားကို ကိုင်ဆုပ်ထားပြီး သေခြင်းတရား၏ အခြားတစ်ဖက် ဝိမုတ္တိနယ်နိမိတ်သံသရာလွတ်လမ်း တစ်ဖက်ကမ်းသို့မရောက်မီ ကျင်လည်ရှင်သန်ရပ်တည်ရဦးမည့် ဘဝသစ်တွေအတွက် မည်သို့သော ကုသိုလ်ကောင်းမှုရိက္ခာ ထုပ်တွေသယ်ဆောင်ယူငင်သွားမလဲ၊ မသေခင်စပ်ကြား လက်ရှိရောက်နေသည့် မျက်မှောက်ပစ္စုပ္ပန်ဘဝ ရှင်သန်ရပ်တည်ဆဲကာလမှာ မိမိရပ်ရွာ၊ ကျေးလက်၊ မြို့ပြ၊ နိုင်ငံအတွက် ဘယ်လိုကောင်းကျိုးတွေ ဆောင်ရွက်လုပ်ကိုင်ပြီး ဘာတွေစံထားချန်ခဲ့ကျန်ခဲ့စေမလဲဆိုတာကို ကောင်းစွာ သတိပြုနိုင်ဖို့လိုပါလိမ့်မည်။

> **ကျွန်ုပ်တို့သည် ဘာတစ်ခုမျှမမြဲသောလောကနိယာမတရားကို ကိုင်ဆုပ်ထားပြီး သေခြင်းတရား၏ အခြားတစ်ဖက် ဝိမုတ္တိနယ်နိမိတ် သံသရာလွတ်လမ်း တစ်ဖက်ကမ်းသို့မရောက်မီ ကျင်လည်ရှင်သန်ရပ်တည်ရဦးမည့် ဘဝသစ်တွေအတွက် မည်သို့သော ကုသိုလ်ကောင်းမှုရိက္ခာထုပ်တွေ သယ်ဆောင်ယူငင်သွားမလဲ၊ မသေခင်စပ်ကြား လက်ရှိရောက်နေသည့် မျက်မှောက်ပစ္စုပ္ပန်ဘဝ ရှင်သန်ရပ်တည်ဆဲကာလမှာ မိမိရပ်ရွာ၊ ကျေးလက်၊ မြို့ပြ၊ နိုင်ငံအတွက် ဘယ်လိုကောင်းကျိုးတွေ ဆောင်ရွက်လုပ်ကိုင်ပြီး ဘာတွေစံထားချန်ခဲ့ကျန်ခဲ့စေမလဲဆိုတာကို ကောင်းစွာ သတိပြုနိုင်ဖို့လိုပါလိမ့်မည်။**

နိုင်ငံကောင်းအောင်၊ တိုင်းပြည်ကောင်းအောင်၊ အများကောင်းအောင်လုပ်မည်ဟု နှုတ်ကကြွေးကြော်မြည်ကျူးနေတာထက် မိမိကိုယ်ကိုကောင်းအောင်၊ မိမိ မိသားစုကောင်းအောင်၊ မိမိနေထိုင်သည့်ပတ်ဝန်းကျင်ကောင်းအောင်၊ မိမိမြို့ပြကျေးရွာရပ်ကွက်ကောင်းအောင်ဆောင်ရွက်လုပ်ကိုင်နေထိုင်ပြခြင်းက ပိုကောင်းလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်သဘောပေါက်ထားမိသည်။ တစ်ဦးချင်း တစ်ယောက်ချင်းကောင်းခြင်းမှသည် အများပေါင်းစုံအကြောင်းပြု၍ ရပ်အကျိုး၊ ရွာအကျိုး၊ မြို့ပြအကျိုး၊ နိုင်ငံအကျိုး ကောင်းကျိုးများစွာကို တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်မား တိုးတက်ကြီးစားဆောင်ရွက်လုပ်ကိုင် အောင်မြင်နိုင်လိမ့်မည်ဟု ကျွန်ုပ်ခံယူနားလည်ထားမိသည်။

ကျွန်ုပ်အနေဖြင့် ဤဆောင်းပါးကို အစ၊ အလယ်၊ အဆုံး စစ်ထုတ်၍ အနှစ်ချုပ်နိဂုံးကမ္ပတ်အဆုံးသတ်ဖွင့်ဆိုဖော်ထုတ်တင်ပြရမည်ဆိုပါလျှင် လောဘနှင့်ဆန့်ကျင်သောအလောဘ၊ ဒေါသနှင့်ဆန့်ကျင်သော အဒေါသ၊ မောဟနှင့်ဆန့်ကျင်သော အမောဟ၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာစသော ဗြဟ္မစိုရ်တရားတွေကို လူတိုင်းကိုယ်စီကျင့်သုံးနေထိုင်လာနိုင်သည့် တစ်နေ့ကမ္ဘာလောကကြီးအေးချမ်းသာယာဝပြော စိုပြည်လှပနေမည်ဟု ခံစားနားလည်ယုံကြည်ရင်း ကျွန်ုပ်ကိုယ်ပိုင်တွေးခေါ်ယူဆထုဆစ်ပုံဖော်ရေးသားပါရှိခဲ့သည့် မိမိမူပိုင်ဒဿနစာသားစကားလုံးအချို့ကို အမှတ်တရတီးတိုးရေရွတ်လိုက်မိပါသည်။

"လူဆိုသည်မှာ. . ."

ချစ်ခြင်း၊ ခင်ခြင်း၊သနားခြင်း၊ ကြင်နာခြင်း၊ ပြုံးခြင်း၊ ရယ်ခြင်း၊ စာနာထောက်ထားတတ်ခြင်းတွေ ရှိသလို ကွေ့ခြင်း၊ ကောက်ခြင်း၊ လှည့်ခြင်း၊ ပတ်ခြင်း၊ မုန်းခြင်း၊ ရက်စက်ခြင်း၊ တွန်းခြင်း၊ တိုက်ခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်း၊ ဖျက်ဆီးခြင်း၊ ဖောက်ပြန်ခြင်း၊ ပျက်စီးခြင်း၊ ပူးခြင်း၊ ကပ်ခြင်း၊ ခွာခြင်း၊ အပုပ်ချခြင်း၊ ခလောက်ဆန်ခြင်း၊ . . အဲဒီမာယာအတတ်တွေ ရှိတာလူပါပဲ။

**(ဤကမ္ဘာလောကကြီးမှာ ကိုယ်ကျင့်တရားကောင်းမွန်သော လူတော်လူကောင်း၊ လူရည်ချွန်များစွာပေါ်ပေါက်၍ သာယာစိုပြည်လှပသော အေးချမ်းငြိမ်းချမ်းတိုးတက်အောင်မြင်သောဘဝတွေ တည်ဆောက်နိုင်ကြပါစေ။)**

## တွန်းဇန်မြို့ပေါ်တွင် ရေထုတ်ပြွန်များ ဆောင်ရွက်လျက်ရှိ

**တွန်းဇန် စက်တင်ဘာ ၁၂။** ။ချင်းပြည်နယ် တွန်းဇန်မြို့နှင့် ကျီခါးမြို့တို့တွင် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ မြို့တွင်းသန့်ရှင်းသာယာလှပရေး၊ မြို့တွင်း ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် တွန်းဇန်မြို့ စည်ပင်သာယာရေးအဖွဲ့က လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

တွန်းဇန်မြို့တွင်း၌ သံကူကွန်ကရစ်ရေပြွန် ရှစ်ခု၊ ကျောက်စီရေမြောင်းပေ ၄၀၀ တစ်ခု၊ ကျောက်စီမြေထိန်းနံရံ (၅၀×၃×၃) ပေ တစ်ခုနှင့် ကျီခါးမြို့တွင်း၌ သံကူကွန်ကရစ်ရေပြွန် ငါးခုတို့ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေ ကျပ်သန်းပေါင်း ၅၇ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝေဖြိုး (IPRD)**

# အာရှဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေဖြင့် အလယ်တန်းနှင့် အထက်တန်း၊ နည်းပညာနှင့် သက်မွေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်သွားမည်

**နေပြည်တော် စက်တင်ဘာ ၁၂**

ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၂ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတဦးထင်ကျော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ မွန်ဂိုလီးယား နိုင်ငံ အူလန်ဘာတာမြို့၌ ကျင်းပသည့် (၁၁)ကြိမ်မြောက် အာရှ-ဥရောပ(အေဆမ်) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ခရီးစဉ်မှတ်တမ်းသဝဏ်လွှာကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့အပြင် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏လိုငွေအား ဖြည့်ဆည်းရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးငွေရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ဖြစ်ပေါ်လာမည့် ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေအတွက် စုစုပေါင်းငွေကျပ် ဘီလီယံ ၃၀၉၀ ကို ဖြည့်ဆည်းပေးရန်လိုကြောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ/အသုံးဆိုင်ရာဥပဒေအရ ခန့်မှန်းထားပါကြောင်း၊ ယင်းသို့ လိုငွေဖြည့်ဆည်းရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အစိုးရငွေတိုက်လက်မှတ်များ ဝယ်ယူခြင်းဖြင့် ကျပ် ၁၂၃၆ ဘီလီယံ၊ အစိုးရငွေတိုက်လက်မှတ်များ လေလံစနစ်ဖြင့်ရောင်းချခြင်းဖြင့် ငွေကျပ် ၉၂၇ ဘီလီယံ၊ အစိုးရငွေတိုက်စာချုပ်များ လေလံစနစ်ဖြင့် ရောင်းချခြင်းဖြင့် ငွေကျပ် ၉၂၇ ဘီလီယံ ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

အလားတူ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက နှစ်စဉ်ဘတ်ဂျက်လိုငွေ အပေါ်အခြေခံ၍ ပြည်ထောင်စု၏ဘဏ္ဍာငွေ အရ/အသုံးဆိုင်ရာဥပဒေတွင် ပြည်ထောင်စုအစိုးရအဖွဲ့က ငွေချေးယူနိုင်သည့်ပမာဏကို သတ်မှတ်ပါကြောင်း၊ ယင်းပမာဏတွင် ပြည်တွင်းပြည်ပချေးငွေများပါဝင်ကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဘတ်ဂျက်လိုငွေ ကျပ် ၃၇၅၃ ဘီလီယံ အပေါ်အခြေခံ၍ ငွေချေးယူနိုင်သည့်ပမာဏအား ကျပ်သန်းပေါင်းလေးဆယ့်ငါးသိန်းထက် မပိုစေရဟု သတ်မှတ်ခဲ့ပါကြောင်း၊ အစိုးရအနေဖြင့် ဗဟိုဘဏ်ထံမှ ငွေချေးယူရခြင်းသည် အဓိကအားဖြင့် အစိုးရ၏ငွေစာရင်းထိန်းသိမ်းမှုစနစ် (Government Accounting System)အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ ပြည်ထောင်စုအစိုးရ၏ အပ်ငွေစာရင်း (Union Government Deposit Account)တွင် ဖြစ်ပေါ်သည့် လိုငွေအပေါ်မူတည်၍ ချေးယူခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းချေးငွေနှင့်စပ်လျဉ်း၍ လွှတ်တော်၏အတည်ပြုချက်ရယူရာ လွှတ်တော်က အတည်ပြုခဲ့သည်။

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က ပြုစုတင်ပြသည့် တရားဥပဒေစိုးမိုးရေး (The Rule of the law)၏အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဦးစားပေးပြဋ္ဌာန်းပေးသင့်သည့်ဥပဒေများ စိစစ်တွေ့ရှိချက်တို့နှင့် စပ်လျဉ်း၍ ဒုတိယဥက္ကဋ္ဌ ဦးကိုကိုနိုင်က တည်ဆဲဥပဒေများသည် ခေတ်အဆက်ဆက် ရေးဆွဲပြဋ္ဌာန်းခဲ့ကြသည့်အလျောက် ပြဋ္ဌာန်းခဲ့သည့်ခေတ်၊ စနစ်၊ ကာလ၊ အစိုးရတို့ကို အထောက်အကူပြု အကာအကွယ်ပေးခဲ့သည့်ဥပဒေများလည်းရှိပါကြောင်း၊ ၎င်းဥပဒေများသည် လက်ရှိကျင့်သုံးနေသည့် ခေတ်၊ စနစ်၊ ကာလနှင့် ဆီလျော်မှု၊ ညီညွတ်မှု၊ အကောင်အထည်ဖော်နိုင်မှု ရှိ၊ မရှိတို့ကို လေ့လာဆန်းစစ်သုံးသပ်၍ ရုပ်သိမ်းခြင်း၊ ပြင်ဆင်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်မှသာ ပြုပြင်ပြောင်းလဲရေး မြန်ဆန်ထိရောက်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြရာ ယင်းအစီရင်ခံစာကို လွှတ်တော်က မှတ်တမ်းတင်သည်။

ပြည်ထောင်စုအစိုးရမှပေးပို့သည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အမျိုးသားစီမံကိန်းဆောင်ရွက်မှု နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မြန်မာနိုင်ငံ တစ်မျိုးသားလုံး၏ စီးပွားရေးနှင့်ပတ်သက်၍ ချမှတ်ထားသည့် မူဝါဒများ၊ ထားရှိသည့် ဦးစားပေးအစီအစဉ်များ၊ စီးပွားရေးအဆောက်အအုံပြောင်းလဲရန် ဦးတည်ချက်များ၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာများကို အစီရင်ခံတင်ပြထားသော ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဆောင်ရွက်မှု နှစ်ပတ်လည်အစီရင်ခံစာကို လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ပြည်ထောင်စု ဘဏ္ဍာငွေ အရ/အသုံးဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းများ၏ ပြုပြင်ပြီး ခန့်မှန်းခြေအပေါ် စုစုပေါင်း ယာယီရငွေ၊ သုံးငွေ နှစ်ပတ်လည်အကောင်အထည်ဖော်နိုင်မှုအခြေအနေမှာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ပတ်လည်အတွက် ယာယီအမှန်စာရင်းအရ စုစုပေါင်းရငွေသည် ပြုပြင်ပြီးခန့်မှန်းခြေ၏ ၉၁ ဒသမ ၁၄ ရာခိုင်နှုန်းဖြစ်ပြီး ယေဘုယျအားဖြင့် ပြုပြင်ပြီး ခန့်မှန်းခြေလျာထားချက်ကိုပြည့်မီရန် အနည်းငယ်လိုအပ်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ စုစုပေါင်းသုံးငွေအပိုင်း၌ ပြုပြင်ပြီးခန့်မှန်းခြေ၏ ၉၀ ဒသမ ၃၁ ရာခိုင်နှုန်းဖြစ်သဖြင့် လျာထားချက်ထက် အနည်းငယ်လျော့နည်းသုံးစွဲခဲ့သည်ကို တွေ့ရှိရပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းအစီရင်ခံစာများနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာသုံးသပ်ချက် အစီရင်ခံစာများကို ရှင်းလင်းတင်ပြကြပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းပေးပို့နိုင်ကြောင်း ကြေညာသည်။

နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီတို့ထံမှ ချေးငွေရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ရှင်းလင်းတင်ပြခဲ့ကြသည်။

ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ရေသွင်းစိုက်ပျိုးမှုဧရိယာအပါအဝင် လယ်ယာကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (Irrigated Agriculture Inclusive Development Project)ကို ဆောင်ရွက်ခြင်းအားဖြင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်အား အထောက်အကူဖြစ်စေမည့် စီမံကိန်းတစ်ခုဖြစ်ပါသဖြင့် စီမံကိန်းအား အကောင်အထည်ဖော်နိုင်ရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီတို့မှ ချေးယူမည့် ချေးငွေအား ခွင့်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးဝန်ကြီးဌာနအတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ ချေးယူမည့် ချေးငွေဖြင့် မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍတစ်ခုလုံး ပြုပြင်ပြောင်းလဲရေးအတွက် ရေးဆွဲထားသည့် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁ ကို အကောင်အထည်ဖော်ရာတွင် အဓိကနယ်ပယ်နှစ်ရပ်ဖြစ်သည့် အလယ်တန်းနှင့် အထက်တန်းပညာရေးကဏ္ဍနှင့် နည်းပညာနှင့်သက်မွေးပညာရေးနှင့်လေ့ကျင့်ရေးကဏ္ဍတို့အတွက် ဆောင်ရွက်ရန်ရှိသည့် စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ပညာရေးကဏ္ဍအတွက် ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာနအတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ ချေးယူမည့် ချေးငွေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့တွင် GMS Health Security Project အား ဒေါ်လာ ၁၂၅ သန်းဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ မှ ၂၀၂၁ ခုနှစ်အထိ လုပ်ငန်းဆောင်ရွက်မည်ဖြစ်ရာ မြန်မာနိုင်ငံအတွက် ချေးငွေဒေါ်လာ ၁၂ သန်းဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့ရှိ မြို့နယ် ၁၂ မြို့နယ်အား စီမံချက်မြို့နယ်များအဖြစ် လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ ကျန်းမာရေးပြဋ္ဌာန်းချက် (International Health Regulation,2005)၊ Asia Pacific Strategy for Emerging Infectious Diseases နှင့် အညီ ကူးစက်မြန်ရောဂါများ တုံ့ပြန်ခြင်းလုပ်ငန်းများကို အထူးသဖြင့် နယ်စပ်ဖြတ်ကျော်ကူးစက်ရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများအား GMS ဒေသတွင်းနိုင်ငံများနှင့်အတူ ပိုမိုထိရောက်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ GMS ဒေသတွင်းနိုင်ငံများတွင် အထူးစီးပွားရေးဇုန်များ၊ နယ်စပ်ဖြတ်ကျော် ဝင်၊ ထွက်ဂိတ်များတွင် ကျန်းမာရေးလုပ်ငန်းများအား နိုင်ငံတကာစံနှုန်းများနှင့်အညီ လုပ်ငန်းများဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ စီမံချက်ဒေသများရှိ ဆေးရုံများတွင် ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်း (Infection Prevention and Control)၊ ဓာတ်ခွဲခန်းအဆင့်မြှင့်တင်ခြင်းနှင့် ဇီဝလုံခြုံမှုလုပ်ငန်းများ (Biosafety)အား ပိုမိုအားဖြည့်ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ နယ်စပ်ဒေသများရှိတိုင်းရင်းသားများနှင့် ရွှေ့ပြောင်းအလုပ်သမားများအစရှိသည့် ထိခိုက်လွယ်သော လူအုပ်စုများအတွက် ကူးစက်ရောဂါကုသရေးနှင့် ကာကွယ်ရေးလုပ်ငန်းများအား ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ အခြား GMS အဖွဲ့ဝင်နိုင်ငံများတွင်လည်း အဆိုပါစီမံချက်အားတစ်ပြိုင်တည်း အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် မဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများနှင့် ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ကျင်းပစဉ်။

**❊ စာမျက်နှာ ၅ မှ**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက အပြီးသတ်ရေးဆွဲလျက်ရှိသော အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းတွင် တိုင်းရင်းသားဘာသာစကားများကို အလေးအနက်ထား၍ အမျိုးသားပညာရေးဥပဒေနှင့်အညီ အရှိန်အဟုန်မြှင့်တင် ပူးပေါင်းဆောင်ရွက်ရန် ပြုစုရေးဆွဲထားပြီး ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်၏ အဓိကရည်ရွယ်ချက်သည် နိုင်ငံတော်ရှိ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များ၏ အနှစ်သာရများကို ထောက်ပံ့မြှင့်တင်ပေးနိုင်ရန် ဖြစ်ပါကြောင်း။

ထိုလုပ်ငန်းများကို ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာနအနေဖြင့် ယခုနှစ် ဩဂုတ် ၇ ရက်မှစ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် မြန်မာစာနှင့် ဘာသာစကားပညာဦးစီးဌာနကို မြန်မာနိုင်ငံ တိုင်းရင်းသားဘာသာစကားဦးစီးဌာနအဖြစ် ပြောင်းလဲဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတစ်ဝန်းလုံးရှိ ဒေသအားလုံး၌ ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရန်အတွက် ငြိမ်းချမ်းရေးသည် ပထမဆုံးနှင့် အရေးအကြီးဆုံး ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ပါကြောင်း၊ ဒေသအားလုံးတွင် ငြိမ်းချမ်းရေး ခိုင်ခိုင်မာမာတည်ဆောက်နိုင်မှသာ ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုကို မှတ်တမ်းတင်ခြင်းသာ ပြုသင့်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ဥက္ကဋ္ဌက လျှို့ဝှက်စက်ခလုတ်နှိပ်ဆန္ဒပြုသည့်နည်းလမ်းဖြင့် အဆုံးအဖြတ်ရယူရာ ကန့်ကွက်မဲများသည့်အတွက် အဆိုကို အတည်မပြုကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

## ပြန်ကြားရေးဝန်ကြီးဌာနသတင်းထုတ်ပြန်ချက်

### ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၉-၉-၂၀၁၆ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၁၅-၈-၂၀၁၆ ရက်နေ့မှ ၂-၉-၂၀၁၆ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ကိုးဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် ခြောက်ဦး၊ မဂ္ဂဇင်း နှစ်ဦး၊ အထွေထွေ ၂၀ ပေါင်း ၂၈ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်လိုသူတစ်ဦးတို့အား ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၃၆၇ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၁၉၁၈ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၅ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၃၃၀ အား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်သက်တမ်းတိုး လျှောက်ထားသူ တစ်ဦးနှင့် ဂျာနယ်လျှောက်ထားလာသူ တစ်ဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ရန်ကုန်ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁၂**

သွေးလိုအပ်နေသည့် လူနာများအား ဇီဝိတဒါန အသက်ကယ်နိုင်ရန်ရည်မှန်း၍ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များက စုပေါင်းသွေးလှူဒါန်းကြမည့် (၁၆)ကြိမ်မြောက် ဝါတွင်းစုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပရန်ရှိကြောင်း သိရသည်။

အဆိုပါ သွေးလှူဒါန်းပွဲကို အောက်တိုဘာ ၈ ရက် စနေနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)ရှိ အလှူတော်မင်္ဂလာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံဆရာဝန်ကြီးနှင့် အဖွဲ့က လက်ခံယူကြမည်ဖြစ်သည်။

ဝါတွင်းစုပေါင်းသွေးလှူဒါန်းပွဲ၌ ပါဝင်လှူဒါန်းလိုသူများသည် အဆိုပါဆေးရုံကြီးရှိ သံဃာတော်များ ပြင်ပလူနာဌာန၊ သီလရှင်ပြင်ပလူနာဌာန၊ လူပုဂ္ဂိုလ်များ ပြင်ပလူနာဌာန၊ ဆေးရုံအုပ်ကြီးရုံးနှင့် လူမှုဆက်ဆံရေးဌာနစုအသီးသီးတို့တွင် လူကိုယ်တိုင်လာရောက် စာရင်းပေးသွင်းနိုင်ကြောင်း၊ တယ်လီဖုန်းဖြင့် ဆက်သွယ်စာရင်းပေးသွင်းလိုပါက သံဃာတော်များ ပြင်ပလူနာဌာန ဖုန်း-၅၅၂၉၇၅၊ သီလရှင်များပြင်ပလူနာဌာန ဖုန်း-၅၄၂၇၀၆၊ လူပုဂ္ဂိုလ်များပြင်ပလူနာဌာန ဖုန်း-၅၅၂၅၄၂၊ ဆေးရုံအုပ်ကြီးရုံး ဖုန်း-၅၅၈၄၃၄၊ လူမှုဆက်ဆံရေးဌာနစု ဖုန်း-၅၄၁၇၉၅ တို့သို့ အောက်တိုဘာ ၇ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရွေးကောက်ပွဲဆိုင်ရာ အရည်အသွေးမြှင့်သင်တန်း ဖွင့်လှစ်




**နေပြည်တော် စက်တင်ဘာ ၁၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် International Foundation for Electoral System (IFES) တို့က ကြီးမှူး၍ ရွေးကောက်ပွဲဆိုင်ရာ အရည်အသွေးမြှင့် သင်တန်းဖွင့်ပွဲကို နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ယနေ့နံနက် ၈ နာရီခွဲတွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက အမှာစကား ပြောကြားရာတွင် သင်တန်းဖွင့်လှစ်ရသည့်ရည်ရွယ်ချက်မှာ ရွေးကောက်ပွဲအရာရှိများအနေဖြင့် မိမိတို့တာဝန်ကျရာ ဒေသအသီးသီးတွင် မိမိတို့၏တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်အတွက် ရွေးကောက်ပွဲဆိုင်ရာ သိသင့်သိထိုက်သည်များကို ဘာသာရပ် ၁၅ ခု ခွဲခြား၍ သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ၊ အုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းများ၊ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းများကို စီမံခန့်ခွဲဆောင်ရွက်နိုင်ရန် လေ့လာထားရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်၊ အမိန့်နှင့် ညွှန်ကြားချက်များကို ကျေကျေညက်ညက် သိရှိနားလည်ထားရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များသည် ကော်မရှင်တစ်ခုတည်းဖြင့်ဆောင်ရွက်၍မရဘဲ အခြားသောဝန်ကြီးဌာနများနှင့် ဆက်စပ်ဆောင်ရွက်ရခြင်းဖြစ်၍ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်မြေများအတွက် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပေးရမည်ဖြစ်ပြီး လစ်လပ်မဲဆန္ဒနယ်မြေများတွင် တာဝန်ထမ်းဆောင်ကြမည့် ရွေးကောက်ပွဲအရာရှိများအနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အောင်မြင်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်းက သင်တန်း၏ ရည်ရွယ်ချက်များနှင့် သင်တန်းတွင် ပို့ချမည့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် သင်တန်းသားများအား အုပ်စု ငါးစုခွဲ၍ မဲစာရင်းပြုစုခြင်း၊ မဲပေးခြင်း၊ မဲရေတွက်ခြင်း၊ ရလဒ်များ ပေါင်းစည်းဖြည့်သွင်းခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ စီစဉ်ခြင်းနှင့် ဘတ်ဂျက်စီမံခန့်ခွဲမှု၊ ရုံးလုပ်ငန်းစီမံခန့်ခွဲမှု၊ အများပြည်သူ အသိပညာပေးခြင်း၊ နိုင်ငံရေးပါတီများဆိုင်ရာ ပြင်ပအဖွဲ့အစည်းများနှင့် ဆက်ဆံရေး၊ ပြည်တွင်း ပြည်ပ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းဆိုင်ရာများ၊ ရွေးကောက်ပွဲဆိုင်ရာ ဘေးအန္တရာယ်များ စီမံခန့်ခွဲမှုနှင့် ရွေးကောက်ပွဲတွင် အားလုံးပါဝင်နိုင်ရေး စသည့် သင်ခန်းစာများကို စက်တင်ဘာ ၁၅ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**❂ တိုင်းဒေသကြီးမှ**

အသင်းလိုက်တံခွန်စိုက် ဖလားဆုကြီးကိုမူ ရွှေ ငါးခု၊ ငွေ လေးခု၊ ကြေးခြောက်ခုဖြင့် မန္တလေးတိုင်းဒေသကြီးကပင် ဆွတ်ခူးရရှိခဲ့သည်။

ယင်းပြိုင်ပွဲကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနတို့၏ ဦးဆောင်ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး မြန်မာ့ကရာတေးဒိုကစားနည်းကို လူငယ်များ ပိုမိုစိတ်ဝင်စားလာစေရန်၊ နိုင်ငံတကာပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်နိုင်သော မျိုးဆက်သစ် လူငယ်အားကစားသမားကောင်းများပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးကြစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်း၊ အသင်းလိုက်ယှဉ်ပြိုင်ရသည့် ခတနှင့် တစ်ဦးချင်း၊ အသင်းလိုက်ယှဉ်ပြိုင်ရသည့် ကုမိတဲ့ ဟူသည့် ကစားနည်း ၁၇ မျိုးဖြင့် ယှဉ်ပြိုင်စေသည်။ ခတ ဆိုသည်မှာ ဝိတ်တန်းသတ်မှတ်ချက်မရှိသည့် သရုပ်ပြယှဉ်ပြိုင်ခြင်းကို ဆိုလိုသည်။ ကုမိတဲ့သည် သတ်မှတ်ထားသည့် ဝိတ်တန်းသတ်မှတ်ချက်များဖြင့် ကစားသမားနှစ်ဦးက ယှဉ်ပြိုင်တိုက်ခိုက်ရခြင်းဖြစ်သည်။ အဆိုပါပြိုင်ပွဲသို့ ကရင်ပြည်နယ်မှအပ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကရာတေးဒိုကစားသမား ၁၉၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

"ဒီပြိုင်ပွဲမှာ ကရင်ပြည်နယ် မပါဝင်ဘူးဆိုတာက သူတို့သဘာဝက မြန်မာ့လက်ဝှေ့ကို ပိုအားသန်တယ်လေ။ အဲဒီတော့ ကရာတေးဒိုက တိုးမပေါက်သေးတဲ့ သဘောပါ။ ကစားသမားမရှိလို့တော့ မဟုတ်ပါဘူး။"ဟု မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးစိုးဝင်းက ရှင်းပြသည်။

ယင်းပြိုင်ပွဲမှသည် ၂၀၁၇ ခုနှစ် မလေးရှားနိုင်ငံတွင်ကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲကြီးသို့ နိုင်ငံကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် မျိုးဆက်သစ်ကစားသမားကောင်းများကို ရွေးချယ်သွားမည်ဟု သိရသည်။"ဆီးဂိမ်းကို စင်ကာပူမှာ ကျင်းပတော့ ကရာတေးဒိုအားကစား မပါဝင်ခဲ့ဘူး။ ဘာလို့လဲဆိုတော့ ဒီအားကစားပေါ်မှာ သူတို့ အားနည်းတယ်။ ဒါပေမယ့် မလေးရှားမှာ လုပ်မယ့် ဆီးဂိမ်းကျတော့ ပြန်ပါပြီ။ မလေးရှားကိုယ်တိုင်ကလည်း ဒီအားကစားနည်းမှာ strong ဖြစ်တယ်။"ဟု ဦးစိုးဝင်းက ဆက်လက်ပြောသည်။

အရှေ့တောင်အာရှတွင် မလေးရှား၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့သည် ကရာတေးဒို အကောင်းဆုံးကစားနိုင်သည့်နိုင်ငံများဟု သတ်မှတ်ထားပြီး နိုင်ငံအလိုက် အဆင့်သတ်မှတ်ချက် (၆)နေရာတွင်ရှိသည့် မြန်မာနိုင်ငံအနေဖြင့် ယင်းသုံးနိုင်ငံကိုကျော်ဖြတ်နိုင်ရန် အကောင်းဆုံး စခန်းသွင်းလေ့ကျင့်မှုများဖြင့် ကြိုးစားဆောင်ရွက်သွားရမည်ဟု ၎င်းက သုံးသပ်ပြောကြားခဲ့သည်။ **သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-ခင်မောင်ဝင်း (ကြေးမုံ)**

**❒ အာဆီယံ ယူ-၁၉ မှ**

အင်ဒိုနီးရှားအတွက် ချေပဂိုး ပြန်သွင်းခဲ့သည်။ ဂိုးပြန်ပေးခဲ့ရသော်လည်း မြန်မာအသင်းကစားကွက်ပျက်မသွားဘဲ ၂၆ မိနစ်တွင် အောင်ကောင်းမာန်၏ ဖန်တီးပေးမှုမှတစ်ဆင့် ဇွဲသက်ပိုင်က ဒုတိယဂိုးသွင်းယူခဲ့သည်။ ၄၄ မိနစ်တွင် ပါရာတာမာက အင်ဒိုနီးရှားအတွက် ချေပဂိုးပြန်သွင်းခဲ့၍ ပထမပိုင်းအပြီးတွင် နှစ်ဂိုးစီသရေကျနေသည်။ ဒုတိယပိုင်းအစတွင် အင်ဒိုနီးရှားအသင်း ဂိုးသွင်းခွင့်အခွင့်အရေးရခဲ့သော်လည်း မြန်မာဂိုးသမား ဆန်းဆက်နိုင် ကာကွယ်နိုင်ခဲ့သည်။ ၅၅ မိနစ်တွင် မြန်မာအသင်း အနိုင်ဂိုးရခဲ့ပြီး ရွှေကို အဝေးမှ ကန်သွင်းရာ အင်ဒိုနီးရှားဂိုးသမားလက်မှလွတ်ကာ ဂိုးဝင်သွားခြင်းဖြစ်သည်။ မြန်မာအသင်းသည် ယင်းနောက်ပိုင်းတွင် အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့ပြီး အင်ဒိုနီးရှားအသင်းမှာ ပွဲပြီးခါနီးတွင် ချေပဂိုးရရှိနိုင်မည့် အခွင့်အရေးရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ အုပ်စု(ခ)အခြားပွဲတွင် လက်ရှိချန်ပီယံ ထိုင်းအသင်းက လာအိုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ မြန်မာ ယူ-၁၉ အသင်းသည် ဒုတိယပွဲအဖြစ် စက်တင်ဘာ ၁၄ ရက်တွင် ဩစတြေးလျ ယူ-၁၉ အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

စက်တင်ဘာ ၁၁ ရက်က ကျင်းပသည့် အုပ်စု(က)ပထမနေ့တွင် တီမောက ဖိလစ်ပိုင်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး အိမ်ရှင်ဗီယက်နမ်နှင့် စင်ကာပူအသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။ **သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်**

# အမြန်လမ်းတွင် ပြစ်မှုကျူးလွန်သောယာဉ်မောင်းများ ပေးဆောင်သည့်ဒဏ်ငွေကို နိုင်ငံတော်အခွန်ဘဏ္ဍာအဖြစ် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)သို့ ပေးသွင်းအပ်နှံလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၂**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် သတ်မှတ်အရှိန်လွန် မောင်းနှင်မှုကြောင့် ယာဉ်မတော်တဆမှု ကင်းရှင်းလျော့ပါးရေးအတွက် RADAR SYSTEM နှင့် GPS စနစ်သုံး အရှိန်နှုန်းတိုင်းတာစက်များအသုံးပြု၍ လမ်းတစ်လျှောက် ဖြတ်သန်းမောင်းနှင်လျက်ရှိသော မော်တော်ယာဉ်များကို သတ်မှတ်ကီလိုအတွင်း မောင်းနှင်မှု ရှိ၊ မရှိ နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ပဏာမအနေဖြင့် နေ့ပိုင်းတွင် စက် ခုနစ်လုံး၊ နေရာခုနစ်နေရာ၊ MOBILE စနစ်ဖြင့် တိုင်းတာစစ်ဆေးဖမ်းဆီးဆောင်ရွက်လျက်ရှိသည်။ မကြာမီ ညပိုင်းတွင်ပါ ဖမ်းဆီးဆောင်ရွက်သွားမည်ဖြစ်သည်။ သတ်မှတ်အရှိန်လွန် မောင်းနှင်သော မော်တော်ယာဉ်များကို မော်တော်ယာဉ် ဥပဒေအရ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မော်တော်ယာဉ်တရားရုံးသို့ တရားစွဲတင်ပို့အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ တရားစွဲတင်ပို့ရာတွင် တရားသူကြီးက မော်တော်ယာဉ်ဥပဒေ ၄၉(က)အရ သတ်မှတ်အမြန်နှုန်းထက် ကျော်လွန်မောင်းနှင်ခြင်း၊ သတ်မှတ်အမြန်နှုန်းအောက် လျော့၍မောင်းနှင်ခြင်း၊ တားမြစ်ချက်ကို ကျူးလွန်ပါက ပုဒ်မ(၅၈)(က) အရ ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ကျပ် ၅၀၀၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ရမည်ဟု ဥပဒေအတိုင်း ကျပ် ၅၀၀၀၀ ထက်မပိုသော ငွေဒဏ်ကိုသာ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ပြစ်မှုကျူးလွန်သော ယာဉ်မောင်းများမှ ပေးဆောင်သောဒဏ်ငွေများအား တရားသူကြီးက မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)ရှိ ဇမ္ဗူသီရိမြို့နယ် တရားရုံး ငွေစာရင်းခေါင်းစဉ်သို့ နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေအဖြစ် နေ့ချင်းပြီး ပေးသွင်းအပ်နှံလျက်ရှိကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ ရဲမှူး ရန်နိုင်ဝင်းက ပြောပြသည်။

ထို့အပြင် အမြန်လမ်းရဲတပ်ဖွဲ့နှင့် ဇမ္ဗူသီရိ မော်တော်ယာဉ်တရားရုံးအနေဖြင့် ဒဏ်ကြေးငွေများကို လက်ဝယ်ထားရှိအသုံးပြုခြင်းမရှိသည့်အပြင် အမြန်လမ်းမကြီးရဲတပ်ဖွဲ့၏ ဖမ်းဆီးရေးဆောင်ရွက်နေသော အဖွဲ့များအနေဖြင့်လည်း ယာဉ်မောင်းများက ဒဏ်ကြေးငွေပေးဆောင်ခြင်းကို လုံးဝလက်ခံဆောင်ရွက်ပေးခြင်းမရှိကြောင်း ပြစ်မှုကျူးလွန်သော ယာဉ်မောင်းများအနေဖြင့် သက်ဆိုင်ရာနယ်မြေ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မော်တော်ယာဉ် တရားရုံးများတွင်သာ တရားရင်ဆိုင် ပြစ်ဒဏ်စီရင်ခံရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ရန်ကုန် - မန္တလေး အမြန်လမ်းမကြီး တစ်လျှောက် မောင်းနှင်သော မော်တော်ယာဉ်များသည် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန အမြန်လမ်းမကြီး ပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့က သတ်မှတ်ထားသော တစ်နာရီ သတ်မှတ်ကီလိုမီတာ ၁၀၀ နှုန်း ကျော်လွန်မောင်းနှင်သောယာဉ်များကိုသာ ဖမ်းဆီးအရေးယူလျက်ရှိရာ စက်တင်ဘာ ၁ ရက်မှ ၁၀ ရက်အထိ သတ်မှတ်အရှိန်လွန်မောင်းနှင်မှု ၂၈၃ မှုကို တရားစွဲတင်ပို့ခဲ့ရာ ယာဉ်မောင်း ၁၅၄ ဦးက တရားရုံးတွင် တရားရင်ဆိုင်ကာ ဒဏ်ငွေ ပေးဆောင်ခဲ့ပြီး ကျန်ယာဉ်မောင်းများအား သတ်မှတ်ရက်အတွင်း လာရောက်တရားရင်ဆိုင်ချိန်တွင် ပြစ်ဒဏ်ချမှတ်အရေးယူသွားမည်ဖြစ်သည်။

စက်တင်ဘာ ၁၂ ရက်တွင် အမြန်လမ်းမကြီး၌ သတ်မှတ်အမြန်နှုန်းထက် ကျော်လွန်မောင်းနှင်သော မော်တော်ယာဉ် ၁၆ စီးကို ဖမ်းဆီးအရေးယူခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့စခန်းမှ သိရသည်။

**သန်းဦး(လေးမျက်နှာ)**

# စတုတ္ထအကြိမ် မူးယစ်ဆေးဝါးနှင့် ပရိကာဆာ ဓာတုပစ္စည်းများ တရားမဝင် သယ်ဆောင်ရောင်းဝယ်မှု တားဆီးကာကွယ်ရေး BIMSTEC လုပ်ငန်းခွဲအုပ်စု အစည်းအဝေးကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၂**

စတုတ္ထအကြိမ် မူးယစ်ဆေးဝါးနှင့် ပရိကာဆာ ဓာတုပစ္စည်းများ တရားမဝင် သယ်ဆောင်ရောင်းဝယ်မှု တားဆီးကာကွယ်ရေး BIMSTEC လုပ်ငန်းခွဲအုပ်စု အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်အောင်ဝင်းဦးနှင့် BIMSTEC အတွင်းရေးမှူးရုံးမှ ဒါရိုက်တာ Mr. Kunzang N. Tshering တို့က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အစည်းအဝေးတွင် ၂၀၁၅ ခုနှစ်က မြန်မာနိုင်ငံ၌ကျင်းပခဲ့သည့် တတိယအကြိမ် မူးယစ်ဆေးဝါးနှင့် ပရိကာဆာ ဓာတုပစ္စည်းများ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှုတားဆီးကာကွယ်ရေး (BIMSTEC) လုပ်ငန်းခွဲအုပ်စုအစည်းအဝေး၏ ဆုံးဖြတ်ချက်များကို အပြန်အလှန်သုံးသပ်ဆွေးနွေးခြင်း၊ အဖွဲ့ဝင်နိုင်ငံများအကြား စွမ်းရည်မြှင့်တင်မှုတည်ဆောက်ခြင်းနှင့် နည်းပညာဆိုင်ရာ ထောက်ပံ့မှုများအပေါ် အပြန်အလှန်ဆွေးနွေးကြသည်။

အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ကိုယ်စားလှယ်များ၊ BIMSTEC အတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များ၊ UNODC ရုံးမှ တာဝန်ရှိသူများနှင့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ နီပေါ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတို့မှကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။

၂၀၁၄ ခုနှစ် မတ်လအတွင်းက နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ပြုလုပ်ခဲ့သော (၁၄)ကြိမ်မြောက် BIMSTEC ဝန်ကြီးအဆင့် အစည်းအဝေးအစီရင်ခံစာအရ မူးယစ်ဆေးဝါးနှင့် ပရိကာဆာ ဓာတုပစ္စည်းများ တရားမဝင်သယ်ဆောင်ရောင်းဝယ်မှု တားဆီးကာကွယ်ရေး လုပ်ငန်းခွဲအုပ်စု အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရမည်ဖြစ်၍ ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်သည်။

BIMSTEC ပထမအကြိမ်အစည်းအဝေးကို ၂၀၀၅ ခုနှစ်တွင်လည်းကောင်း၊ ဒုတိယအကြိမ်အစည်းအဝေးကို ၂၀၀၆ ခုနှစ်တွင်လည်းကောင်း၊ တတိယအကြိမ်အစည်းအဝေးကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း ရန်ကုန်မြို့၌ ကျင်းပခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပုသိမ်စက်မှုမြို့တော်စီမံကိန်း စတင်အကောင်အထည်ဖော်ခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်း ပန္နက်တင်အခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၂**

ပုသိမ်စက်မှုမြို့တော်စီမံကိန်း စတင်အကောင်အထည်ဖော်ခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်း ပန္နက်တင်မင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီတွင် ပုသိမ်-ငပုတော ကားလမ်းဘေး ပေါက်ကုန်းကျေးရွာအနီး၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ကိုယ်စား တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးလှကျော်၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဝင်း ဌေးနှင့် ဧည့်သည်တော်များက သတ်မှတ်နေရာများတွင် မင်္ဂလာပန္နက် စိုက်ထူကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ပုသိမ်စက်မှုမြို့တော် စတင်အကောင်အထည်ဖော်ခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်း ပန္နက်တင်ခြင်းသည် ဧရာဝတီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပထမခြေလှမ်းဖြစ်ကြောင်း၊ မြေလွတ်မြေရိုင်းများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံခွင့်ပေးမည်ဆိုပါက တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက ကျွမ်းကျင်လုပ်သားများပါ ရရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့ပိုင်ဆိုင်သည့် မြေလွတ်မြေရိုင်းများကို စက်မှုမြို့တော် တည်ဆောက်ရာတွင် ပါဝင်ခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးကို ပြောင်းလဲရမည်ဖြစ်ကြောင်း၊ မြေယာအများစု လက်ဝယ်ရှိသော တောင်သူလယ်သမားများထံမှ မြေယာများကို အသုံးပြုရန်လိုအပ်ပါက လယ်သမားများအတွက် မနစ်နာစေသော မြေတန်ဖိုးသတ်မှတ်ပြီး ကုမ္ပဏီများက ရင်းနှီးမြှုပ်နှံနိုင်မည်ဖြစ်ကြောင်း၊ ဘိုးစဉ်ဘောင်ဆက် ပိုင်ဆိုင်ထားသည့် မြေများဆုံးရှုံးစရာမလိုဘဲ မြေမှ အမြတ်ငွေရရှိလာမည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ကြောင်း၊ အစိုးရအဆက်ဆက်ကျန်ရှိနေသည့် မြေယာပြဿနာများကို တရားမျှတနိုင်သမျှ မျှတမှန်ကန်အောင် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးက ပုသိမ်မြို့စက်မှုမြို့တော် တည်ဆောက်ခြင်းနှင့် အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်း တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် Ayeyarwaddy Development Public Co.,Ltd. မှ တာဝန်ရှိသူများက ပုသိမ်စက်မှုမြို့တော် စတင်အကောင်အထည်ဖော်ခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်း တည်ဆောက်ရေးနှင့်ပတ်သက်၍ တက်ရောက်လာသည့် သတင်းမီဒီယာများအား ရှင်းလင်း ပြောကြားသည်။

**(သတင်းစဉ်)**

# လွှတ်လပ်သော စီးပွားရေးအသင်းအဖွဲ့ပုံစံဖော်ဆောင်သည့် စိုက်ပျိုးမွေးမြူရေးသမဝါယမအသင်းများထွန်းကားလာရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၂**

တောင်သူလယ်သမားများအပါအဝင် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ သိသိသာသာတိုးတက်လာရေးသည် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းမှု လုပ်ငန်းစဉ်များ၏ အဓိကအရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေပါကြောင်း၊ တောင်သူလယ်သမားများအပါအဝင် မြေယာမဲ့များ လက်လုပ်လက်စားများအတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုစနစ်တစ်ခု ပီပီပြင်ပြင် တည်ဆောက်ပေးနိုင်ရန် ငွေကြေးအရင်းအနှီး မတည်ထူထောင်နိုင်ရေး၊ ဒေသရေမြေ၊ ရာသီဥတုနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ အသုံးပြုနိုင်ရေး၊ အရည်အသွေးမြင့် ထုတ်လုပ်မှုနည်းပညာနှင့် ဈေးကွက်ဖော်ဆောင်ပေးနိုင်ရေး စသည့် အခြေခံလိုအပ်ချက်များကို မိမိတို့ဝန်ကြီးဌာနနှင့် ဆက်စပ်ဌာနများမှ တာဝန်ရှိသူတို့က အစွမ်းကုန်ကြိုးပမ်းဖော်ဆောင်လျက်ရှိရာ တောင်သူများ၊ ကျေးရွာရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများအားလုံးတို့က ပူးပေါင်းပါဝင်ကြိုးပမ်းပေးကြပါရန် စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီး မကြီးကန်ကျေးရွာ၌ ကျင်းပသည့် စုပေါင်းစိုက်ပျိုး၊ မွေးမြူရေး သမဝါယမအသင်းသူ အသင်းသားများနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ဆွေးနွေးပြောကြားခဲ့သည်။

ဆွေးနွေးပွဲတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ ညွှန်ကြားရေးမှူးချုပ်များက ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် CP Myanmar တို့ ပူးပေါင်းဆောင်ရွက်မည့် နှမ်းတန်ဖိုးမြှင့် ကုန်ချောထုတ် စက်ရုံတည်ဆောက်မည့် လျာထားမြေနေရာအား ကြည့်ရှုသည်။



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်း နတ်မောက်လက်ဝဲရေပေးမြောင်းမကြီးရေပေးဝေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် ငွေးတောက်စမ်းရွာသို့ရောက်ရှိပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ လယ်ယာသုံး စက်ကိရိယာများ အရစ်ကျဝယ်ယူနိုင်ရေး၊ လယ်သမားတစ်ဦးချင်းလုပ်ဆောင်ရန်မဖြစ်နိုင်သည့် ကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားဖြစ် ကုန်ထုတ်လုပ်မှုအတွက် အစုအဖွဲ့ပုံစံဖြင့် စုပေါင်းဆောင်ရွက်ရသော သမဝါယမစနစ် ထူထောင်လုပ်ကိုင်နိုင်ရေး၊ သမဝါယမချေးငွေနှင့် မြစိမ်းရောင်စီမံကိန်းချေးငွေများကို လယ်မဲ့ယာမဲ့များအား ဦးစားပေးထုတ်ချေးပေးရေး စီမံဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် အလျား ၂၀ ဒသမ ၄၀ မိုင်ရှိပြီး အကျိုးပြုဧရိယာ ၁၈၆၄၅ ဧကရှိ နတ်မောက်လက်ဝဲရေပေးမြောင်းမကြီးသို့ရောက်ရှိကြပြီး ရေပေးဝေမှုအခြေအနေများ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပြည်သူတို့၏ဘဝ တိုးတက်မြင့်မားရေး ဟောပြောပွဲ ကျင်းပ

**မင်းတပ် စက်တင်ဘာ ၁၂**

ပြည်သူတို့၏ဘဝ တိုးတက်မြင့်မားရေးကို ဦးတည်သည့် ဟောပြောပွဲကို မင်းတပ်မြို့နယ် ပြေကျေးရွာ အခြေခံပညာမူလတန်းကျောင်းဆောင်၌ စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မင်းတပ်ခရိုင်ဦးစီးမှူး ဦးလိန်းကီးက နိုင်ငံတော်အစိုးရ၏မူဝါဒများ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးရွာစာကြည့်တိုက်များ ခိုင်မာရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်းကောင်း၊ မင်းတပ်မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးမြင့်ဇော်သန်းက အခွန်အကြောင်း သိကောင်းစရာများ၊ မင်းတပ်မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ဦးကီးထန်းက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ၊ အခွန်ဦးစီးဌာန ကန်ပက်လက်မြို့နယ်တာဝန်ခံ ဦးမာန်ဂေကအခွန်ဥပဒေနှင့် ဒေသဓလေ့ထုံးတမ်းများကိုလည်းကောင်း အသီးသီးဟောပြောကြသည်။

ဆက်လက်၍ ပြေအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ပန်းအော့ရွာရာအိမ်မှူး၊ တက်ရောက်လာသူများ၏ သဘောထားတင်ပြချက်များကို နားထောင်ကာ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးကြသည်။

ဟောပြောပွဲသို့ ပြေရွာ၊ ပန်းအော့၊ ကျော့တော်ရွာတို့မှ ပြည်သူ ၁၅၀ ကျော်တက်ရောက်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြန်မာ့လက်ရွေးစင်အသင်း ဂျာမနီ၌ စတင်လေ့ကျင့်

**နေပြည်တော် စက်တင်ဘာ ၁၂**

အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ဂျာမနီနိုင်ငံ၌ ရောက်ရှိနေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ယနေ့နံနက်ပိုင်းမှ စတင်ကာ ဒုစ်ဘတ်မြို့၌ လေ့ကျင့်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၁၁ ရက် နံနက် ၁ နာရီက ရန်ကုန်မြို့မှ ထွက်ခွာခဲ့ပြီး ဒေသစံတော်ချိန် ညနေပိုင်းတွင် ဂျာမနီနိုင်ငံ ဒုစ်ဘတ်မြို့သို့ ရောက်ရှိခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၁၂ ရက်မှ စတင်ကာ လေ့ကျင့်မှုများပြုလုပ်လျက်ရှိပြီး ပထမဆုံးခြေစမ်းပွဲအဖြစ် စက်တင်ဘာ ၁၃ ရက် ဒေသစံတော်ချိန် ည ၈ နာရီ(မြန်မာစံတော်ချိန် စက်တင်ဘာ ၁၄ ရက် နံနက် ၀၀း၃၀ နာရီ)တွင် နယ်သာလန် တတိယတန်းကလပ် EVV Echt အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယခုလကုန်ပိုင်းအထိ ဂျာမနီနိုင်ငံ၌ လေ့ကျင့်မည်ဖြစ်ပြီး နယ်သာလန်နှင့် ဘယ်ဂျီယံနိုင်ငံတို့တွင် ခြေစမ်းပွဲငါးပွဲယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အောက်တိုဘာလဆန်းပိုင်းတွင် ဆိုက်ပရပ်စ်နိုင်ငံသို့ထွက်ခွာမည်ဖြစ်ပြီးနှစ်ပတ်ကျော်လေ့ကျင့်ကာ ခြေစမ်းပွဲထပ်မံကစားမည်ဖြစ်သည်။

**(ချစ်ကိုကို)**

# (၄၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်လက်ဝှေ့ပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၂**

(၄၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့မွန်းလွဲ ၂ နာရီတွင် ဝဏ္ဏသိဒ္ဓိလက်ဝှေ့အားကစားရုံ၌ ကျင်းပလျက်ရှိသည်။

အမျိုးသားသက်ငယ် (၄၄)ကီလိုတန်းပြိုင်ပွဲတွင် ဖြိုးဝေထွန်း (တနင်္သာရီတိုင်းဒေသကြီးအသင်း)က မျိုးကို (မန္တလေးတိုင်းဒေသကြီးအသင်း) ကို လည်းကောင်း၊ နိုင်လင်းစိုး(ကရင်ပြည်နယ်အသင်း) က ကျော်ဇေယျ (ရန်ကုန်တိုင်းဒေသကြီးအသင်း) ကို လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

အမျိုးသားသက်ငယ် (၅၇)ကီလိုတန်းပြိုင်ပွဲတွင် တင်မျိုးနွယ်(မကွေးတိုင်းဒေသကြီးအသင်း)က ငြိမ်းပြည့်စုံ (ဧရာဝတီတိုင်းဒေသကြီးအသင်း)ကို လည်းကောင်း၊ နက္ခအောင်(ကရင်ပြည်နယ်အသင်း)က စိုင်းနော်ကျောက် (ရှမ်းပြည်နယ်အသင်း)ကိုလည်းကောင်း၊ ညဏ်လင်းဦး (ရခိုင်ပြည်နယ်အသင်း)က လမင်းကိုကို(ရန်ကုန်တိုင်းဒေသကြီးအသင်း)ကိုလည်းကောင်း၊ သီဟဇော်(တနင်္သာရီတိုင်းဒေသကြီးအသင်း)က စိုးသန်းဦး(ကယားပြည်နယ်အသင်း)ကိုလည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

ဆက်လက်ပြီး အမျိုးသမီး (၅၄)ကီလိုတန်းပြိုင်ပွဲတွင် ခင်နှောင်းတင့်(ရှမ်းပြည်နယ်အသင်း)က ဖြူပိုင်း(မွန်ပြည်နယ်အသင်း)ကို လည်းကောင်း၊ ထက်ထက်ခိုင်ဦး (ကရင်ပြည်နယ်အသင်း)က အိဖြူထွေး(တနင်္သာရီတိုင်းဒေသကြီးအသင်း)ကိုလည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။ အမျိုးသမီး(၆၀)ကီလိုတန်းတွင် နော်ဥမ္မာစိုး (ပဲခူးတိုင်းဒေသကြီးအသင်း)က နန်းအေးမွေဟွမ်း(ရှမ်းပြည်နယ်အသင်း) ကို လည်းကောင်း၊ အိရွှေဇင်ဖြိုး (မွန်ပြည်နယ်အသင်း)က အိသန္တာ(ကယားပြည်နယ်အသင်း) ကို လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

အမျိုးသား (၄၆)ကီလိုတန်းပြိုင်ပွဲတွင် ယောဟန် (စစ်ကိုင်းတိုင်းဒေသကြီးအသင်း)က တင်ဌေး(မန္တလေးတိုင်းဒေသကြီးအသင်း)ကိုလည်းကောင်း၊ မောင်းရှိန်း(ချင်းပြည်နယ်အသင်း)က ငိုင်းလိန်း(မကွေးတိုင်းဒေသကြီးအသင်း)ကိုလည်းကောင်း၊ အမျိုးသား(၆၄)ကီလိုတန်းတွင် ထက်ဝေယံ(မန္တလေးတိုင်းဒေသကြီးအသင်း)က ခေါင်ဂေးလိန် (ချင်းပြည်နယ်အသင်း)ကိုလည်းကောင်း၊ ကျော်မင်းဦး (စစ်ကိုင်းတိုင်းဒေသကြီးအသင်း)က အောင်သက်ဝေ (မွန်ပြည်နယ်အသင်း)ကိုလည်းကောင်း၊ ကျော်ဆန်းဦး (ပဲခူးတိုင်းဒေသကြီးအသင်း)က ငြိမ်းသန်းဖြိုး (ရခိုင်ပြည်နယ်အသင်း)ကိုလည်းကောင်း၊ နိုင်နိုင်လင်း(တနင်္သာရီတိုင်းဒေသကြီးအသင်း)က အောင်ကိုကို (ရန်ကုန်တိုင်းဒေသကြီးအသင်း)ကိုလည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

အမျိုးသား(၇၅)ကီလိုတန်းပြိုင်ပွဲတွင် ရဲကိုကို (တနင်္သာရီတိုင်းဒေသကြီးအသင်း)က ရဲလင်းထွန်း(မန္တလေးတိုင်းဒေသကြီးအသင်း)ကိုလည်းကောင်း၊ အောင်ဆွေမွန် (ပဲခူးတိုင်းဒေသကြီးအသင်း)က ငြိမ်းချမ်းအောင်(ရှမ်းပြည်နယ်အသင်း)ကို လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြောင်း သိရသည်။ **(မောင်မောင်ဇော်)**

# မိတ္ထီလာမြို့၌ (၁၃၃)ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦးဗုဒ္ဓပူဇနီယပွဲတော် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၁၂**

မိတ္ထီလာမြို့၌ (၁၃၃)ကြိမ်မြောက် သမိုင်းဝင်ဖောင်တော်ဦး ဗုဒ္ဓပူဇနီယပွဲတော်တွင် နှစ်စဉ်ထည့်သွင်းကျင်းပမြဲဖြစ်သည့် မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၂ ရက် နံနက် ၉ နာရီက ဖောင်တော်ဦး ဘုရားအနီးပြိုင်ပွဲဆုပေးမဏ္ဍပ်နှင့် ကန်ရေပြင်၌ ကျင်းပကြောင်း သိရသည်။ **(ယာပုံ)**

မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲ နှစ်စဉ်ကျင်းပရခြင်းမှာ မြန်မာ့ရိုးရာအားကစားနည်းကို ထိန်းသိမ်းတတ်စေရန်၊ စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်လှေအသင်းများအနေဖြင့် အားကစားစိတ်ဓာတ်ပြည့်ဝစွာဖြင့် ပါဝင်ယှဉ်ပြိုင်ကြရန် လိုအပ်ကြောင်းတို့ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံးက ပြောကြားသည်။

ဆက်လက်၍ ပြိုင်ပွဲကိုစတင်ကျင်းပပြီး အကြီးတန်းပွဲစဉ်အဖြစ် ဥက္ကာပျံ(နစတ)နှင့် ကန်သာမောင် လှေအသင်းတို့ ယှဉ်ပြိုင်လှော်ခတ်ကြရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးရဲထွဋ်၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘုရားပွဲတော်လာရောက် လည်ပတ်သူများက စည်ကားသိုက်မြိုက်စွာကြည့်ရှုအားပေးသည်။

ယခုနှစ်မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲတွင် အကြီးတန်းပြိုင်ပွဲ တက္ကသိုလ်စိုးမိုး၊ ဥက္ကာပျံ၊ ရှုတိုင်းယဉ်၊ ဇာတိသွေး၊ ရွှေညီအစ်ကို၊ မြင်းခြံ(က)၊ ကန်သာမောင် အသင်း ခုနစ်သင်း၊ အငယ်တန်းပြိုင်ပွဲ အုပ်စု(က) ကြယ်စင်မောင်မောင်၊ မြင်းခြံ(ခ)၊ ပျံလွှားပြန်လာပြီ၊ ရွှေညီအစ်ကို၊ အုပ်စု(ခ) စတားမောင်မောင်၊ မြို့ပြမော်ကွန်း၊ ထီမောင်မောင်၊ အုပ်စု(ဂ) ပြုံးတော်မူ၊ ရွှေလွန်းပျံ၊ ငွေဇင်ယော်ပြန်လာပြီ၊ ကံကြီးရာဇာ၊ အုပ်စု(ဃ) ကြယ်တံခွန်၊ ကံကြီးဂဠုန်၊ ဒိုးကလေး ၁၄ သင်း စုစုပေါင်း လှေအသင်း ၂၁ သင်း ပါဝင်ယှဉ်ပြိုင်ပြီး ပြိုင်ပွဲကို စက်တင်ဘာ ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယခင်နှစ်က မြန်မာ့ရိုးရာလောင်းလှေပြိုင်ပွဲတွင် အကြီးတန်း ကိုးသင်း၊ အငယ်တန်း ကိုးသင်း စုစုပေါင်း ၁၈ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ဆုချီးမြှင့်ငွေကို ယခင်နှစ်က ပထမ သုံးသိန်းကျပ်အစား ယခုနှစ် ငါးသိန်းကျပ်၊ ဒုတိယ နှစ်သိန်းကျပ်အစား သုံးသိန်းကျပ်၊ တတိယ တစ်သိန်းကျပ်အစား နှစ်သိန်းကျပ်၊ နှစ်သိမ့်ဆု ခုနစ်သောင်းကျပ်အစား တစ်သိန်းကျပ် အသီးသီး တိုးမြှင့်၍ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



# လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုသုံးသပ်ခြင်းစည်းဝေး

**ကြံခင်း စက်တင်ဘာ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်၌ ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့်ဆောင်ရွက်သော ၂၀၁၅-၂၀၁၆ ခုနှစ် လူထုဗဟိုပြုစီမံကိန်း ပထမနှစ်စက်ဝန်းတွင် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများနှင့် ပတ်သက်၍ မြို့နယ်အဆင့် သက်ဆိုင်သူ အဖွဲ့အစည်းပေါင်းစုံပါဝင်သော သုံးသပ်ခြင်းအစည်းအဝေးနှင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အကောင်းဆုံးကျေးရွာအုပ်စုများနှင့် ကျေးရွာများအား ဆုချီးမြှင့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ကြံခင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧရာဦးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်မှ)ညွှန်ကြားရေးမှူး ဦးလှခိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထွန်းလင်းမော်၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အသီးသီးအမှာစကား ပြောကြားကြသည်။

ထို့နောက် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက လူထုဗဟိုပြုစီမံကိန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း၊ ကြံခင်းမြို့နယ် လူထုဗဟိုပြုစီမံကိန်း နည်းပညာအကြံပေးအဖွဲ့ခေါင်းဆောင်က စီမံကိန်း(ပထမနှစ်စက်ဝန်း)တွင် ဆောင်ရွက်ခဲ့သော စီမံကိန်းလုပ်ငန်းစဉ်များနှင့် ဆုရွေးချယ်မှုအစီအစဉ်များကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီအဖွဲ့ဝင်များက အကောင်းဆုံးဆောင်ရွက်နိုင်ခဲ့သည့် ကျေးရွာများအား ဆုရွေးချယ်ခြင်းနှင့် တက်ရောက်လာကြသော စီမံကိန်းအထောက်အကူပြုကော်မတီဝင်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက အဖွဲ့ ခုနစ်ဖွဲ့ခွဲ၍ ဆွေးနွေးခဲ့ကြပြီး လူထုဗဟိုပြုစီမံကိန်း (ပထမနှစ်စက်ဝန်း)တွင် အကောင်းဆုံးဆောင်ရွက်နိုင်ခဲ့သော ကျေးရွာအုပ်စုနှင့် ကျေးရွာများကို ဆုချီးမြှင့်ခဲ့ကြသည်။

ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကြံခင်းမြို့နယ် လူထုဗဟိုပြုစီမံကိန်း ၂၀၁၅-၂၀၁၆ ခုနှစ်(ပထမနှစ်စက်ဝန်း)တွင် ကြံခင်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၃၀၊ ကျေးရွာ ၂၅၅ ရွာတို့တွင် လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်း၊ စာသင်ကျောင်း၊ အခြေခံအဆောက်အအုံအားလုံး အစရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းခွဲပေါင်း ၂၄၅ ခု၊ ထောက်ပံ့ငွေကျပ်သိန်းပေါင်း ၈၂၀၀ ဖြင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ (ပထမနှစ်စက်ဝန်း)တွင် ကျေးရွာ ၂၄၃ ရွာတို့တွင် စီမံကိန်းလုပ်ငန်းခွဲပြီးစီးမှု ၈၅ ရာခိုင်နှုန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**





**တောတောင်ခြောက်ခန်း၊ လယ်ယာနွမ်း၏။**

# မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင် ရွေးကောက်ပွဲ ကော်မတီဝင်လောင်းများ မြို့နယ်/ရပ်ကွက်အလိုက် မဲဆွယ်စည်းရုံး

**မန္တလေး စက်တင်ဘာ ၁၂**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဝင်ရွေးကောက်ပွဲကို စက်တင်ဘာ ၂၅ ရက်တွင် မန္တလေးခရိုင် ခြောက်မြို့နယ်တွင် နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပမည်ဖြစ်သည်။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ရွေးကောက်ပွဲ ကျင်းပရာတွင် ဥပဒေနှင့်အညီလွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေးအတွက် ကော်မတီဝင်လောင်းများ မဲဆွယ်စည်းရုံးရန် စက်တင်ဘာ ၇ ရက်မှ ၂၃ ရက် ည ၁၂ နာရီအထိ ၁၇ ရက် သတ်မှတ်ပေးထားပြီး ရွေးကောက်ပွဲကျင်းပမည့်နေ့ရက် မတိုင်မီ တစ်ရက်မှစတင်၍ ရွေးကောက်ပွဲကျင်းပသည့်နေ့အထိ မဲဆွယ်စည်းရုံးခွင့်မပြုကြောင်း ရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ထားသည်။

ကော်မတီဝင်လောင်းများနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များသည် မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များကို ပြည်သူများသိရှိစေရန် စာရွက်စာတမ်း၊ လက်ကမ်းစာစောင်များ ရေးသားပုံနှိပ်ဖြန့်ချိရာတွင် တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် စုဝေးဟောပြောရာတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေသည့် ပြုလုပ်မှု၊ ဟောပြောမှု၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကိုထိခိုက်စေသည့် ပြုလုပ်မှု၊ ဟောပြောမှု၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများအား လေးစားလိုက်နာမှုမရှိသည့် ပြုလုပ်မှု၊ ဟောပြောမှု၊ နိုင်ငံတော်အကြည်ညိုပျက်စေရန် ဂုဏ်သိက္ခာထိပါးစေသော ပြုလုပ်မှု၊ ဟောပြောမှု၊ တပ်မတော်ပြိုကွဲရေးကို ဖြစ်ပေါ်စေရန်(သို့)တပ်မတော်၏ ဂုဏ်သိက္ခာထိခိုက်စေသောပြုလုပ်မှု၊ ဟောပြောမှု၊ လူမျိုးရေး၊ ဘာသာရေးနှင့်ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့် ရေးသားဟောပြောစည်းရုံးလှုံ့ဆော်မှု၊ ဘာသာရေးကို မိမိအနိုင်ရရေးအတွက် အလွဲသုံးစားပြုလုပ်မှု၊ အစိုးရအားဆန့်ကျင်ဆန္ဒပြစေရန် သွေးထိုးလှုံ့ဆော်ဟောပြောမှုမပြုလုပ်ရန် တားမြစ်ထားသည်။ ကော်မတီဝင်လောင်းများ မဲဆွယ်စည်းရုံးရာတွင် နိုင်ငံရေးပါတီအထိမ်းအမှတ်တံဆိပ်၊ အလံ၊ ပါတီရုံး/ ခန်းမ၊ ယာဉ်များ အသုံးပြု၍ မဲဆွယ်စည်းရုံးခြင်းမပြုရန်၊ ဆိုင်းဘုတ်၊ ပိုစတာ၊ ဗီနိုင်းများစိုက်ထူ ချိတ်ဆွဲရန်အတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအဆောက်အအုံနှင့် ကုန်ရုံဌာနသို့ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လျှောက်ထား၍ ခွင့်ပြုချက်ရယူဆောင်ရွက်ရန်နှင့် ကြော်ငြာအရွယ်အစားကို အလျား ၅ ပေ၊ အနံ ၃ ပေဖြင့် ဆောင်ရွက်ရန် စည်းကမ်းချက်များ သတ်မှတ်ထားသည်။

မန္တလေး ခြောက်မြို့နယ်တွင် အောင်မြေသာစံမြို့နယ်တွင် ကိုယ်စားလှယ်လောင်း ငါးဦး၊ ချမ်းအေးသာစံမြို့နယ်တွင် ခြောက်ဦး၊ မဟာအောင်မြေမြို့နယ်တွင် ၁၂ ဦး၊ ချမ်းမြသာစည်မြို့နယ်တွင် ခြောက်ဦး၊ ပြည်ကြီးတံခွန်မြို့နယ်တွင် သုံးဦးနှင့် အမရပူရမြို့နယ်တွင် သုံးဦးရှိရာ ကိုယ်စားလှယ်လောင်းများ စက်တင်ဘာ ၇ ရက်မှ စတင်ပြီး တစ်အိမ်ဝင်တစ်အိမ်ထွက် ကိုယ်ရေးရာဇဝင်မှတ်တမ်း လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ မော်တော်ယာဉ်များဖြင့် လှည့်လည်ခြင်း၊ လမ်းဆုံများတွင် မဲဆွယ်ကြော်ငြာများ ချိတ်ဆွဲဆောင်ရွက်လျက်ရှိပြီး မြို့သူ မြို့သားများကလည်း ၂၀၁၅ ခုနှစ် စည်ပင်ရွေးကောက်ပွဲထက် စိတ်ဝင်စားမှုများပြားကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

# ရန်ကုန်ဗဟိုမီးပွိုင့်ထိန်းချုပ်ရေးစနစ် သတ်မှတ်ချိန်မပြီးသေး၍ မီးပွိုင့်အချို့တွင် ယာဉ်စည်းကမ်းလိုက်နာမှုအားနည်းနေသည်ကို မြင်တွေ့ရဆဲ

**ရန်ကုန် စက်တင်ဘာ ၁၂**

ရန်ကုန်မြို့တွင် ယာဉ်ကြောကျပ်တည်းမှုလျော့နည်းရေးအတွက် အကောင်အထည်ဖော် လုပ်ကိုင်နေသော ရန်ကုန်ဗဟိုမီးပွိုင့် ထိန်းချုပ်ရေးစနစ် အကောင်အထည်ဖော်နေခြင်းကို မတ် ၃၁ ရက်တွင် အပြီးတပ်ဆင်ရန် သတ်မှတ်ခဲ့သော်လည်း မပြီးသေး၍ ဩဂုတ် ၁ ရက်အထိ အချိန်တိုးပေးခဲ့သည်။ ယင်းသို့ မပြီးသေးသဖြင့် တစ်ရက်လျှင် ဒဏ်ကြေးကျပ်တစ်သိန်းနှုန်း ကုမ္ပဏီမှသက်ဆိုင်ရာသို့ ပေးဆောင်နေရသည်။ အောက်တိုဘာလအတွင်း အပြီးလုပ်ဆောင်ရန်ရှိသည်ဟု စက်တင်ဘာ ၆ ရက်တွင် ပုဂ္ဂလိကနေ့စဉ်သတင်းစာတွင် ဖော်ပြထားသည်။

ရန်ကုန်မြို့လယ် ယာဉ်ကြောပိတ်ဆို့မှုနေ့စဉ်များပြားနေသော ဘုန်းကြီးလမ်းမနှင့် မဟာဗန္ဓုလလမ်းမတို့ပေါ်ရှိ လမ်းဆုံမီးပွိုင့်များရှိသော နေရာများတွင် မီးပွိုင့်အချက်ပြသည့်အတိုင်း ယာဉ်အချို့ လိုက်နာမောင်းနှင်မှု အားနည်းနေဆဲဖြစ်ပြီး လမ်းဆုံအချို့တွင် ယာဉ်ထိန်းရဲတစ်ဦးသာရှိပြီး ယာဉ်ထိန်းရဲမရှိသော လမ်းဆုံမီးပွိုင့်များတွင်လည်း မြင်တွေ့နေရသည်။

မီးပွိုင့်လမ်းဆုံ မျဉ်းဝါကွက်အတွင်း ပိတ်ဆို့နေရာယူခြင်းများ ရှိနေသဖြင့် မီးပွိုင့် အချက်ပြထားသည့်အတိုင်း ယာဉ်မောင်းနှင်၍ မရဖြစ်နေသည်။ အရေးယူ ဆောင်ရွက်ပေးမည့် ယာဉ်ထိန်းမရှိခြင်း၊ ရှိသော်လည်း တစ်ဦးတည်းသာ ဖြစ်နေခြင်း၊ အထူးသဖြင့် ဘုန်းကြီးလမ်းမပေါ်ရှိ အနော်ရထာလမ်းမ၊ မဟာဗန္ဓုလလမ်းဆုံနေရာများ၊ လမ်းမတော်လမ်းမပေါ်ရှိ အနော်ရထာနှင့် မဟာဗန္ဓုလလမ်းဆုံနေရာများတွင် နေ့စဉ်နီးပါး မကြာခဏမြင်တွေ့နေရကြောင်း အဆိုပါ လမ်းကြောင်းများတွင် နေ့စဉ်ဖြတ်သန်း သွားလာနေသော ယာဉ်မောင်းနှင်သူများက ဆိုသည်။

ရန်ကုန်မြို့တွင် ယာဉ်ထိန်းရဲအင်အား လုံလောက်မှုမရှိသေးသည့် ယခုကာလများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးအတွက် အထောက်အကူဖြစ်စေမည့် ရန်ကုန်ဗဟိုမီးပွိုင့်ထိန်းချုပ်ရေးစနစ်တစ်ရပ် သတ်မှတ်ချိန်အမီ ပြီးစီးဆောင်ရွက်ရန် အလျင်အမြန် လိုအပ်နေသည်။ သို့မှသာ စက်တင်ဘာ ၁ ရက်မှစ၍ ဆောင်ရွက်နေသော ယာဉ်စည်းကမ်းလိုက်နာရေးကို အထောက်အကူပြုစေသည့် ယာဉ်ကြောရှင်းလင်းဖမ်းဆီးရေး ရက်အကန့်အသတ်မရှိ လုပ်ဆောင်နေမှုတွင် ပြည်သူများ ပူးပေါင်းပါဝင်ရန် လိုအပ်လျက်ရှိသည်။ သက်ဆိုင်ရာက ရှင်းလင်းနေသည့် လမ်းမကြီးများတွင် ရန်ကုန်မြို့လယ်ရှိ နေ့စဉ်နီးပါး ယာဉ်ပိတ်ဆို့မှုရှိနေသည့် အနော်ရထာလမ်းမ၊ မဟာဗန္ဓုလလမ်းမ၊ ကမ်းနားလမ်းမဟောင်းနှင့် ကုန်သည်လမ်းတို့ မပါဝင်သေးဟု သိရသည်။ သို့ဖြစ်ရာ ရန်ကုန်မြို့တွင်းဝန်းကျင်သို့ လာရောက်အလုပ်လုပ်ကိုင်နေသူများ၊ မြို့လယ်ဖြတ်သန်းနေရသူများ နေ့စဉ်ကြုံတွေ့နေရသည့် မီးပွိုင့်အချို့တွင် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရမှုတို့အပေါ် ပြုပြင်ပေးနိုင်ရန်နှင့် မီးပွိုင့်အချက်ပြစနစ်အပေါ် လိုက်နာမှုအားနည်းနေခြင်းများကို အရေးယူရန် လိုအပ်နေသည်ဟု တာမွေမြို့နယ်မှ ဘုရင့်နောင်ဈေးပွဲရုံမှတ်တိုင်သို့ လိုင်းကားစီးသွားလာနေသူ ဒေါ်နွဲ့ရီက ဆိုသည်။

ရန်ကုန်မြို့တွင်းဖြတ် ယာဉ်လိုင်းများ များသော်လည်း ယာဉ်ကြောပိတ်ဆို့ ကြန့်ကြာမှုရှိနေ၍ မြေနီကုန်းဖြတ် ယာဉ်စီးရေနည်းသော ယာဉ်လိုင်းအချို့ကိုသာ ဒုက္ခခံစီးနင်းနေရသည်ဟု အဆိုပါအမျိုးသမီးက ဆို သည်။

**(မောင်စေအောင်)**






## ရပ်ကွက်လမ်းများတွင် လျှပ်စစ်မီး မီးပွင့်အလုံးရေ ၁၀၀ တပ်ဆင်

**မအီ စက်တင်ဘာ ၁၂**

နိုင်ငံတော်အစိုးရသည် ပြည်သူများလူနေမှုဘဝဖွံ့ဖြိုးတိုးတက်အောင် ဘက်စုံ၊ ကဏ္ဍစုံမှ ဆောင်ရွက်ပေးလျက်ရှိရာ ရခိုင်ပြည်နယ် သံတွဲခရိုင် မအီမြို့တွင် ဇွန် ၁၂ ရက်မှစတင်၍ လျှပ်စစ်မီးရရှိနေပြီဖြစ်သည်။

ရပ်ကွက်သာယာလှပရေးနှင့် ရပ်ကွက်နေပြည်သူများ အန္တရာယ်ကင်းရှင်းပြီး စိတ်အေးချမ်းသာစွာသွားလာနိုင်ရေး ရည်ရွယ်လျက် မအီမြို့ အမှတ်(၄) ရပ်ကွက် ပြင်ဝန်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းလွင်၊ ရပ်ကွက်ဖွံ့ဖြိုးရေးအဖွဲ့တို့ ဦးဆောင်လျက် ရပ်ကွက်လမ်းများတွင် လျှပ်စစ်မီး မီးပွင့်အလုံးရေ ၁၀၀ ကို အသုံးပြု၍ မြို့နယ်လျှပ်စစ်မှူး ဦးကျော်သိန်းဦးနှင့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများက စက်တင်ဘာ ၁၀ ရက်က တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

**(၅၂၂)**

# တိုင်းရင်းဆေးကောင်စီဥပဒေပြင်ဆင်ရေး ညှိနှိုင်းဆွေးနွေး

**မန္တလေး စက်တင်ဘာ ၁၂**

ပြည်သူ့လွှတ်တော် ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် မြန်မာတိုင်းရင်းဆေးသမားတော်ကြီးများပူးပေါင်း၍မြန်မာ့တိုင်းရင်းဆေးပညာဖွံ့ဖြိုးရေး တိုင်းရင်းဆေးကောင်စီဥပဒေ ပြင်ဆင်ရေးညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိတိုင်းရင်းဆေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)(ငြိမ်း) ဦးဝထွန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော်ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ဦးမြင့်ဦးတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် တိုင်းရင်းဆေးကောင်စီဝင် ဦးဝင်းကိုက တိုင်းရင်းဆေးကောင်စီဥပဒေ လက်ရှိအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍တိုင်းရင်းဆေးလူငယ်ဦးဆောင်ကော်မတီကိုယ်စားလှယ်က တိုင်းရင်းဆေးကောင်စီဥပဒေပြင်ဆင်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများအား ရှင်းလင်းတင်ပြပြီး တက်ရောက်လာသော တိုင်းရင်းဆေးသမားတော်ကြီးများက အကြံပြုဆွေးနွေးကြသည်။

ထို့နောက် တိုင်းရင်းဆေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဦးထွန်းမြင့်က ဆွေးနွေးချက်များနှင့်ပတ်သက်၍စုစည်းတင်ပြသည်။ တိုင်းရင်းဆေးကောင်စီတွင် အဖွဲ့ဝင် ၁၁ ဦးဖြင့် ဖွဲ့စည်းထားရာ တိုင်းရင်းဆေးပညာရှင်များဖြင့် တိုးချဲ့ဖွဲ့စည်းရေး၊ လွတ်လပ်သည့် အဖွဲ့အစည်းအဖြစ် ပြင်ဆင်ဖွဲ့စည်းရေး အကြံပြုတင်ပြဆွေးနွေးခဲ့ကြသည်။

**(မောင်ပြည်သူ)**



# တနင်္သာရီ၌ မူးယစ်ဆေးဝါးသုံးစွဲနေသူများ ဆေးဖြတ်နိုင်ရေး စတင်ဆောင်ရွက်

**မြိတ် စက်တင်ဘာ ၁၂**

မြိတ်ခရိုင် တနင်္သာရီမြို့နယ် အတွင်းရှိ ရပ်ကွက်/ကျေးရွာများ၌ မူးယစ်ဆေးဝါးသုံးစွဲနေသူများ ဆေးဖြတ်ကုသနိုင်ရေးအတွက် စာရင်းပေးထားသူများကို တနင်္သာရီမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးနှင့် ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီခွဲခန့်က တနင်္သာရီမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် ဆေးဖြတ်ကုသမှုခံယူနိုင်ရန်အတွက် ဆေးဖြတ်မည့် အမျိုးသား၊ အမျိုးသမီး ၂၆ ဦးတို့အား စတင်စစ်ဆေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

တနင်္သာရီမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများ၌ မူးယစ်ဆေးဝါးသုံးစွဲနေသည့် ဆေးဖြတ်ကုသမည့်သူ အမျိုးသား ၂၄ ဦးနှင့် အမျိုးသမီး နှစ်ဦး စုစုပေါင်း ၂၆ ဦးတို့အား တနင်္သာရီမြို့မရဲစခန်းမှူး ဒုတိယရဲမှူး တင်အောင်၏ ကြီးကြပ်မှုဖြင့် တနင်္သာရီမြို့နယ် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာဇော်အောင်နှင့် ဝန်ထမ်းများက သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ဆေးဖြတ်လူနာများကို တနင်္သာရီမြို့နယ် ပြည်သူ့ဆေးရုံကြီး ပြင်ပလူနာကုသဆောင်တွင် အားပေးစကားပြောကြားခြင်း၊ အသိပညာပေးပြောကြားခြင်း၊ ဆေးဖြတ်နိုင်ရေးအတွက် စမ်းသပ်စစ်ဆေးခြင်း၊ လိုအပ်သော ဆေးဝါးများ ထောက်ပံ့ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဆေးဖြတ်သူများ၏ အခြေအနေအပေါ်မူတည်၍ ဆေးရုံတက်ရောက်ကုသ၍ ဆေးဖြတ်စေခြင်း၊ မိဘအုပ်ထိန်းမှုအောက်တွင်နေထိုင်၍ ပုံမှန်ဆေးရုံပြသဆေးသောက်၍ ဆေးဖြတ်စေခြင်းဟူ၍ ဆေးဖြတ်နည်းနှစ်နည်းဖြင့် ဆေးဖြတ်စေရေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မူးယစ်ဆေးဝါးဖြတ်လိုသည့် အမျိုးသား၊ အမျိုးသမီးများအနေဖြင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများထံတွင် မိဘအုပ်ထိန်းသူနှင့်အတူ လာရောက်စာရင်းပေးသွင်းနိုင်ပြီး ဆေးဖြတ်ခြင်းအတွက် ငွေကြေးကုန်ကျမှုမရှိဘဲ ဆေးပြတ်သည်အထိ ကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တနင်္သာရီမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**မြင့်ဦး(မြိတ်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၁၂**

ရန်ကုန်(ရွှေဈေး) - ၈၆၅၅၀၀ - ၈၆၅၅၀၀၊ မန္တလေး(ရွှေဈေး) ၈၆၅၅၀၀ - ၈၆၅၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၃၀/၅၅၀ ကျပ်၊ | ၅၆၀/၅၈၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၀၀/၆၂၀ ကျပ်၊ | ၆၈၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၃၀/၅၄၀ ကျပ်၊ | ၅၈၀/ ၆၀၀ ကျပ် |
| (ဃ) အဆင့်မြင့် ဒီဇယ် | တစ်လီတာ | ၅၆၀/၅၈၀ ကျပ်၊ | ၆၁၀/၆၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၉၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၃၆ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၉၅ ကျပ်

**၅-၉-၂၀၁၆ ရက်နေ့မှ ၈-၉-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၅၁၇ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၅၁၄ ကျပ် ဖြစ်ပါသည်** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၁၅. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၆၅. ၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၁. ၉၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၄. ၈၆၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၈. ၅၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၁၆၃ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၈၃. ၉ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၉. ၄၀ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၅. ၇၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၉၃. ၄၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ



## ရုပ်မြင်သံကြားအစီအစဉ်များ

[၁၃- ၉ -၂၀၁၆ (အင်္ဂါနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညပိုင်း
၆း၀၀ အဖွင့်
မိုးလေဝသအစီအစဉ်
နိုင်ငံတကာရုပ်ရှင်
ဇာတ်ဝင်တေးများ
၆း၁၅ X Sports
၆း၄၀ MRTV Entertainment Music
၇း၀၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
“ရွှေရောင်လွှမ်းတဲ့နေ့သစ်ဆီ”
(အပိုင်း-၈၃)
၇း၄၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
“ကိုယ့်ဘဝ ကိုယ့်အိပ်မက်”
(အပိုင်း-၄၃)
၈း၂၀ MRTV Entertainment Music
၈း၂၅ နိုင်ငံခြားရုပ်ရှင် “Johnday”
၁၀း၂၅ မြန်မာဗီဒီယိုဇာတ်လမ်း၏
“မယားပြိုင်”
၁၄-၉-၂၀၁၆ (ဗုဒ္ဓဟူးနေ့)
နံနက်(၀၀း၀၀)နာရီမှ
(၀၆း၀၀ ထိကို
အထက်ပါအစီအစဉ်အတိုင်း
ပြသပါသည်။
နံနက်(၀၆း၀၀)နာရီမှ
(၀၈း၂၅ထိကို အမှတ်စဉ် (၁)မှ
(၆)ထိ ပြသပါသည်။
၈း၂၅ မြန်မာဗီဒီယိုဇာတ်လမ်း
“မယားပြိုင်”
၁၀း၁၀ နိုင်ငံခြားရုပ်ရှင် “Johnday”
နေ့လယ်(၁၂း၀၀)မှ (၀၄း၀၀) ထိကို
အမှတ်စဉ် (၁)မှ(၆)ထိနှင့် (၉)
ပြသပါသည်။
ညနေပိုင်း
၄း၀၀ -သီလဝတောင် ပြုံးသွားတယ်
၄း၂၀ -ကာတွန်းအစီအစဉ်
“102 Dalmatians”
၆း၀၀ အစီအစဉ်ပြီး၏။

### မြန်မာ့ရုပ်မြင်သံကြား News Channel

နံနက်ပိုင်း
၆း၀၀ မင်းကွန်းဆရာတော်ကြီး၏
ပရိတ်တရားတော်
၇း၃၅ လူမှုစီးပွားမြင်ကွင်းများ
၈း၃၅ ၂၀၁၆ခုနှစ်၊ (၂၂)ကြိမ်မြောက်
မြန်မာတိုင်းရင်းသားတို့၏
ရိုးရာယဉ်ကျေးမှု အဆို၊ အက၊
အရေး၊ အတီးပြိုင်ပွဲ
ပြိုင်ပွဲဝင်များလေ့လာနိုင်ရန်
(အဆိုဘာသာရပ်) (မဟာဂီတ)
(ဝါသနာရှင်(ပထမတန်း) အဆင့်)
(အမျိုးသား၊ အမျိုးသမီး)
၈း၅၀ “အန္တရာယ်ကိုသတိနှင့် စည်းကမ်း
တကျစားကွမ်းယာကြိုက်သူများ”
၉း၃၅ မြန်မာ့ရုပ်မြင်သံကြား
လူငယ်အစီအစဉ်
၁၀း၃၅ မြန်မာ့ရုပ်မြင်သံကြား
ပညာရေးအစီအစဉ်
၁၁း၁၅ “ဘေးအန္တရာယ်အသိကြွယ်
ဘဝများစွာကာကွယ်မယ်”
(ငလျင်၏လေ့ကျင့်ခန်း)
၁၁း၃၅ “စက်တင်ဘာလ
လပတ်မိုးလေဝသအစီအစဉ်
၁၂း၅၀ ဒီမိုကရေစီစိတ်ထား
(အပိုင်း-၂)
၁း၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ
“မကြွေတဲ့နှင်းဆီ”(အပိုင်း-၇၇)
၂း၀၅ (၂၁)ကြိမ်မြောက်
မြန်မာတိုင်းရင်းသားတို့ရဲ့
အဆို၊ အက၊ ရေး၊
အတီးပြိုင်ပွဲ (အကပြိုင်ပွဲ)
၂း၂၀ KARAOKE World Championships (KWC) Myanmr-2016 (LEVEL-1)(Group-4)
၃း၃၅ လူမှုစီးပွားမြင်ကွင်းများ
၄း၁၅ ၂၀၁၆ခုနှစ်၊ (၂၂)ကြိမ်မြောက်
မြန်မာတိုင်းရင်းသားတို့၏
ရိုးရာယဉ်ကျေးမှု အဆို၊ အက၊
အရေး၊ အတီးပြိုင်ပွဲ၊
ပြိုင်ပွဲဝင်များလေ့လာနိုင်ရန်
(အဆိုဘာသာရပ်)
(အမျိုးဂုဏ်ဇာတိဂုဏ်
မြှင့်တင်ရေး (ဝါသနာရှင်
(ဒုတိယတန်း)အဆင့်)
(အမျိုးသား)
၄း၃၅ Football Magazine
(ဧရာဝတီယနိုင်တက်အသင်း)
၅း၁၅ “ဖွံ့ဖြိုးမှုပြယုဂ်များဖြင့်
သက်သေပြနေသည့်ကျွန်းစု”
၅း၃၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ
စကားဝိုင်း (Episode-15)
(Part-4) (လမ်းပန်းဆက်သွယ်ရေး
ကောင်းမွန်ခြင်းဟာ
တိုင်းပြည်အတွက်ဘယ်လို အကျိုး
သက်ရောက်မှုရှိလဲ)(အပိုင်း-၁)
၆း၃၅ ကြယ်ပွင့်များရဲ့ရင်ခုန်သံ

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်
၇း၁၅ မေတ္တာပို့
၇း၂၀ ဓမ္မပူဇာတေး
၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၈း၁၅ DVD Hits
၈း၄၅ ခရီးလည်းသွားစကားလည်းဆို
၉း၁၀ World Wide Web
၉း၄၅ ရင်မှာစွဲလန်းတော်ဝင်ပန်း
၁၀း၁၅ Books Guide
၁၀း၃၀ Guide For You
၁၀း၄၅ သီချင်းလက်ဆောင်
၁၁း၁၀ မြတ်နိုးစရာရိုးရာလက်မှုပညာ
၁၁း၂၅ Sportcast
၁၁း၄၅ လူတိုင်းကျန်းမာသိမှတ်စရာ
၁၂း၂၅ ကျန်းမာသုတ
၄း၃၅ အင်္ဂလိပ်စာသုတ
၄း၄၀ မြန်မာသံစဉ်ချိုနားဝင်
၅း၀၀ Sport Review
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- မင်းသမီးနဲ့ကျွန်တော်
အပိုင်း(၅၄)
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- အရုဏ်ဦးရဲ့ချစ်ပန်းသခင်
အပိုင်း(၅၅)
၆း၁၀ Taste On The Street
၆း၃၅ Dream Team ရဲ့စိန်ခေါ်မှုများ
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- မြစ်တစ်စင်းရဲ့အလကၤာ
အပိုင်း(၄၆)
- VOA အင်္ဂလိပ်စာသင်ခန်းစာ
- ဟာသရုပ်စုံ
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- အဏ္ဏဝါချစ်သူ
အပိုင်း(၂၂)

### MRTV-4

၅း၀၀ ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၄၀ “သီလပါရမီ”တရားတော်
[ဆရာတော်အရှင်ရာဇိန္ဒ
(ရဝေနွယ်-အင်းမ)]
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ်
(Myanmar Imperial College Annual Graduation Ceremony 2016)
၈း၀၀ “မင်္ဂလာပါ”The Morning Show
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၁၅ သွားမယ်စားမယ်
(Cafe's MILANO Bar & Resturant)
၁၂း၃၅ အနုပညာမိုးကောင်းကင်
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ
“ကိုလူပျို” (အပိုင်း-၄၆)
၄း၀၅ Cartoon Series
(Englisg Play Ground)
၆း၀၀ Health Fix
၈း၁၀ ရသစုံညွှန်တမ်းများ
၈း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
“အချစ်သစ္စာတည်စေသော်”
(အပိုင်း-၁၀၈)
၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
“သူရသတ္တိ မိန်းမလှလေး”
(အပိုင်း-၃၁)
၉း၅၀ အနုပညာမိုးကောင်းကင်
၁၀း၁၀ MRTV-4 Stage
၁၁း၃၀ World Of Knowledge
(Hooked: Vampire Fish)

# အားလပ်ချိန်တွင် ယူနီဆက်နှင့်အတူ ကလေးငယ်များ၏ ပညာရေးရန်ပုံငွေရှာဖွေပေးနေသည့် တေးသံရှင် Bada

ကိုရီးယားရုပ်ရှင်သရုပ်ဆောင်နှင့် တေးသံရှင် Bada က အားလပ်ချိန်များတွင် ကလေးငယ်များ၏ ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် ယူနီဆက်နှင့်ပူးပေါင်းကာ ရန်ပုံငွေရှာဖွေခြင်း လုပ်ငန်းများကို စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




ယူနီဆက်၏ ကလေးငယ်များအတွက် ပညာရေး Campaign ကို စက်တင်ဘာ ၁၀ ရက်မှ ၂၅ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ပြီး ယင်း Campaign ဖြစ်တည်လာရခြင်းမှာ လာအိုနိုင်ငံရှိ ကျောင်းမတက်နိုင်သည့် ရှစ်နှစ်အရွယ်ကလေးငယ်၏ ဖြစ်စဉ်မှ စတင်ခဲ့ကြောင်းလည်း သိရသည်။

အာရှဒေသတွင် ကျောင်းမတက်နိုင်သူ ကလေးငယ် ဦးရေမှာ ၃၆ သန်းခန့်နှင့် ကျောင်းလုံးဝမနေဖူးသည့် ကလေးငယ်အရေအတွက်မှာ ၅ ဒသမ ၆ သန်းခန့်ရှိကြောင်း ယူနီဆက်၏ စာရင်းဇယားများအရ သိရသည်။

Bada သည် အဖွဲ့လိုက်ကေပေါ့ပ်ဂီတလှုပ်ရှားမှုများနှင့် တစ်ကိုယ်တော်လှုပ်ရှားမှုများအပြင် သရုပ်ဆောင်ပိုင်းတွင်လည်း ထူးချွန်သူတစ်ဦးဖြစ်သည်။

**မျိုးစန္ဒာမောင်
စုစည်းသည်**

# ကမ္ဘာ့ရုပ်ရှင်လောက၏ သက်တမ်းအရင့်ဆုံးရုပ်ရှင်ပွဲတော်တစ်ခုဖြစ်သည့် ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော် အောင်မြင်စွာပိတ်သိမ်း

၁၉၃၂ ခုနှစ်က စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ကမ္ဘာ့ရုပ်ရှင်လောက၏ သက်တမ်းအရင့်ဆုံး ရုပ်ရှင်ပွဲတော်တစ်ခုလည်းဖြစ်ကာ ကမ္ဘာ့အထင်ကရ ရုပ်ရှင်ပွဲတော် သုံးခုတွင် တစ်ခုအပါအဝင်ဖြစ်သည့် အီတလီနိုင်ငံ ဗင်းနစ်မြို့မှ ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ဩဂုတ် ၃၁ ရက်မှ စက်တင်ဘာ ၁၀ ရက်အထိ ကျင်းပခဲ့ပြီး အောင်မြင်စွာပိတ်သိမ်းနိုင်ခဲ့သည်။

အဆိုပါရုပ်ရှင်ပွဲတော်တွင် အမြင့်ဆုံးဆုတစ်ခုဖြစ်သည့် Golden Lion ဆုကို ဖိလစ်ပိုင်ဒရမ်မာဇာတ်ကား တစ်ကားဖြစ်သည့် The Woman Who Left က ရရှိဆွတ်ခူးခဲ့ပြီး Grand Jury Prize ကို အမေရိကန် သည်းထိတ်ရင်ဖိုဇာတ်ကား Nocturnal Animals ကလည်းကောင်း၊ Silver Lion ဆုကို မက္ကဆီကို ရုပ်ရှင်ဒါရိုက်တာ Amat Escalante နှင့် ရုရှားဒါရိုက်တာ Andrei Konchalovsky တို့က ဆွတ်ခူးရရှိခဲ့ကြသည်။

ထို့အပြင် အဆိုပါရုပ်ရှင်ပွဲတော်၏ ဖွင့်ပွဲပွဲစဉ်အဖြစ် ပြသခဲ့သည့် ဒရမ်မာဇာတ်မြူးကား La La Land မှ မင်းသမီး အမ်မာစတုန်းက အကောင်းဆုံး မင်းသမီးဆုကိုလည်းကောင်း၊ The Distinguished Citizen ဇာတ်ကားမှ အာဂျင်တီးနားသရုပ်ဆောင်မင်းသား Oscar Martínez က အကောင်းဆုံး မင်းသားဆုကို လည်းကောင်း၊ နိုင်ငံတကာရုပ်ရှင်အတတ်ပညာရှင်များ ပူးပေါင်းထုတ်လုပ်ထားသည့် အတ္ထုပ္ပတ္တိဒရမ်မာဇာတ်ကား Jackie ၏ ဇာတ်ညွှန်းရှင် Noah Oppenheim က အကောင်းဆုံးဇာတ်ညွှန်းဆုကို လည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

၎င်းအပြင် ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်၏ အထူးဆုများဖြစ်သည့် Special Jury Prize ကို The Bad Batch ကလည်းကောင်း၊ Marcello Mastroianni Award ကို Paula Beer ကလည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

(၇၃)ကြိမ်မြောက် ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ဂျူရီအဖွဲ့ဝင်များအဖြစ် ဂျိမ်းစ်ဘွန်းဒါရိုက်တာ ဆမ်မန်ဒက်စ်ခေါင်းဆောင်ပြီး အမေရိကန်၊ အင်္ဂလိပ်၊ အီတလီ၊ ဂျာမန်၊ ဗင်နီဇွဲလားနှင့် တရုတ် ရုပ်ရှင်ပိုင်းဆိုင်ရာအတတ်ပညာရှင်များပါဝင်သောအဖွဲ့က ရွေးချယ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ယခုကျင်းပသည့် ဗင်းနစ်နိုင်ငံတကာ ရုပ်ရှင်ပွဲတော်အပါအဝင် ကန်းစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်နှင့် ဘာလင်နိုင်ငံတကာရုပ်ရှင်ပွဲတော်တို့ကို ကမ္ဘာ့ရုပ်ရှင်လောကတွင် အကြီးမားဆုံးသော ရုပ်ရှင်ပွဲတော်သုံးခုအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

(၇၄)ကြိမ်မြောက်အဖြစ် ကျင်းပမည့် အီတလီနိုင်ငံ၏ ဗင်းနစ်နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ၂၀၁၇ ခုနှစ် ဩဂုတ် ၃၀ ရက်မှ စက်တင်ဘာ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းလည်း သိရသည်။



Marcello Mastroianni Award ရရှိသူ
မင်းသမီး Paula Beer။



အကောင်းဆုံးမင်းသမီးဆုရရှိသူ La La Land ဇာတ်ကားမှ
မင်းသမီး အမ်မာစတုန်း။

# ဂျိုကိုဗစ်ချ်ကို အနိုင်ကစားပြီး ယူအက်စ်အိုးပင်းချန်ပီယံဆုကို ဝေါ်ရင်ကာ ဆွတ်ခူး



ယူအက်စ်အိုးပင်းအမျိုးသားတစ်ဦးချင်း ဗိုလ်လုပွဲစဉ်တွင် ဆွစ်ဇာလန်မှ စတန်းဝေါ်ရင်ကာသည် လက်ရှိချန်ပီယံလည်းဖြစ်၊ ကမ္ဘာ့အဆင့်(၁) ကစားသမားလည်းဖြစ်သူ ဂျိုကိုဗစ်ချ်အား အနိုင်ကစားပြီး ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့သည်။ ဝေါ်ရင်ကာမှာ ပွဲအစတွင် အမှားအယွင်းများခဲ့သော်လည်း ပွဲချိန်ကြာလာသည်နှင့်အမျှ ကြံ့ခိုင်မှုမပြည့်ဝသူ ဂျိုကိုဗစ်ချ်အား အသာရကာ ၆-၇(၁-၇)၊ ၆-၄၊ ၇-၅၊ ၆-၃ ဖြင့် အနိုင်ယူနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဗိုလ်လုပွဲစဉ်မှာ လေးနာရီနီးပါးကြာအောင် ကစားခဲ့ရသည့်အတွက် လက်မောင်းဒဏ်ရာ အနည်းငယ်ရှိနေသော ဂျိုကိုဗစ်ချ်အတွက် အခက်တွေ့ခဲ့ရခြင်းဖြစ်ပြီး နောက်ဆုံးပွဲငယ်တွင်လည်း ခြေမအနည်းငယ်ရောင်ရမ်း၍ အရည်ကြည်ဖုနာဖြစ်ခဲ့ရာ မိနစ်အနည်းငယ် အနားယူဆေးကုသမှုခံယူခဲ့ရသည်။ ဂျိုကိုဗစ်ချ်က ပြိုင်ပွဲယှဉ်ပြိုင်နေစဉ်အတွင်း "ခဏလေးပါ စတန်း(ဝေါ်ရင်ကာ)ရေ၊ ကျွန်တော့်ခြေထောက်က ရပ်မရတော့ဘူး" လို့ အော်ပြောကာ အနားယူခဲ့ရသေးသည်။

ဂျိုကိုဗစ်ချ်၏ ဗိုလ်လုပွဲစဉ်သို့တက်လှမ်းခဲ့ရာ လမ်းကြောင်းတစ်လျှောက် ပြိုင်ဘက်သုံးဦးမှာ ဒဏ်ရာပြဿနာများကြောင့် အနားယူသွားခဲ့ကြသည်ဖြစ်ရာ ကစားချိန်စုစုပေါင်း ကိုးနာရီလောက်သာ ကစားခဲ့ရသော်လည်း ဝေါ်ရင်ကာမှာ ၁၈ နာရီကျော် ယှဉ်ပြိုင်ပြီးမှသာ ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဝေါ်ရင်ကာအနေဖြင့် ယူအက်စ်အိုးပင်း ချန်ပီယံဆု ရရှိရန်အတွက် ၂၁ နာရီ ၄၉ မိနစ်ကြာအောင် ယှဉ်ပြိုင်ခဲ့ရသည်။

ဝေါ်ရင်ကာက "ကျွန်တော်ဟာ ပြိုင်ပွဲတိုင်းကို အကောင်းဆုံးယှဉ်ပြိုင်မယ်ဆိုတဲ့ ဆန္ဒပဲရှိပါတယ်။ ဂရင်းစလင်း ချန်ပီယံဘယ်နှဆုရယူအောင် ကစားမယ်ဆိုတဲ့ ရည်မှန်းချက်မျိုးကျွန်တော့်မှာ မရှိပါဘူး"ဟု ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဝေါ်ရင်ကာမှာ ၂၀၁၄ ခုနှစ် ဩစတြေးလျအိုးပင်း၊ ၂၀၁၅ ပြင်သစ်အိုးပင်းတို့တွင် ဗိုလ်စွဲနိုင်ခဲ့ပြီးဖြစ်ရာ ၂၀၁၆ ယူအက်စ်အိုးပင်းချန်ပီယံဆုသည် ၎င်းအတွက် သုံးခုမြောက် ဂရင်းစလင်း ချန်ပီယံဆုဖြစ်လာခဲ့သလို ဂရင်းစလင်းပြိုင်ပွဲများတွင် ဗိုလ်လုပွဲတက်ရောက်တိုင်း တစ်ကြိမ်တစ်ခါမျှ မရှုံးနိမ့်သည့် စံချိန်ကိုပါ ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။

ဝေါ်ရင်ကာမှာ ၂၀၁၅ ခုနှစ် ပြင်သစ်အိုးပင်းဗိုလ်လုပွဲတွင်လည်း ဂျိုကိုဗစ်ချ်အား အနိုင်ကစားခဲ့သူဖြစ်ရာ ဂျိုကိုဗစ်ချ်မှာ ဝေါ်ရင်ကာနှင့် ဗိုလ်လုပွဲတွေ့ဆုံတိုင်း ရလဒ်မကောင်းတတ်သည့် အစဉ်အလာကို မဖယ်ရှားနိုင်ဘဲ ထပ်မံအရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ဂျိုကိုဗစ်ချ်မှာ ဂရင်းစလင်းချန်ပီယံဆု ၁၂ ခုအထိ ရယူနိုင်ခဲ့ပြီးဖြစ်ရာ ယခုယူအက်စ်အိုးပင်းတွင် သူ့အတွက် (၁၃)ကြိမ်မြောက် ဂရင်းစလင်းချန်ပီယံဆုကိုရယူရန် ရည်မှန်းထားသော်လည်း ကြံ့ခိုင်မှုမပြည့်ဝခြင်းက သူ၏အိပ်မက်အတွက် အတားအဆီးတစ်ခုဖြစ်ခဲ့ခြင်း ဖြစ်သည်။

**မေလဲ့သင်း - စုစည်းရေးသားသည်**

# တစ်ပတ်အတွင်း အားကစားသတင်း သုံးသပ်ချက်

***ဒီတစ်ပတ်ထူးခြားတဲ့ အားကစားသတင်းတွေကို ဖော်ပြရရင် ယူအက်စ်အိုးပင်း အမျိုးသား၊ အမျိုးသမီးတင်းနစ်ပြိုင်ပွဲနှစ်ရပ်လုံးမှာ တစ်ကြိမ်တစ်ခါမျှ ချန်ပီယံမဖြစ်ဖူးသေးတဲ့ စတန်းဝေါ်ရင်ကာနဲ့ အန်ဂျလိခ်ကာဘာတို့ အောင်ပွဲခံနိုင်မှု၊ မန်ချက်စတာဒါဘီပွဲမှာ မန်ယူရဲ့အရှုံးအတွက် နည်းပြမော်ရင်ဟိုက မန်ယူကစားသမားတွေကို ပြစ်တင်ဝေဖန်ခဲ့ခြင်း၊ ဘာစီလိုနာအသင်းက အလာဗက်စ်အသင်းကို မထင်မှတ်ဘဲ အရေးနိမ့်ခဲ့ခြင်းနဲ့အတူ ဘာလော့တယ်လီက လီဗာပူးကို ပြောင်းရွှေ့ခဲ့ခြင်းက သူ့ဘဝတစ်သက်မှာ အဆိုးရွားဆုံး ဆုံးဖြတ်ချက်ဖြစ်ခဲ့တယ်လို့ ဖွင့်ဟခဲ့ခြင်းစတဲ့ စတဲ့ အကြောင်းအရာတွေနဲ့အတူ ထူးခြားတဲ့ အားကစားသတင်းအချို့ကို ပြန်လည်သုံးသပ်တင်ဆက်ပေးလိုက်ပါတယ်။***



### မန်ချက်စတာဒါဘီ

ပထမဦးဆုံးအနေနဲ့ မန်ယူအသင်း အိမ်ကွင်းမှာပဲ မြို့ခံပြိုင်ဘက် မန်စီးတီးကို ခြေစွမ်းအရရော၊ စိတ်ဓာတ်ရေးရာအရရော အသာမရခဲ့သလို ရလဒ်ပိုင်းပါ ရှုံးနိမ့်ခဲ့ရပြီး အခုထိ ထင်မြင်ချက်တွေပေးနေကြဆဲ မန်ချက်စတာဒါဘီရဲ့နောက်ဆက်တွဲ စကားသံတွေကို ဖော်ပြပေးသွားမှာပဲဖြစ်ပါတယ်။ မန်ယူအသင်းရခဲ့တဲ့ ချေပဂိုးဟာ ဂွါဒီယိုလာ ပွဲထုတ်ခဲ့တဲ့ ဂိုးသမား ဘရာဗိုရဲ့ အမှားကြောင့်ဆိုတာ ထင်ရှားခဲ့ပေမယ့် ဂွါဒီယိုလာကတော့ ဘရာဗိုကို အပြစ်တင်စရာအကြောင်းမရှိဘူးလို့ ပြောခဲ့ပါတယ်။ ပြီးတော့ ဘရာဗိုလို ဘောလုံးပိုင်ဆိုင်မှုကို ထောက်ပံ့ပေးတဲ့ ဂိုးသမားမျိုးကို သူအလွန်နှစ်သက်တယ်လို့ ချီးကျူးခဲ့ပါတယ်။

အရှုံးကို မြည်းစမ်းလိုက်ရတဲ့ မော်ရင်ဟိုကတော့ ဒါဘီပွဲစဉ်မှာ သူညွှန်ကြားတဲ့အတိုင်း လိုက်ပါကစားနိုင်ခြင်းမရှိတဲ့ ကစားသမား သုံး၊ လေးဦးရှိခဲ့ပြီး ဒီကစားသမားတွေရဲ့ အမှားတွေကြောင့် ဒီဘရိုင်းရဲ့ သွင်းဂိုးကို ခွင့်ပြုခဲ့ရတာလို့ ဝေဖန်ခဲ့ပါတယ်။ ဒါပေမယ့် ပွဲထွက်လူစာရင်းကို သူသာ ရွေးချယ်တာဖြစ်လို့ အားလုံးဟာ သူ့အမှားလို့သာ သဘောထားကြောင်း ဆိုခဲ့ပြန်ပါတယ်။ ဒါဘီပွဲမှာ မန်ယူအသင်းခေါင်းဆောင် ရွန်းနီဟာ မလိုအပ်ဘဲ ဒေါသတကြီး အပြုအမူတွေ ဆက်တိုက်လုပ်ဆောင်ခဲ့ပေမယ့် ဒီအကြောင်းကို မော်ရင်ဟို နှုတ်ဆိတ်နေခဲ့တာကတော့ ထူးခြားတယ်လို့ တောင်ပြောရမလိုပါပဲ။

ဒီပွဲမှာ မော်ရင်ဟို ပွဲထွက်ကစားသမားအဖြစ် အသုံးပြုခဲ့တဲ့ အမ်ခီတာယန်၊ ဖယ်လိုင်နီတို့ရဲ့ ဘောလုံးဖြန့်ဝေမှု နှေးပြီး အထလေးနေလို့လည်း မန်စီးတီးအသင်းအတွက် ထင်ထားတာထက်ပိုပြီး လွယ်ကူသွားခဲ့တာဖြစ်ပါတယ်။ တိုက်စစ်ကို အရှိန်မြှင့်ပေးနိုင်တဲ့ ရက်ရှ်ဖို့ဒ်ကို ဒုတိယပိုင်းမှ ထည့်သွင်းခဲ့တဲ့ မော်ရင်ဟိုရဲ့ ဆုံးဖြတ်ချက်ကလည်း အငြင်းပွားစရာဖြစ်နေပါတယ်။ သေချာတာက မန်ယူအသင်းအနေနဲ့ ဒုတိယပိုင်းမှာ ကစားသွားခဲ့တဲ့ ပုံစံအတိုင်းသာ ပွဲအစ အဆုံးကစားနိုင်ခဲ့ရင် မန်စီးတီးကို သေချာပေါက် အနိုင်ယူနိုင်မှာဖြစ်ပါတယ်။

### ယူရိုချန်ပီယံတဲ့လား

ယခုရက်သတ္တပတ်အတွင်း နိုင်ငံတကာ ခြေစမ်းပွဲတွေ၊ ခြေစစ်ပွဲတွေလည်းရှိတာကြောင့် ဒီပွဲစဉ်တွေထဲက ထူးခြားမှုအချို့ကိုလည်း ထုတ်နုတ်တင်ဆက်ပေးပါဦးမယ်။ ပြင်သစ်အသင်းဟာ ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ ဘီလာရုစ်ကိုတောင် ဂိုးမရှိသရေကျခဲ့တာကြောင့် ပြင်သစ်အသင်း တိုက်စစ်မြားဦးမှာကစားနေတဲ့ ဂီရော့ဒ်ရဲ့ စွမ်းဆောင်ရည်အပေါ် အားလုံးက မေးခွန်းထုတ်နေကြပြီး ပြင်သစ်နည်းပြဒက်ချွမ့်အနေနဲ့ တိုက်စစ်မှူး ဘင်ဇီမာကို လက်ရွေးစင်အသင်းအတွက် ပြန်လည်ခေါ်ယူဖို့ လိုအပ်နေပြီဆိုတဲ့ ဝေဖန်ချက်တွေ ဆက်တိုက်ထွက်လာပါတယ်။ ဒီလိုမှ မဟုတ်ရင် ပြင်သစ်အသင်း ကွင်းလယ်ကစားသမားတွေဖြစ်တဲ့ ဂရစ်ဇ်မန်း၊ ပါယက်တို့ ဂိုးမသွင်းနိုင်ရင် ယူရိုဖလားဗိုလ်လုပွဲစဉ်မှာလိုပဲ ကောင်းရှုံးကြီးဖြစ်နေဦးမှာလို့ မြင်နေကြပါတယ်။ ဒ့ါအပြင် အင်္ဂလန်အသင်းတိုက်စစ်မှာ ရွန်းနီနေရာ ရဖို့မရှိတော့ဘူးဆိုတဲ့ ယူဆချက်တွေ၊ ဆွစ်ဇာလန်ကို နှစ်ဂိုးပြတ်အရေးနိမ့်ခဲ့တဲ့ ပူပူနွေးနွေး ယူရို-၂၀၁၆ချန်ပီယံ ပေါ်တူဂီအသင်း ခြေစွမ်းမှန်ထွက်ခဲ့တာလားဆိုတဲ့ ဝေဖန်မှုတွေကလည်း ဒီတစ်ပတ်အတွက် ထူးခြားဖြစ်စဉ်တွေအဖြစ် ပါဝင်လို့နေပါတယ်။

### ဘာစီလိုနာရဲ့ အရှုံး

လာလီဂါပွဲစဉ်တွေမှာတော့ ဘာစီလိုနာရှုံးပွဲကြုံခဲ့ရပေမယ့် ရီးယဲလ်မက်ဒရစ်က နိုင်ပွဲဆက်နေသလို နှစ်ပွဲဆက်တိုက် သရေသာကစားနိုင်လို့ ဝေဖန်ခံနေရတဲ့ ဆီမြွန်နီရဲ့ အက်သလက်တီကိုက ဆယ်လ်တာဗီဂိုကို လေးဂိုးပြတ်အနိုင်ကစားပြီး နိုင်ပွဲစတင်ရယူသွားခဲ့ပါတယ်။ ဘာစီလိုနာအသင်းဟာ ဆဲလ်တစ်နဲ့ ချန်ပီယံလိဂ်ပွဲစဉ်ကစားဖို့ရှိတာကြောင့် အဓိကတိုက်စစ်မှူး မက်ဆီနဲ့ ဆွာရက်ဇ်တို့နှစ်ဦးကို အနားပေးခဲ့တာကြောင့် ရလဒ်ပိုင်းကပြောင်းကပြန် ဖြစ်သွားခဲ့တာဖြစ်ပါတယ်။ ဒီပွဲအရှုံးကတော့ အလှည့်ကျပွဲထွက်စနစ်ကြောင့် ဖြစ်လာတဲ့ အကျိုးဆက်ဖြစ်ပြီး အဓိက ပြိုင်ဘက် ရီးယဲလ်မက်ဒရစ်ရဲ့ နိုင်ပွဲဆက်မှုကလည်း ဘာစီလိုနာရဲ့အရှုံးကို ပိုပြီးခံရခက်စေမှာဖြစ်ပါတယ်။



### ချန်ပီယံသစ် ထွက်ပေါ်လာခဲ့တဲ့ ရာသီပိတ် ဂရင်းစလင်း

တင်းနစ်လောကရဲ့ ကြီးလေးကြီးထဲက ရာသီပိတ်ဂရင်းစလင်းဖြစ်တဲ့ ယူအက်စ်အိုးပင်းမှာ အမျိုးသားတစ်ဦးချင်းပွဲစဉ်မှာရော၊ အမျိုးသမီးတစ်ဦးချင်းပွဲစဉ်မှာပါ ချန်ပီယံသစ်တွေ ပေါ်ထွက်လာခဲ့တဲ့ သတင်းပါ။ ယူအက်စ်အိုးပင်းဟာ ဂရင်းစလင်းပြိုင်ပွဲတွေထဲမှာ ဆုကြေးအရဆုံး စလင်းတစ်ခုဖြစ်သလို ရာသီသိမ်းဂရင်းစလင်းဆုလည်း ဖြစ်ပါတယ်။ ဒါပေမယ့် ရာသီပိတ်သိမ်းခါနီး ဖြစ်တာနဲ့ အညီ ပွဲပန်းလာကြတဲ့ နာမည်ကျော်ကစားသမားတွေကြောင့် ယူအက်စ်အိုးပင်းဟာ အမြဲလိုလို ချန်ပီယံအသစ်တွေ ပေါ်ထွက်တတ်တာလည်း အစဉ်အလာတစ်ရပ်လို့တောင် ပြောရမလိုပါပဲ။ ဒီနှစ် ယူအက်စ်အိုးပင်းမှာ ကစားသမားတွေရဲ့ ဒဏ်ရာရရှိမှု အနေအထားကလည်း အမြင့်ဆုံးရှိနေခဲ့ပြီး ပြိုင်ပွဲက နုတ်ထွက်ခဲ့ရတဲ့ ကစားသမားတွေကြောင့် ဂျိုကိုဗစ်ချ်ဆို ဗိုလ်လုပွဲလမ်းကြောင်းရောက်ရှိဖို့ ခုနစ်ပွဲအတွင်း စုစုပေါင်းကစားချိန် ကိုးနာရီလောက်သာ ယှဉ်ပြိုင်ခဲ့ရပါတယ်။ ဆွစ်ဇာလန် တင်းနစ်ကစားသမား ဝေါ်ရင်ကာကတော့ ကြံ့ခိုင်မှုမပြည့်ဝတဲ့ ဂျိုကိုဗစ်ချ်ကို အနိုင်ယူပြီး သူ့အတွက် ပထမဦးဆုံး ယူအက်စ်အိုးပင်း ချန်ပီယံဆုကို ရယူသွားခဲ့သလို ကမ္ဘာ့အဆင့်(၁) ဂျာမနီတင်းနစ်မယ် ကာဘာကလည်း ပလက်စ်စကိုဗာကို အနိုင်ကစားနိုင်ခဲ့လို့ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲနှစ်ရပ်လုံးမှာ ချန်ပီယံအသစ်ထွက်ပေါ်လာခဲ့တဲ့ ယူအက်စ်အိုးပင်းလည်း ဖြစ်လာခဲ့ပါတယ်။

### ဘာလော့တယ်လီရဲ့ နောင်တ

နိုက်စ်အသင်းကို အလွတ်ပြောင်းရွှေ့ကြေးနဲ့ ထွက်ခွာသွားတဲ့ ဘာလော့တယ်လီကတော့ သူ့ရဲ့ပွဲဦးထွက်မှာ သွင်းဂိုးနှစ်ဂိုးသွင်းယူပေးပြီး သူ့ရဲ့တန်ဖိုးကို ပြသသွားပါတယ်။ ပွဲအပြီးမှာတော့ သူ့ကို အပြောင်းအရွှေ့ရာသီမတိုင်မီကတည်းက အသင်းသစ်ရှာဖို့ ညွှန်ကြားခဲ့တဲ့ လီဗာပူးနည်းပြ ဂျာဂန်ကလော့ပ်ကို တုံ့ပြန်တဲ့အနေနဲ့ သူ့ဘဝတစ်သက်မှာ နောင်တရစရာ ဖြစ်ရပ်တွေအများကြီးမရှိခဲ့ပေမယ့် လီဗာပူးကို ရွေးချယ်မိခြင်းက အဆိုးရွားဆုံး ဆုံးဖြတ်ချက်တစ်ခု ဖြစ်ခဲ့တယ်လို့ ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် လီဗာပူးက လက်စတာအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့တဲ့ ပွဲစဉ်မှာ ခြေစွမ်းပြပြီး ကိုယ်တိုင်ဂိုးသွင်းယူခဲ့သလို ဂိုးဖန်တီးမှု လုပ်ဆောင်ပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူးသစ်မာနီကြောင့် ဘာလော့တယ်လီရဲ့ စကားဟာ ဂျာဂန်ကလော့ပ်အတွက်တော့ တုန်လှုပ်စရာအကြောင်းမဖြစ်လောက်ပါဘူး။

### ပင်နယ်တီမဝင်မှာကို စိုးရိမ်နေရဆဲပဲလားတော့တီ

နောက်ထပ်ထူးခြားမှုတွေကတော့ အသက်(၃၉)နှစ်ရှိပြီဖြစ်တဲ့ ရိုးမားဝါရင့်တိုက်စစ်မှူး တော့တီက သူ့အနေနဲ့ ပင်နယ်တီကန်ခွင့်ရတိုင်း လွဲချော်မှာ စိုးရွံ့ဆဲပဲဖြစ်တယ်လို့ ဆမ်ဒိုရီးယားအသင်းကို သူ့ရဲ့ ပင်နယ်တီသွင်းဂိုးနဲ့ အနိုင်ယူပြီးနောက် ဖွင့်ဟခဲ့ခြင်း၊ ဘာစီလိုနာအနေနဲ့ ဆဲလ်တစ်ရဲ့ ခြေစွမ်းကြောင့် မှင်သက်အံ့ဩစေရမယ်လို့ ဆဲလ်တစ်တိုက်စစ်မှူး ဒမ်ဘီလီက ပွဲကြိုသတိပေးစကားပြောကြားလိုက်ခြင်း၊ မက်ဆီကို ချီးမွမ်းခဲ့တဲ့ ဇာဗီကို စီရိုနယ်ဒိုက ကလေးဆန်ဆန် ပြန်လည်ချေပခဲ့ခြင်းတွေဟာ ဒီတစ်ပတ်အတွက် အနည်းငယ် ထူးခြားမယ့်ဖြစ်ရပ်တွေလို့ ဆိုရမှာဖြစ်ပါတယ်။



**စက်တင်ဘာ ၁၄ ရက်နေ့ ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်များ**

ပီအက်စ်ဂျီ - အာဆင်နယ်
နံနက်-၁း၁၅
ဘေဆယ် - လူဒိုဂိုရက်
နံနက်-၁း၁၅
ဒိုင်နမိုကီယက်ဗ် - နာပိုလီ
နံနက်-၁း၁၅
ဘင်ဖီကာ - ဘက်ဆစ်တပ်
နံနက်-၁း၁၅
ဘာစီလိုနာ - ဆဲလ်တစ်
နံနက်-၁း၁၅
မန်စီးတီး - မိုချင်ဂလက်ဘတ်
နံနက်-၁း၁၅
ဘိုင်ယန်မြူနစ် - ရော့စတော့ဗ်
နံနက်-၁း၁၅
ပီအက်စ်ဗွီ - အက်သလက်
နံနက်-၁း၁၅

**မောင်မောင်ဇော်**

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေကြမ်း

## ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

၄၄။ အောက်ပါရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို တားမြစ်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအဖြစ် သတ်မှတ်သည်-

(က) နိုင်ငံတော်အတွင်းသို့ ဘေးအန္တရာယ်ရှိသော သို့မဟုတ် အဆိပ်အတောက်ရှိသော စွန့်ပစ်ပစ္စည်းများ သယ်ဆောင်လာနိုင်သည့် သို့မဟုတ် ပေါ်ပေါက်လာနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ခ) သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုရည်ရွယ်ချက်ဖြင့် ပြုလုပ်သော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများမှအပ ပြည်ပမှ စမ်းသပ်ဆဲဖြစ်သော သို့မဟုတ် အသုံးပြုရန်၊ စိုက်ပျိုးမွေးမြူရန်၊ အတည်ပြုချက် မရရှိသေးသော နည်းပညာများ၊ ဆေးဝါးများ၊ အပင်နှင့် တိရစ္ဆာန်မျိုးစိတ်များ၊ အသုံးအဆောင်များ သယ်ဆောင်လာနိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ဂ) နိုင်ငံတော်အတွင်း တိုင်းရင်းသား လူမျိုးများ၏ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ထိခိုက်စေသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ဃ) ပြည်သူတို့အပေါ် ဘေးအန္တရာယ်ဖြစ်စေနိုင်သော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၊

(င) သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တို့ကို ထိခိုက်ပျက်စီးစေနိုင်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(စ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တားမြစ်ပိတ်ပင်ထားသော ကုန်ပစ္စည်းများ ထုတ်လုပ်သည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ။

၄၅။ အောက်ပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများကို ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအဖြစ် သတ်မှတ်သည်-

(က) နိုင်ငံတော်ကသာ ဆောင်ရွက်ခွင့်ရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ခ) နိုင်ငံခြားရင်းနှီးမြှုပ်နှံသူက ဆောင်ရွက်နိုင်ခွင့်မရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ဂ) နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို ပြည်တွင်းရှိနိုင်ငံသားလူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် နိုင်ငံသားပိုင်လုပ်ငန်းတစ်ခုခုနှင့်ပူးပေါင်း၍ ဖက်စပ်ရင်းနှီးမြှုပ်နှံမှုဖြင့်သာ ဆောင်ရွက်နိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(ဃ) သက်ဆိုင်ရာဝန်ကြီးဌာနများ၏အတည်ပြုချက်ဖြင့်ဆောင်ရွက်နိုင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ။

၄၆။ ကော်မရှင်သည် ပုဒ်မ ၄၅ ပါ ကန့်သတ်သည့်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားများအား အများပြည်သူသိရှိစေရန် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာ သတ်မှတ်ကြေညာရမည်။

၄၇။ ကော်မရှင်သည် ပုဒ်မ ၄၅ အရ ကန့်သတ်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားများကို အခါအားလျော်စွာ ပြန်လည်သုံးသပ်ပြီးနောက် လျှော့ပေါ့ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုရန်လိုအပ်လာလျှင် အစိုးရအဖွဲ့သို့ တင်ပြအတည်ပြုချက်ရယူ၍ ပြင်ဆင် သတ်မှတ်ကြေညာရမည်။

၄၈။ ကော်မရှင်သည် ပုဒ်မ ၄၇ အရ ပြန်လည်သုံးသပ်ရာတွင် အစိုးရအဖွဲ့က ပြုလုပ်ထားသော နိုင်ငံတကာ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကတိကဝတ်များနှင့် သွေဖည်မှုမရှိစေရန် အလေးထား၍ ပုဂ္ဂလိကကဏ္ဍ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်နိုင်သည်။

၄၉။ ကော်မရှင်သည် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ လုံခြုံရေးအခြေအနေ၊ စီးပွားရေး အခြေအနေ၊ သဘာဝပတ်ဝန်းကျင်အခြေအနေနှင့် လူမှုအကျိုးစီးပွားကို ကြီးမားစွာ အကျိုးသက်ရောက်မှု ဖြစ်စေနိုင်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကြီးများကို ခွင့်ပြုမိန့်ထုတ်ပေးရန် ဆောင်ရွက်သည့်အခါ အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်။

### အခန်း (၁၁)
### ရင်းနှီးမြှုပ်နှံသူများအားဆက်ဆံဆောင်ရွက်ခြင်း

၅၀။ အစိုးရအဖွဲ့သည် ရင်းနှီးမြှုပ်နှံသူများအပေါ် ဆက်ဆံဆောင်ရွက်ရာတွင်-

(က) ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာတို့တွင် တစ်နည်းနည်းဖြင့် သတ်မှတ်ပြဋ္ဌာန်းထားခြင်းမှတစ်ပါး ဤဥပဒေ၏ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို လုပ်ငန်းတိုးချဲ့ ခြင်း၊ စီမံခန့်ခွဲခြင်း၊ လုပ်ငန်းလည်ပတ်ခြင်းနှင့် ရောင်းချခြင်း သို့မဟုတ် တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြားအစီအစဉ်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများအပေါ် ပေးအပ်ထားသည့် ဆက်ဆံဆောင်ရွက်မှုများထက် လျော့နည်းမှုမရှိစေရ၊

(ခ) တူညီသောအခြေအနေမျိုးတွင် နိုင်ငံတစ်ခုမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၊ ၎င်းတို့၏နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့် သက်ဆိုင်သည့် လုပ်ငန်း ဖွဲ့စည်းတည်ထောင်ခြင်း၊ လုပ်ငန်းရယူခြင်း၊ လုပ်ငန်းတိုးချဲ့ခြင်း၊ စီမံခန့်ခွဲခြင်း၊ လုပ်ငန်း လည်ပတ်ခြင်းနှင့် ရောင်းချခြင်း သို့မဟုတ် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြားအစီအစဉ်များအပေါ် အခြားနိုင်ငံတစ်ခုခုမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအပေါ် ပေးအပ်ထားသည့် ဆက်ဆံဆောင်ရွက်မှုထက်လျော့နည်းခြင်း မရှိစေရ၊

(ဂ) ပုဒ်မခွဲ(ခ)ပါ ပြဋ္ဌာန်းချက်သည် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအား အောက်ပါ ကိစ္စရပ်များအလို့ငှာ ပေးအပ်နိုင်သော ခံစားခွင့်များ၊ ဦးစားပေးခြင်းများ သို့မဟုတ် အထူးအခွင့်အရေးပေးခြင်းတို့အတွက် လိုက်နာရန်တာဝန်ရှိသည်ဟု မမှတ်ယူစေရ-

(၁) အကောက်ခွန်ယူနီယံ(Customs Union)၊ လွတ်လပ်သော ကုန်သွယ်ရေးဇုန်၊ စီးပွားရေးယူနီယံနှင့် နိုင်ငံတကာ သဘောတူညီမှုများအရ ဖြစ်ပေါ်လာသော အကောက်ခွန်ယူနီယံ (Customs Union)၊ လွတ်လပ်သောကုန်သွယ်ရေးဇုန်နှင့် စီးပွားရေးယူနီယံ၊

(၂) နိုင်ငံတကာသဘောတူညီချက်များ၊ နှစ်နိုင်ငံ သို့မဟုတ် ဒေသတွင်း သို့မဟုတ် နိုင်ငံတကာသဘောတူစာချုပ်များနှင့် အကျုံးဝင်သော ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို ပေးအပ်သည့်ပိုမိုသာလွန်သော ဆက်ဆံဆောင်ရွက်မှုများ၊ ဒေသတွင်း နိုင်ငံများအကြား ချုပ်ဆိုသည့် သဘောတူစာချုပ်များ သို့မဟုတ် အစီအစဉ်များ၊ အခြားနိုင်ငံများနှင့် ချုပ်ဆိုသည့် သဘောတူစာချုပ်များ သို့မဟုတ် အစီအစဉ်များနှင့် အကျုံးဝင်သော ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို ပေးအပ်သည့် ပိုမိုသာလွန်သော ဆက်ဆံဆောင်ရွက်မှုများ သို့မဟုတ် အခွန်အကောက်ဆိုင်ရာ ကိစ္စရပ်များနှင့် အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ ပါဝင်ပတ်သက်နေသော အစီအစဉ်များ။

၅၁။ အစိုးရအဖွဲ့သည် ရင်းနှီးမြှုပ်နှံသူများကို အောက်ဖော်ပြပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သာတူညီမျှဆက်ဆံဆောင်ရွက်မှုပြုရန်အာမခံသည်-

(က) ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို ကြီးမားစွာ ထိခိုက်နစ်နာစေသည့် ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက်များနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များ ရပိုင်ခွင့်၊

(ခ) ရင်းနှီးမြှုပ်နှံသူများနှင့်၎င်းတို့၏တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို အစိုးရအဖွဲ့မှ ခွင့်ပြုထားသည့်လိုင်စင် သို့မဟုတ်ခွင့်ပြုမိန့်၊ အတည်ပြုမိန့်ပါ စည်းကမ်းသတ်မှတ်ချက်များကို ပြောင်းလဲခြင်းအပါအဝင် အခြားသော အလားတူ လုပ်ဆောင်မှုများနှင့်စပ်လျဉ်း၍ တရားဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်နှင့် အယူခံခွင့်။

၅၂။ ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် ပုဒ်မ ၇၉ ပါ ပြဋ္ဌာန်းချက်များကို ထိခိုက်ခြင်းမရှိစေရ။

### အခန်း(၁၂)
### မြေအသုံးပြုခွင့်

၅၃။ (က) ဤဥပဒေအရ ခွင့်ပြုမိန့်ရရှိထားသော သို့မဟုတ် အတည်ပြုမိန့်ရရှိထားသော ရင်းနှီးမြှုပ်နှံသူသည် ပုဂ္ဂလိကမြေ သို့မဟုတ် အဆောက်အအုံ ပိုင်ရှင်ထံမှ လည်းကောင်း သို့မဟုတ် နိုင်ငံတော်ပိုင်မြေ သို့မဟုတ် အဆောက်အအုံ ဖြစ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများထံမှ လည်းကောင်း ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အလို့ငှာ သတ်မှတ်ချက်များနှင့်အညီ နှစ်ရှည်မြေ သို့မဟုတ် အဆောက်အအုံ ငှားရမ်းခွင့်ရှိသည်။ နိုင်ငံသားရင်းနှီးမြှုပ်နှံသူသည် မိမိပိုင်မြေ သို့မဟုတ် အဆောက်အအုံတွင် တည်ဆဲဥပဒေများနှင့်အညီ ရင်းနှီးမြှုပ်နှံနိုင်သည်။

(ခ) နိုင်ငံခြားရင်းနှီးမြှုပ်နှံသူသည် ပြည်ထောင်စုအစိုးရ သို့မဟုတ် အစိုးရအဖွဲ့အစည်းများထံမှဖြစ်စေ၊ ပုဂ္ဂလိကမြေ သို့မဟုတ် အဆောက်အအုံပိုင်ရှင်ထံမှဖြစ်စေ ကော်မရှင် ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ရရှိသည့်နေ့မှစ၍ ကနဦး နှစ်(၅၀)အထိ သတ်မှတ်ချက်နှင့်အညီ မြေ သို့မဟုတ် အဆောက်အအုံ ငှားရမ်းနိုင်သည်။

(ဂ) အထက်ဖော်ပြပါ ပုဒ်မခွဲ(ခ)အရ ခွင့်ပြုထားသော မြေ သို့မဟုတ် အဆောက်အအုံ ငှားရမ်းကာလ သို့မဟုတ် မြေ သို့မဟုတ် အဆောက်အအုံ အသုံးပြုခွင့်ကာလ သက်တမ်းကုန်ဆုံးပြီးနောက် ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် တစ်ဆက်တည်း သက်တမ်းတိုးခွင့် (၁၀)နှစ်နှင့် ယင်းသက်တမ်း ကုန်ဆုံးပြီး ထပ်မံ၍ (၁၀) နှစ် သက်တမ်းတိုးမြှင့်နိုင်သည်။

(ဃ) ရင်းနှီးမြှုပ်နှံသူသည် မြေငှားရမ်းခြင်း စာချုပ်အား စာချုပ်စာတမ်း မှတ်ပုံတင်ခြင်းအက်ဥပဒေနှင့်အညီ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ရမည်။

(င) ပြည်ထောင်စုအစိုးရသည် မြေအသုံးချမှု သို့မဟုတ် မြေငှားရမ်းမှုများအတွက် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများအား ပိုမိုကောင်းမွန်သော သတ်မှတ်ချက်များနှင့် အခွင့်အရေးများကို ခွင့်ပြုပေးနိုင်သည်။

(စ) ကော်မရှင်သည် နိုင်ငံတော်တစ်ဝန်းလုံးတွင်ဖွံ့ဖြိုးတိုးတက်စေရန် အလို့ငှာ စီးပွားရေးဖွံ့ဖြိုးမှုနည်းပါးပြီး ဆက်သွယ်သွားလာရေး ခက်ခဲသော ဒေသများတွင် ရင်းနှီးမြှုပ်နှံသူများအတွက် ဤဥပဒေပါ မြေ သို့မဟုတ် အဆောက်အအုံ ငှားရမ်းခွင့်ကာလ သို့မဟုတ် မြေ သို့မဟုတ် အဆောက်အအုံ အသုံးပြုခွင့်ကာလထက် ပိုမို၍ ခံစားခွင့်ပြုနိုင်သည်။

### အခန်း(၁၃)
### အမှုထမ်းများနှင့်အလုပ်သမားများ ခန့်ထားခြင်း

၅၄။ ရင်းနှီးမြှုပ်နှံသူသည် -

(က) နိုင်ငံတော်အတွင်း ၎င်း၏ ရင်းနှီးမြှုပ်နှံမှုတွင် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသည့် မည်သည့်နိုင်ငံသားကိုမဆို အကြီးတန်းစီမံခန့်ခွဲမှု၊ နည်းပညာ၊ လုပ်ငန်းကျွမ်းကျင်သူနှင့် အကြံပေးအဖြစ် တည်ဆဲဥပဒေများနှင့်အညီ ခန့်အပ်နိုင်သည်၊

(ခ) အကြီးတန်းစီမံခန့်ခွဲမှု၊ နည်းပညာ၊ လုပ်ငန်းကျွမ်းကျင်သူနှင့် အကြံပေးနေရာတို့တွင် နိုင်ငံသားများအား ခန့်အပ်နိုင်ရန် အလို့ငှာ စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များဆောင်ရွက်ပေးရမည်၊

(ဂ) ကျွမ်းကျင်မှုမလိုသော လုပ်ငန်းများတွင် နိုင်ငံသားများကိုသာ ခန့်ထားရမည်၊

(ဃ) နိုင်ငံခြားသားနှင့်နိုင်ငံသားကျွမ်းကျင်သူ အလုပ်သမားများ၊အတတ်ပညာရှင်များနှင့် ဝန်ထမ်းများခန့်ထားရာတွင် အလုပ်သမားဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို အလုပ်ရှင်နှင့် အလုပ်သမားတို့ နှစ်ဦးနှစ်ဖက်လက်မှတ်ရေးထိုး၍ ခန့်ထားရမည်၊

(င) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ပါ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ အခွင့်အရေးနှင့်တာဝန်များကိုလည်းကောင်း၊ အလုပ်အကိုင်ဆိုင်ရာ စည်းကမ်းချက်များကိုလည်းကောင်း သတ်မှတ်ရာ၌ အနည်းဆုံး လုပ်ခလစာ၊ ခွင့်ရက်၊ အလုပ်ပိတ်ရက်၊ အချိန်ပိုလုပ်ခ၊ နစ်နာကြေး၊ အလုပ်သမား လျော်ကြေး၊ လူမှုဖူလုံရေးနှင့် အလုပ်သမားများနှင့် သက်ဆိုင်သည့် အခြားအာမခံထားရှိခြင်းတို့ အပါအဝင် အလုပ်သမားဆိုင်ရာဥပဒေ၊ နည်းဥပဒေများပါ အခွင့်အရေးများရရှိရေးအတွက် ဆောင်ရွက်ပေးရမည်၊

(စ) ရင်းနှီးမြှုပ်နှံမှုတွင် အလုပ်ရှင်အချင်းချင်း၊ အလုပ်သမား အချင်းချင်း၊ အလုပ်ရှင်နှင့်အလုပ်သမား၊ အလုပ်သမားနှင့် အတတ်ပညာရှင် သို့မဟုတ် ဝန်ထမ်းတို့အကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုများကို တည်ဆဲဥပဒေများနှင့်အညီ ဖြေရှင်းရမည်။

### အခန်း(၁၄)
### အစိုးရက ရင်းနှီးမြှုပ်နှံမှုကို သိမ်းယူခြင်း

၅၅။ အစိုးရအဖွဲ့သည် အောက်ပါအခြေအနေများနှင့်အညီ ဆောင်ရွက်ခြင်းမှအပ ရင်းနှီးမြှုပ်နှံမှုကို သိမ်းယူခြင်း သို့မဟုတ် နိုင်ငံပိုင်ပြုလုပ်ခြင်းကိုဖြစ်စေ၊ သွယ်ဝိုက်သိမ်းယူခြင်းကို ဖြစ်စေ၊ ရပ်ဆိုင်းစေခြင်း သဘောသက်ရောက်သော ဆောင်ရွက်မှုများကိုဖြစ်စေ မပြုလုပ်ဟု အာမခံသည်-

(က) အများပြည်သူအကျိုးအတွက် လိုအပ်ချက် တစ်ရပ်ရပ်ရှိခြင်း၊

(ခ) ခွဲခြားဆက်ဆံမှုမရှိဘဲ ဆောင်ရွက်ခြင်း၊

(ဂ) တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ခြင်းနှင့်

(ဃ) သိမ်းယူသည့် အခြေပစ္စည်းအား မျှတ၍ပြည့်စုံလုံလောက်သော လျော်ကြေးကို မြန်ဆန်စွာပေးချေခြင်း။

၅၆။ မျှတ၍ပြည့်စုံလုံလောက်မှုရှိသော လျော်ကြေးသတ်မှတ်ရာတွင် လျော်ကြေးပမာဏသည် သိမ်းဆည်းသည့် ရင်းနှီးမြှုပ်နှံမှု၏ ဈေးကွက်တန်ဖိုးနှင့် ညီမျှရမည်ဖြစ်ပြီး သိမ်းဆည်းသည့်ကာလ၌ ဖြစ်ပေါ်နေသည့်ဈေးကွက်တန်ဖိုးဖြင့် သတ်မှတ်ရမည်။သို့ရာတွင် ၎င်းလျော်ကြေးပမာဏအား သတ်မှတ်ရာတွင် အများပြည်သူအကျိုးနှင့် ရင်းနှီးမြှုပ်နှံသူ၏ အကျိုးစီးပွားအကြား မျှတသော အခြေအနေအပေါ် အခြေခံရမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု၏ လက်ရှိနှင့် ယခင်အနေအထား၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း သို့မဟုတ် ပစ္စည်းသိမ်းယူရခြင်း၏အကြောင်းအရင်း၊ ရင်းနှီးမြှုပ်နှံမှု၏ မျှတသောဈေးကွက်တန်ဖိုး၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း သို့မဟုတ် ပစ္စည်းသိမ်းယူရခြင်း၏ ရည်ရွယ်ချက်၊ ရင်းနှီးမြှုပ်နှံသူမှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ထားသည့် ကာလတစ်လျှောက်ရရှိခဲ့သည့် အမြတ်ငွေများနှင့် ရင်းနှီးမြှုပ်နှံမှု သက်တမ်းတို့ကိုပါ ထည့်သွင်း စဉ်းစားရမည်။

၅၇။ ဤဥပဒေ၏ အခန်း(၂၁)နှင့် အခန်း(၂၂)ပါ ပြဋ္ဌာန်းချက်များအပါအဝင် အစိုးရအဖွဲ့၏ စီရင်ပိုင်ခွင့်အရ ဆောင်ရွက်သည့် စီးပွားရေးဆိုင်ရာထိန်းညှိရန် ရည်ရွယ်ချက်အတွက် သို့မဟုတ် လူမှုအကျိုးစီးပွားအထောက်အကူပြုစေရေး ရည်ရွယ်ချက်များအတွက် လုပ်ဆောင်သည့် ခွဲခြားမှုမရှိသည့် ဆောင်ရွက်ချက်များသည် ဤအခန်း၏ ပြဋ္ဌာန်းချက်များနှင့် အကျုံးဝင်သက်ဆိုင်ခြင်း မရှိစေရ။

၅၈။ ပုဒ်မ ၅၅ ကို လိုက်နာကျင့်သုံးရာတွင် လုပ်ကိုင်ဆောင်ရွက်မှုများသည် အဆိုပါ ပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိကြောင်းနှင့် သွယ်ဝိုက်၍ ရင်းနှီးမြှုပ်နှံမှု သိမ်းယူခြင်း ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံသူက တင်ပြလာလျှင် အစိုးရအဖွဲ့သည် အောက်ဖော်ပြပါ အချက်အလက်များကို ထည့်သွင်းစဉ်းစား၍ ကိစ္စရပ်တစ်ခုချင်းအလိုက် စုံစမ်းစစ်ဆေးမှုပြုခြင်း၊ အချက်အလက်ကို စိစစ်ခြင်းတို့ကို ဆောင်ရွက်ရမည်-

(က) ရင်းနှီးမြှုပ်နှံမှု၏ စီးပွားရေးတန်ဖိုးကို ကြီးမားပြင်းထန်စွာ ထိခိုက်နစ်နာစေရန် တမင်ဖန်တီး ရည်ရွယ်ဆောင်ရွက်ခြင်းရှိ/မရှိ၊

(ခ) အစိုးရမှရင်းနှီးမြှုပ်နှံသူသို့ ယခင်စာဖြင့် ရေးသားထားသည့် ကတိကဝတ်များ၊ သဘောတူစာချုပ်၊ လိုင်စင်သို့မဟုတ် အခြားတရားဝင်စာရွက်စာတမ်းများကို ချိုးဖောက်မှုရှိ/မရှိ၊

(ဂ) အထက်ပုဒ်မ ၅၅ (က)တွင် ဖော်ပြထားသည့် အစိုးရအဖွဲ့၏ ရည်ရွယ်ချက် အပါအဝင် ၎င်း၏လုပ်ဆောင်ချက်များသည် အများပြည်သူ အကျိုးစီးပွားနှင့် ကိုက်ညီမှုရှိ/မရှိ။

### အခန်း(၁၅)
### ဘဏ္ဍာငွေများလွှဲပြောင်းခြင်း

၅၉။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများသည် ဤဥပဒေအရ ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်နွှယ်လျက်ရှိသည့် အောက်ပါ ဘဏ္ဍာငွေများကိုပြည်ပသို့ လွှဲပြောင်းနိုင်သည် -

(က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချမှတ်ထားသည့် မတည်ရင်းနှီးငွေစာရင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ထားသည့် မတည်ရင်းနှီးငွေများ၊

**စာမျက်နှာ ၁၆ သို့**

စာမျက်နှာ ၁၅ မှ

(ခ) ဤဥပဒေအရ ရင်းနှီးမြှုပ်နှံမှုမှ ထွက်ပေါ်လာသော အကျိုးအမြတ်များ၊ အခြေခံပစ္စည်းမှအမြတ်အစွန်းများ၊ အစုပေါ်အမြတ်များ၊ ခိုင်ကြေးများ၊ မူပိုင်ခများ၊ လိုင်စင်ကြေးများ၊ နည်းပညာအကူအညီထောက်ပံ့မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အခကြေးငွေများ၊အစုရှယ်ယာနှင့်အခြားလက်ရှိဝင်ငွေများ၊

(ဂ) ရင်းနှီးမြှုပ်နှံမှုတစ်ခု၏ စုစုပေါင်းရောင်းချမှု သို့မဟုတ် တစ်စိတ်တစ်ပိုင်း ရောင်းချမှု သို့မဟုတ် လုပ်ငန်းတစ်ခုခု သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်စပ်သည့် ပိုင်ဆိုင်မှု စာရင်းရှင်းလင်းဖျက်သိမ်းခြင်းတို့မှ ထွက်ပေါ်လာသည့် အမြတ်အစွန်းများ၊

(ဃ) ချေးငွေသဘောတူစာချုပ်အပါအဝင် ပဋိညာဉ်စာချုပ်အရပေးချေရမည့်ငွေများ၊

(င) ရင်းနှီးမြှုပ်နှံမှု အငြင်းပွားမှုဖြေရှင်းခြင်းမှ ထွက်ပေါ်လာသည့် ပေးချေငွေများ၊

(စ) ရင်းနှီးမြှုပ်နှံမှု သို့မဟုတ် ပစ္စည်းသိမ်းယူခြင်း သို့မဟုတ် ပြည်သူပိုင်သိမ်းခြင်းတို့မှ လျော်ကြေးအဖြစ်ရရှိသည့် ငွေကြေးများ သို့မဟုတ် အခြားလျော်ကြေးငွေများ၊

(ဆ) နိုင်ငံတော်အတွင်းဥပဒေနှင့်အညီခန့်အပ်ထားသည့်နိုင်ငံခြားသားကျွမ်းကျင်သူဝန်ထမ်းများ၏ လုပ်ခလစာနှင့်ဝင်ငွေ။

၆၀။ ချေးငွေလွှဲပြောင်းခြင်း သို့မဟုတ် ချေးငွေရယူခြင်းတို့နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့် လွှဲပြောင်း သို့မဟုတ် ရယူရမည်။

၆၁။ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများသည် ဤဥပဒေအရ ဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်နွယ်လျက်ရှိသည့် အောက်ပါကိစ္စရပ်များတွင် နိုင်ငံတော်အတွင်းမှ ပြည်ပသို့လွတ်လပ်စွာဖြင့်နှောင့်နှေးကြန့်ကြာမှုမရှိဘဲ လွှဲပြောင်းနိုင်သည်-

(က) ခိုင်ကြေးများ၊ လိုင်စင်ကြေးများ၊ နည်းပညာအကူအညီ ထောက်ပံ့မှု၊ စီမံခန့်ခွဲမှုဆိုင်ရာ အခကြေးငွေများနှင့် မည်သည့် ပြင်ပအဖွဲ့အစည်းကိုမဆိုပေးရန်ရှိသည့် အတိုးငွေများ၊

(ခ) ချေးငွေသဘောတူစာချုပ် အပါအဝင် ပဋိညာဉ်စာချုပ်အရ ပေးချေရမည့်ငွေများနှင့် အာမခံလျော်ကြေးငွေများနှင့်

(ဂ) စီရင်ချက်အမိန့်၊ အနုညာတစီရင်ဆုံးဖြတ်ခြင်း သို့မဟုတ် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူမှပေးရန်ရှိသည့် သဘောတူညီချက်အပါအဝင် အငြင်းပွားမှုဖြေရှင်းခြင်းမှထွက်ပေါ်လာသည့် ပေးချေငွေများ။

၆၂။ ဘဏ္ဍာငွေလွှဲပြောင်းမှုများ အားလုံးသည် လွှဲပြောင်းမည့် ပမာဏအပေါ်မူတည်၍ သတ်မှတ်ထားသည့် အခွန်ဆိုင်ရာဥပဒေများနှင့်အညီ အခွန်ထမ်းဆောင်ပြီးမှသာ လွှဲပြောင်းရမည်။

၆၃။ တရားဝင်ခွင့်ပြုမိန့်ဖြင့် အလုပ်လုပ်ကိုင်သော နိုင်ငံခြားသားကျွမ်းကျင်သူဝန်ထမ်းများသည် ဝင်ငွေခွန်ဥပဒေအရပြဋ္ဌာန်းထားသည့် အခွန်ထမ်းဆောင်မှုဆိုင်ရာ ဝတ္တရားများအရ လွှဲပြောင်းမည့်ပမာဏအပေါ်မူတည်၍ အခွန်အခများ ပေးဆောင်ပြီးသောငွေကို မည်သည့် နုတ်ယူခြင်းမျှမရှိဘဲ နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်ရှိသော ဘဏ်များမှတစ်ဆင့် ငွေလွှဲနိုင်သည်။

၆၄။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများသည် ပုဒ်မ ၅၉ တွင် ဖော်ပြထားသည့်အချက်များနှင့် စပ်လျဉ်း၍ လွှဲပြောင်းခြင်းပြုလုပ်ရာတွင် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ၏ ငွေလုံးငွေရင်းစာရင်း သို့မဟုတ် သာမန်စာရင်းတွင် အကျုံးဝင်သည့်ငွေများကို နိုင်ငံတော်အတွင်းရှိ နိုင်ငံခြားဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်ရှိသော ဘဏ်များမှတစ်ဆင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေအရ လွတ်လပ်စွာသုံးစွဲနိုင်သည့် ငွေကြေးဖြင့် ဈေးကွက်ပေါက်ဈေးအတိုင်း လွှဲပြောင်းနိုင်သည်။

၆၅။ အစိုးရအဖွဲ့သည် အောက်ပါအခြေအနေတစ်ရပ်ရပ်နှင့် ဆက်စပ်သော နိုင်ငံခြားငွေလွှဲပြောင်းမှုကို ဟန့်တားခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းပြုနိုင်သည်-

(က) ဒေဝါလီခံခြင်း၊ လူမွဲစာရင်းခံခြင်း သို့မဟုတ်မြီရှင်များ၏ အခွင့်အရေးများကို ကာကွယ်ရန် လိုအပ်သည့် အခြေအနေ၊

(ခ) ပြစ်မှု သို့မဟုတ် ရာဇဝတ်မှုနှင့်ရာဇဝတ်မကင်းသည့် နည်းလမ်းဖြင့် ရရှိသည့် ငွေများအား တရားဝင်ငွေအဖြစ် လွှဲပြောင်းသည့် အခြေအနေ၊

(ဂ) ငွေကြေးဆိုင်ရာ အစီရင်ခံခြင်း သို့မဟုတ် လွှဲပြောင်းမှုဆိုင်ရာ မှတ်တမ်းများအား ဥပဒေကြောင်းအရ အတည်ပြုရန် သို့မဟုတ် ငွေကြေးအာဏာပိုင်အဖွဲ့အစည်းများကို ပံ့ပိုးကူညီရန် လိုအပ်သည့်အခြေအနေ၊

(ဃ) တရားစီရင်ရေး သို့မဟုတ် စီမံခန့်ခွဲရေးဆိုင်ရာ ဆောင်ရွက်ချက်များတွင် အမိန့်များ သို့မဟုတ် စီရင်ချက်များနှင့်အညီ ဆောင်ရွက်ရမည့် အခြေအနေ၊

(င) အခွန်ကိစ္စရပ်များ၊

(စ) လူမှုဖူလုံရေး၊ အစိုးရဝန်ထမ်းများ၏ အငြိမ်းစားယူမှု သို့မဟုတ် မဖြစ်မနေ ငွေစုဆောင်းရေးအစီအစဉ်များနှင့်

(ဆ) အလုပ်သမားများ၏ရပိုင်ခွင့်များ နစ်နာဆုံးရှုံးရသည့် အခြေအနေ။

၆၆။ အစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း၌ ရင်းနှီးမြှုပ်နှံသူနှင့် ယင်း၏ ရင်းနှီးမြှုပ်နှံမှုအတွက် အသုံးပြုရန်လိုအပ်သည့် မတည်ငွေရင်း သို့မဟုတ် အသုံးစရိတ်များနှင့် နိုင်ငံခြားချေးငွေများကို တည်ဆဲဥပဒေနှင့်အညီ ပြည်ပမှ ငွေလွှဲပြောင်းရယူခွင့်ပြုသည်။

၆၇။ ပြည်ပငွေပေးငွေယူခြင်းဆိုင်ရာ သို့မဟုတ် ပြည်ပငွေကြေး အခက်အခဲများ ဆိုးရွားစွာဖြစ်ပေါ်နေသည့် အခြေအနေတွင် အစိုးရအဖွဲ့သည် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံတော်၏ အခြားနိုင်ငံတကာ ကတိကဝတ်များနှင့်အညီ ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်းသည့် ငွေပေးချေမှု သို့မဟုတ် လွှဲပြောင်းပေးမှုဆိုင်ရာ ကန့်သတ်ချက်များကို ချမှတ်နိုင်သည် သို့မဟုတ် ထိန်းသိမ်းနိုင်သည်။

## အခန်း(၁၆)
## ရင်းနှီးမြှုပ်နှံသူများ၏တာဝန်ဝတ္တရားများ

၆၈။ ရင်းနှီးမြှုပ်နှံသူသည် -

(က) နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ထုံးတမ်း၊အစဉ်အလာ၊ ရိုးရာယဉ်ကျေးမှုတို့ကိုလေးစားလိုက်နာရမည်၊

(ခ) ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ရန်အတွက် ကုမ္ပဏီ သို့မဟုတ် တစ်ဦးတည်းပိုင် သို့မဟုတ် တရားဝင်စီးပွားရေးအဖွဲ့အစည်းများ သို့မဟုတ် အဆိုပါ တရားဝင်စီးပွားရေးအဖွဲ့အစည်း၏ ရုံးခွဲများကို ဥပဒေများနှင့်အညီ ဖွဲ့စည်းတည်ထောင်ရမည် သို့မဟုတ် မှတ်ပုံတင်ရမည်၊

(ဂ) မြန်မာနိုင်ငံ၏ ဥပဒေများနှင့် ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ သဘောတူစာချုပ်ပါ စည်းကမ်းချက်များနှင့် အခွန်ဆိုင်ရာ တာဝန်ရှိမှုအပါအဝင် ၎င်းတို့အားထုတ်ပေးထားသော အထူးပြုလိုင်စင်၊ ခွင့်ပြုမိန့်နှင့်လုပ်ငန်းဆောင်ရွက်ခွင့် လက်မှတ်များတွင် ပါဝင်သည့် စည်းကမ်းချက်များ၊ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်၊

(ဃ) လုပ်ငန်းသဘာဝအရဖြစ်စေ၊ အခြားလိုအပ်ချက်အရဖြစ်စေ သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနနှင့် အဖွဲ့အစည်းများမှ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့်ရယူရန် လိုအပ်လျှင်ဖြစ်စေ၊ မှတ်ပုံတင်ရန်လိုအပ်လျှင်ဖြစ်စေ သက်ဆိုင်ရာဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်၊

(င) မိမိငှားရမ်းခွင့်ရရှိထားသော သို့မဟုတ် အသုံးပြုခွင့် ရရှိထားသော မြေ၏ မြေပေါ်မြေအောက်တွင် ခွင့်ပြုထားသည့် ရင်းနှီးမြှုပ်နှံမှုနှင့် ဆက်စပ်မှုမရှိသော၊ မူလသဘောတူစာချုပ်တွင် မပါဝင်သော သဘာဝတွင်းထွက်ပစ္စည်းများ သို့မဟုတ် ရှေးဟောင်းပစ္စည်းများနှင့် ရတနာသိုက်အစရှိသည်တို့ကိုတွေ့ရှိပါက ကော်မရှင်ထံသို့ ချက်ချင်း သတင်းပေးအကြောင်းကြားခြင်း၊ ကော်မရှင်က ခွင့်ပြုလျှင် ယင်းမြေပေါ်၌ ဆက်လက်လုပ်ကိုင်နိုင်ပြီး ဆက်လက်လုပ်ကိုင်ခွင့် မရရှိလျှင် ရင်းနှီးမြှုပ်နှံသူက ရွေးချယ်တင်ပြသည့်နေရာတစ်ခုအား အစားထိုးခွင့်ပြုချက်ရယူ၍ ပြောင်းရွှေ့ဆောင်ရွက်ရမည်၊

(စ) မိမိငှားရမ်းခွင့် သို့မဟုတ် အသုံးပြုခွင့်ရရှိသော မြေ၏သဘာဝမြေမျက်နှာသွင်ပြင် သို့မဟုတ် မြေအနိမ့်အမြင့်အနေအထားအား သိသာထင်ရှားစွာ ပြောင်းလဲမှုကို ကော်မရှင်၏ ခွင့်ပြုချက်မရှိဘဲ မပြုလုပ်ရ၊

(ဆ) မိမိ၏ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာတွင်ကျင့်သုံးသည့် အကောင်းဆုံးစံချိန်စံညွှန်းများနှင့်အညီ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု၊ ညစ်ညမ်းမှု၊ နစ်နာမှု မဖြစ်စေရန်နှင့် ယဉ်ကျေးမှုအမွေအနှစ်ကို ထိခိုက်ပျက်စီးမှုမဖြစ်ပေါ်စေရန် လိုက်နာဆောင်ရွက်ရမည်၊

(ဇ) ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော ရင်းနှီးမြှုပ်နှံမှုများနှင့် သက်ဆိုင်သည့် လုပ်ငန်းဆိုင်ရာစာရင်းဇယားများ၊ နှစ်ပတ်လည်ငွေစာရင်းများနှင့် လိုအပ်သည့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို နိုင်ငံတကာနှင့်ပြည်တွင်း အသိအမှတ်ပြုစာရင်းအင်း စံနှုန်းများနှင့်အညီ ကောင်းမွန်စွာပြုစုမှတ်တမ်းတင်ထားရှိရမည်။ ထို့ပြင် အတည်ပြုမိန့်ဖြင့် ဆောင်ရွက်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် သက်ဆိုင်သည့် လုပ်ငန်းဆိုင်ရာစာရင်းဇယားများ၊ နှစ်ပတ်လည် ငွေစာရင်းများနှင့် လိုအပ်သည့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း နိုင်ငံတကာနှင့် ပြည်တွင်း အသိအမှတ်ပြုစာရင်းအင်း စံနှုန်းများနှင့်အညီ ကောင်းမွန်စွာ ပြုစုမှတ်တမ်းတင်ထားရှိရမည်၊

(ဈ) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် ဖောက်ဖျက်ခြင်း၊ရင်းနှီးမြှုပ်နှံမှု အပြီးပိတ်သိမ်းခြင်း၊ လွှဲပြောင်းရောင်းချခြင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရပ်ဆိုင်းခြင်း၊ လုပ်သားအင်အားလျှော့ချခြင်းတို့အတွက် အလုပ်သမားများအား တည်ဆဲဥပဒေများနှင့်အညီ နစ်နာကြေးပေးပြီးမှသာ ရင်းနှီးမြှုပ်နှံမှုကို ရပ်ဆိုင်းပိတ်သိမ်းရမည်၊

(ည) ခိုင်လုံသော အကြောင်းပြချက်ဖြင့် ရင်းနှီးမြှုပ်နှံမှု ယာယီပိတ်သိမ်းရပါက ပိတ်သိမ်းထားရသည့်ကာလအတွင်း အလုပ်သမားများအား တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ စသည်တို့နှင့်အညီ လုပ်ခ၊ လစာပေးရမည်၊

(ဋ) အလုပ်ကြောင့် ထိခိုက်ဒဏ်ရာရရှိမှု၊ ကိုယ်အင်္ဂါအစိတ်အပိုင်းချို့ယွင်းဆုံးရှုံးမှု၊ ရောဂါရရှိမှု၊ သေဆုံးမှုတို့ဖြစ်ပွားသော အလုပ်သမားများအတွက် သက်ဆိုင်ရာ အလုပ်သမား သို့မဟုတ် အမွေဆက်ခံခွင့်ရှိသူအား တည်ဆဲဥပဒေနှင့်အညီ ရထိုက်သည့်လျော်ကြေးကို ပေးရမည်၊

(ဌ) မိမိ၏ရင်းနှီးမြှုပ်နှံမှုတွင် လာရောက်အလုပ်လုပ်ကိုင်နေသည့် နိုင်ငံခြားသား ကျွမ်းကျင်ပညာရှင်များနှင့် ကြီးကြပ်သူများ၊ မိသားစုဝင်များသည်မြန်မာနိုင်ငံ၏ ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို လေးစားလိုက်နာရန် ကြပ်မတ်ရမည်၊

(ဍ) အလုပ်သမားရေးရာဥပဒေများကို လေးစားလိုက်နာရမည်၊

(ဎ) ဥပဒေနှင့်အညီ တရားစွဲဆိုခွင့်နှင့်တရားစွဲဆိုခံနိုင်ခွင့်ရှိရမည်၊

(ဏ) ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ပါ ရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်နိုင်ရန်အတွက် လိုအပ်ချက်အရ ဆောင်ရွက်ခြင်းမှတစ်ပါး ရင်းနှီးမြှုပ်နှံမှုနှင့် မသက်ဆိုင်သော သစ်တောများခုတ်ထွင်ခြင်း၊ သဘာဝသယံဇာတများတူးဖော်ခြင်းစသည့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေခြင်းနှင့် လူမှုစီးပွားအပေါ် ဆုံးရှုံးမှုများဖြစ်ပေါ်စေပါက အဆိုပါ ဆုံးရှုံးနစ်နာမှုအတွက် ထိရောက်သည့်လျော်ကြေးကို နစ်နာသူထံသို့ ပေးလျော်ရမည်၊

(တ) ကော်မရှင်က ရင်းနှီးမြှုပ်နှံလုပ်ငန်းများအား စစ်ဆေးကြည့်ရှုရန်ကိစ္စနှင့် စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံသူထံသို့ ကြိုတင်အကြောင်းကြားချက်ရရှိပါက မည်သည့်နေရာကိုမဆို ဝင်ရောက်စစ်ဆေးရန် ခွင့်ပြုပေးရမည်၊

(ထ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေနှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ကြိုတင်ခွင့်ပြုချက်ရယူရန် လိုအပ်သော ရင်းနှီးမြှုပ်နှံမှုများသည် ဆန်းစစ်ခြင်းများ မလုပ်ဆောင်မီ ကော်မရှင်၏ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ကို ဦးစွာရယူရမည်။ ဤသို့ ကော်မရှင်၏ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ရယူထားသည့် ရင်းနှီးမြှုပ်နှံမှုများသည် ၎င်းတို့ လုပ်ငန်းဆောင်ရွက်နေသည့် ကာလတစ်လျှောက်လုံးလိုအပ်သည့် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှုဆန်းစစ်ချက်များ ဆောင်ရွက်မှု အခြေအနေများကို ကော်မရှင်သို့ တင်ပြရမည်။

၆၉။ ကော်မရှင်သည် ပုဒ်မ ၆၈(ထ) ပါ ဆန်းစစ်ချက်အပေါ် မူတည်၍ အဆိုပါ ရင်းနှီးမြှုပ်နှံမှုများအား ဆက်လက်ဆောင်ရွက်စေခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်း အပါအဝင် လိုအပ်သည်များ စီမံဆောင်ရွက်ရန် ညွှန်ကြားနိုင်သည်။

၇၀။ ရင်းနှီးမြှုပ်နှံသူများသည် ပုဒ်မ ၆၈ တွင် ပြဋ္ဌာန်းသတ်မှတ်ထားသည့် တာဝန်ရှိမှုအားလုံးကို ဤဥပဒေအာဏာသက်ဝင်သည့်နေ့မှစ၍လိုက်နာဆောင်ရွက်ရမည်။

၇၁။ ရင်းနှီးမြှုပ်နှံသူသည် ခွင့်ပြုကာလမကုန်ဆုံးမီ ရင်းနှီးမြှုပ်နှံမှုရပ်စဲပါက ၎င်း၏ ရင်းနှီးမြှုပ်နှံမှုအတွက် အကောက်ခွန်နှင့် အခြားပြည်တွင်းအခွန်အကောက် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် သို့မဟုတ် နှစ်မျိုးစလုံးတို့ဖြင့် ပြည်ပမှတင်သွင်းခဲ့သော စက်ယန္တရားများ၊ ပစ္စည်းကိရိယာများ၊ မော်တော်ယာဉ်များနှင့် ပြည်ပမှတင်သွင်းခဲ့သည့် ပစ္စည်းများအားလုံး ရောင်းချခြင်း၊ ပြန်လည်တင်ပို့ခြင်း၊ စီမံခန့်ခွဲခြင်းတို့ဆောင်ရွက်ရာတွင် ကော်မရှင်၏ ခွင့်ပြုချက်နှင့်အညီ တင်သွင်းစဉ်က ခံစားခဲ့သော အခွန်ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့် (သို့မဟုတ်) နှစ်မျိုးစလုံးကို ပြန်လည်ပေးဆောင်ပြီးမှသာ ဆောင်ရွက်ရမည်။

၇၂။ ရင်းနှီးမြှုပ်နှံသူသည် ကော်မရှင်မှခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ရရှိပြီးမှသာ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခု သို့မဟုတ် အဖွဲ့အစည်းများနှင့်လိုအပ်သည့် ပဋိညာဉ်စာချုပ်များအားချုပ်ဆိုခြင်း၊ လက်မှတ်ရေးထိုးခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုများအား ဆောင်ရွက်ခွင့်ရှိသည်။

၇၃။ ပုဒ်မ ၇၂ တွင် ဖော်ပြထားသည့် ပဋိညာဉ်စာချုပ်များ သက်တမ်းတိုးမြှင့်ခြင်း၊ ပြင်ဆင်ခြင်းတို့အတွက် ကော်မရှင်၏ ခွင့်ပြုချက်ရယူရမည်။

၇၄။ ရင်းနှီးမြှုပ်နှံသူသည် ၎င်း၏ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ရာတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားအလိုက် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျန်းမာရေးဆိုင်ရာ ဆန်းစစ်ချက်၊ ယဉ်ကျေးမှုအမွေအနှစ်များထိခိုက်မှု ဆန်းစစ်ချက်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ချက်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက်တို့ကို ဆောင်ရွက်ရမည်။

၇၅။ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ရယူထားသော ရင်းနှီးမြှုပ်နှံမှုအား လုပ်ငန်းသက်တမ်းကာလအတွင်း အခြားပုဂ္ဂိုလ်တစ်ဦးဦးသို့ တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာလွှဲပြောင်းခြင်း၊ လုပ်ငန်းလွှဲပြောင်းခြင်းတို့ကို ကော်မရှင်သို့ အသိပေးတင်ပြရမည်။

## အခန်း(၁၇)
## အာမခံထားရှိခြင်း

၇၆။ ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံတော်အတွင်း အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ရှိသည့် အာမခံလုပ်ငန်းတစ်ခုခုတွင် နည်းဥပဒေ၌ ဖော်ပြသတ်မှတ်ထားသော အာမခံအမျိုးအစားများကို အာမခံထားရှိရမည်။

## အခန်း(၁၈)
## ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ

၇၇။ ကော်မရှင်သည် နိုင်ငံတော်အတွင်းဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည့်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများဝင်ရောက်စေခြင်းအားဖြင့် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရေးအတွက်လည်းကောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လည်းကောင်း အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့် တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ရပ်ထက်ပို၍ဖြစ်စေ ခံစားခွင့်ပြုရန် ရင်းနှီးမြှုပ်နှံသူက လျှောက်ထားလာလျှင် စိစစ်၍ ခွင့်ပြုပေးနိုင်သည်။

၇၈။ ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့်ပတ်သက်၍ ဖွံ့ဖြိုးမှုနည်းပါးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ဇုန်(၁)အဖြစ်လည်းကောင်း၊ ဖွံ့ဖြိုးမှု အသင့်အတင့်ရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအား ဇုန်(၂)အဖြစ် လည်းကောင်း၊ ဖွံ့ဖြိုးမှုရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ဇုန်(၃)အဖြစ်လည်းကောင်း အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကော်မရှင်က အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ကာ ယင်းသတ်မှတ်ဇုန်အတွင်း အစိုးရအဖွဲ့က အတည်ပြုထားသော ရင်းနှီးမြှုပ်နှံမှုမြှင့်တင်မည့်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံသည့် ရင်းနှီးမြှုပ်နှံမှုများအား အောက်ပါအတိုင်းကင်းလွတ်ခွင့်ပြုနိုင်သည်-

(က) ဇုန်(၁)အတွင်း ရင်းနှီးမြှုပ်နှံသူများအား စီးပွားဖြစ်စတင်သောနှစ်အပါအဝင် တစ်ဆက်တည်း ၇ နှစ်အထိ လည်းကောင်း၊ ဇုန်(၂)အတွင်း ရင်းနှီးမြှုပ်နှံသူများအား စီးပွားဖြစ်စတင်သောနှစ် အပါအဝင် တစ်ဆက်တည်း၅နှစ်အထိ လည်းကောင်း၊ ဇုန်(၃) အတွင်း ရင်းနှီးမြှုပ်နှံသူများအား စီးပွားဖြစ် စတင်သောနှစ် အပါအဝင် တစ်ဆက်တည်း ၃ နှစ်အထိ လည်းကောင်း ဝင်ငွေခွန်ကင်းလွတ်ခွင့်ပြုနိုင်သည်၊

(ခ) အစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် ကော်မရှင်သည် ဇုန်သတ်မှတ်ခြင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဖွံ့ဖြိုးတိုးတက်မှုအပေါ်မူတည်ကာ အခါအားလျော်စွာလိုအပ်သလိုပြောင်းလဲသတ်မှတ်နိုင်သည်၊

(ဂ) ဝင်ငွေခွန်ကင်းလွတ်ခွင့်ကို ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ဆောင်ရွက်ရန် ကော်မရှင်က အမိန့်ကြော်ငြာစာထုတ်ပြန်ထားသည့်ကဏ္ဍများအတွက်သာ ခွင့်ပြုရမည်။

**ဆက်လက်ဖော်ပြပါမည်။**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးလက်လမ်း၊ တံတားနှင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် ညှိနှိုင်းဆွေးနွေး

**ညောင်ဦး စက်တင်ဘာ ၁၂**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုငွေလုံးငွေရင်းများဖြင့် ညောင်ဦးမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးလက်လမ်း၊ တံတားနှင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျေးလက်လမ်း၊ တံတားနှင့် ကျေးလက်ရေရရှိရေး လုပ်ငန်းများဆောင်ရွက်ရန် တင်ဒါအောင်မြင်သည့်ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ကျေးလက်လမ်း၊ တံတားနှင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ညောင်ဦးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးမြင့်စိန်၊ ဦးဝင်းမြင့်ခိုင်နှင့် ညောင်ဦးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးကျော်မင်းနောင်၊ မြို့နယ်ဦးစီးမှူးဒေါ်အေးသူဇာလှနှင့် ဝန်ထမ်းများ၊ ကျေးလက်လမ်း၊ တံတားနှင့် ကျေးလက်ရေပေးဝေရေးလုပ်ငန်းများဆောင်ရွက်ရန် တင်ဒါအောင်မြင်ခဲ့သည့်ကုမ္ပဏီများဖြစ်သည့် လင်းလက်ပြည့်စုံအောင်ကုမ္ပဏီနှင့် ရွှေဝတီဝင်းကုမ္ပဏီမှ တာဝန်ရှိသူများ၊ လုပ်ငန်းဆောင်ရွက်မည့် ကျေးရွာများမှအုပ်ချုပ်ရေးမှူးများ စုံညီစွာတက်ရောက်ခဲ့ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ခရိုင်ဦးစီးမှူး ဦးကျော်မင်းနောင်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဌာန၏ခွင့်ပြု ငွေလုံးငွေရင်းများဖြင့် ညောင်ဦးမြို့နယ်အတွင်းဆောင်ရွက်ပေးသွားမည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တင်ဒါအောင်မြင်သည့်ကုမ္ပဏီများမှ တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ထိုသို့လုပ်ငန်းများ ဆောင်ရွက်ပေးရာတွင်လည်း သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ပြည့်မီစွာလုပ်ကိုင်ဆောင်ရွက်ပေးကြစေလိုကြောင်းနှင့် သက်ဆိုင်ရာကျေးရွာများမှ အုပ်ချုပ်ရေးမှူးများအနေဖြင့်လည်း မိမိဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးခြင်းဖြစ်၍ ကျေးရွာများမှလိုအပ်သည့် အကူအညီများကို ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်ပေးကြစေလိုကြောင်း အကျယ်တဝင့်ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုငွေလုံးငွေရင်း စုစုပေါင်းငွေကျပ် ၄၉၀ ဒသမ ၉၇၅ သန်းဖြင့် ညောင်ဦးမြို့နယ်အတွင်း ကျေးလက်လမ်းငါးခု၊ ထပ်ဆောင်းလုပ်ငန်းအပါအဝင် ရေကျော်ခုနစ်စင်း၊ တွင်းနက်ခြောက်ခုအား ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု (အဆင့်မြင့်) စက်ချုပ်သင်တန်း ထီးချိုင့်မြို့နယ်၌ ဖွင့်လှစ်

**ထီးချိုင့် စက်တင်ဘာ ၁၂**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု (အဆင့်မြင့်) စက်ချုပ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ထီးချိုင့်မြို့နယ် ကုက္ကိုကုန်းရွာ ဘုန်းတော်ကြီးကျောင်းတွင် စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီကဖွင့်လှစ်ခဲ့ကြောင်းသိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်မော်နှင့် ဦးသိန်းဟန်၊ ကသာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဦးတင့်ဝေ၊ မြို့နယ်ဦးစီးမှူး၏ ဦးဗိုလ်မင်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်မိရပ်ဖများ၊ မိဘပြည်သူများ၊ သင်တန်းနည်းပြနှင့် သင်တန်းသူများ တက်ရောက်ကြသည် ။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်မော် ကအမှာစကားပြောကြားပြီး ဦးသိန်းဟန်က ဖြည့်စွက်အမှာစကားပြောကြားသည်။ ဆက်လက်၍ကသာခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဦးတင့်ဝေက "ကျွန်တော်တို့နိုင်ငံမှာ ကျေးလက်နေပြည်သူများဟာ ၇၀ ရာခိုင်နှုန်းဖြစ်ပြီး ၃၀ ရာခိုင်နှုန်းဟာ ဆင်းရဲနွမ်းပါးကြတဲ့ ပြည်သူများဖြစ်ပါတယ်။ ကျွန်တော်တို့ဌာနအနေနဲ့ ကျေးလက်နေပြည်သူများဆင်းရဲနွမ်းပါးလျော့ချရေး မြို့နေလူထုနဲ့ ကျေးလက်နေပြည်သူများကွာဟမှုနည်းနိုင်သမျှနည်းအောင် ဆောင်ရွက်သွားမှာဖြစ်လို့ လမ်းတံတား၊ ရေရရှိရေးတွေကိုအဓိကထားပြီး ဆောင်ရွက်နေပါတယ်။ လမ်းကောင်းနေရင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကိစ္စတွေမှာ မြို့နဲ့အလွယ်တကူဆက်သွယ်သွားလာနိုင်ပြီး ကျေးလက်နေပြည်သူတွေရဲ့ လူမှုဘဝမြင့်မားတိုးတက်လာမှာဖြစ်ပါတယ်။ ယခုဖွင့်လှစ်ပေးတဲ့ (အဆင့်မြင့် အပ်ချုပ်သင်တန်းဟာလည်း ကျေးလက်နေပြည်သူများရဲ့ မိသားစုလူနေမှုဘဝကို ဖွံ့ဖြိုးတိုးတက်နိုင်တဲ့ အကျိုးကျေးဇူးများရရှိနိုင်မှာဖြစ်လို့ သင်တန်းသူများအနေနဲ့လည်း ကြိုးစားပြီးသင်ယူကြပါ။ သင်တန်းနည်းပြများအနေနဲ့လည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ သင်ကြားပေးကြပါဟု" ပြောကြားသည် ။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်မော်နှင့်ဦးသိန်းဟန်၊ ကသာခရိုင်ကျေးလက်ဦးစီးမှူး ဦးတင့်ဝေ၊ မြို့နယ်ဦးစီးမှူး ဦးဗိုလ်မင်းတို့က သင်တန်းအတွက်လိုအပ်သောသင်ထောက်ကူ ပစ္စည်းများပေးအပ်ရာ သင်တန်းသူများက လက်ခံရယူသည်။ အဆိုပါသင်တန်းသို့ သင်တန်းသူ ၁၀ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ တစ်လခွဲကြာမြင့်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူးထံမှ သိရှိရသည်။

**(ဇွဲမာန်-ထီးချိုင့်)**

■

# ဝိုင်းမော်မြို့နယ်အတွင်း ဘိန်းအစားထိုးသီးနှံနှင့် ပညာပေးစာစောင်များဖြန့်ဝေ

**ဝိုင်းမော် စက်တင်ဘာ ၁၂**
ဝိုင်းမော်မြို့နယ်အတွင်း ဆဒုံး၊ ကန်ပိုက်တီ၊ မန်ဝိန်းနှင့် ဆိုင်လော်ဒေသတို့ရှိ ဘိန်းစိုက်တောင်သူများအတွက် စားဝတ်နေရေးနှင့် အသက်ရှင်နေထိုင်ရပ်တည်နိုင်ရေး ဘိန်းအစားထိုး သီးနှံမျိုးစေ့၊ ပျိုးပင်၊ ခတ်မြေဩဇာနှင့် ပညာပေးစာစောင်များ ဖြန့်ဝေခြင်းကို စက်တင်ဘာ ၈ ရက် မွန်းလွဲပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းငြိမ်းအောင်က အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ဘိန်းအစားထိုးသီးနှံနှင့် ပညာပေးစာစောင်များ ဖြန့်ဝေခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက မန်ဝိန်းနှင့် ဆိုင်လော်ဒေသတို့အတွက် တစ်ဧကလျှင် အစေ့ထုတ်ပြောင်း ငါးကီလိုဖြင့် ရှစ်ဧကအတွက် ကီလို ၄၀၊ ကန်ပိုက်တီဒေသအတွက် သစ်ကြားနှစ်ရှည်ပျိုးပင် ၃၀၀၊ ဆဒုံးဒေသအတွက် ပုလဲခတ်မြေဩဇာအိတ် ၃၀၊ ကွန်ပေါင်းခတ်မြေဩဇာ ၁၅ အိတ်တို့နှင့် တောင်သူပညာပေးစာစောင်များကို ဒေသခံဘိန်းစိုက်တောင်သူများထံ ဖြန့်ဝေပေးအပ်ခဲ့ကြကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သခွားမွှေးမျိုးစေ့အတွက်တောင်သူများ စပ်မျိုးများကို အားထားစိုက်ပျိုးလာ

**စဉ့်ကိုင် စက်တင်ဘာ ၁၂**
မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ဆည်ရွာကျေးရွာအနီး တံတားဦးလေယာဉ်ကွင်းသွားလမ်းဘေး အနီးတစ်ဝိုက်နှင့် ရန်ကုန်-မန္တလေးကားလမ်းဘေး ကားအဝင်-အထွက်ကောင်းမွန်သောနေရာတစ်ဝိုက်တွင် သခွားမွှေးစပ်မျိုးစိုက်ခင်းများစွာကို စီးပွားဖြစ်စိုက်ပျိုးလာကြောင်းဒေသခံများကပြောသည်။

စဉ့်ကိုင်မြို့ရှိ သခွားမွှေးစိုက်တောင်သူများမှာ မျိုးစေ့အတွက်စပ်မျိုးများအားထား စိုက်ပျိုးလာကြသည်။ စိုက်ပျိုးမှုအဆင့်ဆင့်တွင် စနစ်တကျစိုက်ပျိုးကာ ဂရုတစိုက်ပြုစုရသည်။ စိုက်ပျိုးရန်အတွက်ထယ်ရေးကိုင်ပြီးသည်နှင့် စိုက်ပေါင်စပြီး ပြင်ပေးကြရသည်။ စိုက်ပေါင်ပြင်နေသည့်ကာလတွင် သခွားမွှေးပျိုးပင်ကို ပျိုးဗန်းများဖြင့် ပျိုးပေးရသည်။ သခွားမွှေးပျိုးပင်ကို စိုက်ပျိုးရေးကုမ္ပဏီမှ ခွဲခြားကာ အညှောက်ဖောက်ပေးလိုက်သည်။

ယင်းပျိုးပင်များကို ပျိုးဗန်းအတွင်းထည့်ကာပျိုးကြရသည်။ ပျိုးဗန်းတစ်ဗန်းလျှင် မျိုးစေ့ ၁၀၄ စေ့ အထိပျိုးနိုင်သည်။ ပျိုးဗန်းတွင် အကန့်ကလေးများသတ်မှတ်ပေးထားသည်။

ပျိုးထားစဉ်ကာလတွင် စိုက်ပေါင်စနစ်တကျပြုလုပ်ပေးရသည်။ စိုက်ပေါင်တစ်ပေါင်နှင့် တစ်ပေါင်အကွာအဝေးမှာတစ်မီတာခွဲအထိခွာထားပြီး အပင်တစ်ပင်နှင့် တစ်ပင် ၃၅ စင်တီမီတာခွာစိုက်ပျိုးပေးရသည်။ အဖိုအမခွဲခြားပျိုးရပြီး ရှစ်ရက်ခန့်တွင်ပျိုးပင်ကို စိုက်ခင်းအတွင်းစိုက်ပျိုးလေ့ရှိသည်။ အပင်ရှင်သန်လာပြီး အရွက်ငါးရွက်အထက်ရောက်မှသာ အဖိုပင်ဘက်မှဝတ်မှုန်ယူကာ စပ်မျိုးစပ်ပေးရသည်။

မျိုးစပ်ခြင်းတွင် အသီးမတင်မချင်းစပ်ပေးရပြီး အဖိုအမဝတ်မှုန်ကူးမှုတွင် မနက်ပွင့်မည့်အပွင့်အတွင်းမှ ဝတ်မှုန်ကိုယူကာ ဆေးစိမ်ခြင်း၊ ရေဆေးခြင်းနှင့် ဝတ်မှုန်ကူးပေးခြင်း အစွပ်များစွပ်ထားခြင်းမှအစ စနစ်တကျ စိတ်ရှည်စွာပြုလုပ်ကြရသည်။

သခွားမွှေးတစ်ပင်လျှင် အအောင်မြင်ဆုံးအသီးတစ်လုံးကိုသာ အဓိကထားယူလေ့ရှိသည်။ အသီးရင့်မှည့်ကာ ခူးပြီးသည်နှင့် အသီးကို ရောဂါမိုးမွှားကင်းအောင်ပြုလုပ်ခြင်း၊ အစေ့ထုတ်ခြင်း၊ အခြောက်လှန်းကာ သန့်စင်ခြင်းများမှအစ စနစ်တကျမျိုးစေ့ပြုလုပ်ကြရသည်။ ဆေးစိမ်ခြင်း၊ရေဆေးခြင်းများကိုစနစ်တကျပြုလုပ်ပေးရသည်။ အများအားဖြင့်သုံးနေခန့်လှန်းပေးရသည်။ ရရှိလာသော သခွားမွှေးမျိုးသန့်များကို စိုက်ပျိုးရေးကုမ္ပဏီသို့ပြန်သွင်းကာ ရောင်းချကြရသည်။ စပ်မျိုးစိုက်ပျိုးခြင်းမှာ အသီးစားရန်စိုက်ပျိုးခြင်းထက် လက်ဝင်ပြီး ဈေးကွက်ကမူ အခိုင်အမာရှိသည့်အတွက် တောင်သူများအားထား စိုက်ပျိုးလာကြပြီး အကျိုးအမြတ်ရှိကြောင်း သိရသည်။

**တိမ်တမန်**

# ဖတ်ပြီးပြန်ထားစာကြည့်တိုက်ငယ်လေးများဖွင့်လှစ်၍ နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြု




**အောင်ပန်း စက်တင်ဘာ ၁၂**
ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ် အောင်ပန်းမြို့ အသွင်သစ်ပရဟိတလူငယ်အဖွဲ့မှ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၈ ရက်တွင်ကျရောက်သော နှစ်(၅၀)ပြည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသည့်အထိမ်းအမှတ်အဖြစ် 'ကြည့်ပြီးပြန်ထား' စာကြည့်တိုက်ငယ်ကလေးများ စတင်တည်ထောင်ဖွင့်လှစ်ခဲ့ကြကြောင်း သိရသည်။

အောင်ပန်းမြို့ ကိုငြိမ်းအောင်(ခ)ကိုအောင်ငဲဦးဆောင်သော အသွင်သစ်လူငယ်ပရဟိတအဖွဲ့သည် အောင်ပန်းမြို့ လူငယ်လူရွယ်များ မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲမှု လျော့ချရေး၊ စာဖတ်အလေ့အကျင့်စိတ်ဝင်စားရင့်သန်လာရေး၊ လူမှုအထောက်အကူပြု ပရဟိတလုပ်ငန်းများတွင် အားပေးကူညီဆောင်ရွက်လိုစိတ် ပွားများနိုင်ရေးနှင့် အခြားလောကဝတ္တရားများကျေပွန်ရန် အသိပညာပေးလမ်းပြအဖြစ် အောင်ပန်းမြို့ အဓိကလူသွားလူလာစည်ကားသော နေရာငါးနေရာတွင် သုတရသပညာပေးစာအုပ် ၅၀ ခန့် ထည့်ဝင်နိုင်သော'ဖတ်ပြီးပြန်ထား' စာအုပ်အိမ်လေးများတည်ဆောက်ပြီး အနီးအနားရှိစာပေဝါသနာရှင်များ ရပ်မိရပ်ဖများထံ ကြည့်ရှုပေးနိုင်ရန် အပ်နှံခဲ့ကြသည်။

အဆိုပါပရဟိတလူငယ်အဖွဲ့တွင် အင်အား ၄၀ ခန့်ရှိပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြို့ရေရရှိရေး၊ ဘာသာရေး၊ လူမှုရေးများ စုပေါင်းကူညီအားပေးနေကြပြီး ယခု ဖတ်ပြီးပြန်ထား စာအုပ်စင်လေးများကို အများပြည်သူ လူငယ်လူရွယ်အများ စိတ်ဝင်စားအောင်မြင်လာရင် အောင်ပန်းတစ်မြို့လုံး နေရာအနှံ့ထပ်မံလျှုဒါန်းသွားမည်ဖြစ်ကြောင်း အဖွဲ့ခေါင်းဆောင်ကိုအောင်ငဲက ပြောသည်။ **(ဝ၉၁)**

ကြေးမုံ



# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ကုန်သည်စက်မှု အသင်းဝင်များနှင့်တွေ့ဆုံ၍စီးပွားရေးဖွံ့ဖြိုးရေးဆွေးနွေး

**မန္တလေး စက်တင်ဘာ ၁၂**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဝင်များ၊ ညီနောင် အသင်းများမှစီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံပွဲကို စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီခွဲက မန္တလေးမြို့ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင်မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်ကဈေးကွက်စီးပွားရေးစနစ်နှင့်အညီကုန်သွယ်မှု ပတ်ဝန်းကျင်တိုးတက်ကောင်းမွန်ရေး၊ ပုဂ္ဂလိကကဏ္ဍစီးပွားရေး၊ကုန်သွယ်ရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရေးအတွက်ပံ့ပိုးကူညီ ဆောင်ရွက်ပေးနိုင်မှုများကိုပြောကြားခဲ့သည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူက နိုင်ငံတော်၏စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့်ကုန်သွယ်မှုပမာဏမြင့်မားစေရေး၊ ကုန်သွယ်မှုချောမွေ့စေရေးအတွက် ပို့ကုန်သွင်းကုန်လိုင်စင်များထုတ်ပေးမှု၊ ဖြေလျှော့ဆောင်ရွက်ပေးမှုများကိုရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းက အိမ်နီးချင်းတရုတ် အိန္ဒိယနိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားမှု၊ အာဆီယံနှင့် ဥရောပသမဂ္ဂဝင်နိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်မှု၊ ထိုင်းနိုင်ငံနှင့်ပူးပေါင်း၍MBAသင်တန်းများဖွင့်လှစ်မှုတို့ကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ညီနောင်အသင်းများမှရှင်းလင်းတင်ပြပြီး အတွင်းရေးမှူး ဒေါက်တာမောင်မောင်က အသင်း၏ရှေ့လုပ်ငန်းစဉ်များအားရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌ ဦးကျော်မင်းက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

**သီဟကိုကို(မန္တလေး)**

## တာချီလိတ်တွင် လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေး မြေစိုက်ပိုစတာ Bill Board များစိုက်ထူ

**တာချီလိတ် စက်တင်ဘာ ၁၂**

၂၀၁၆ ခုနှစ် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တာချီလိတ်ခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ကကြီးမှူး၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စိတ်(၁) တာချီလိတ်နှင့် ထိုင်းနိုင်ငံ ချင်းရိုင်ခရိုင် Focus Balar Foundation တို့ပူးပေါင်းပြီး လူကုန်ကူးမှု တိုက်ဖျက်ရေး အသိပညာပေးမြေစိုက်ပိုစတာ Bill Board စိုက်ထူပွဲကို မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားအမှတ်(၁) အနီးတွင် စက်တင်ဘာ ၉ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေးမြေစိုက်ဘုတ် Bill Board အား ချစ်ကြည်ရေးတံတား အမှတ်(၁) အနီး စိုက်ထူရာတွင် ခရိုင်လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ တပ်နယ်မှ ဗိုလ်မှူးကြီးကျော်ကိုထိုက်၊ ဥက္ကဋ္ဌခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးထိန်ဝင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းဝင်းသန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

ယင်းနောက် လူစည်ကားရာနေရာများဖြစ်သည့် ဟောင်လိတ်လမ်းဆုံ၊ လေယာဉ်ကွင်းအနီးနှင့် မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်တို့တွင် ဆက်လက်စိုက်ထူခဲ့ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# ၂၀၁၆ – ၂၀၁၇ ခုနှစ် ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေကျပ် သိန်း ၁၀၀၀ ပေးအပ်ပွဲကျင်းပ

**မိုးနဲ စက်တင်ဘာ ၁၂**

ဒေသခံပြည်သူများ အမှန်တကယ်လိုအပ်ပြီး ဒေသအတွက်အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများဖြစ်သည့်ရေရရှိရေး၊ တံတားတည်ဆောက်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း ၂၇ ခုအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ အားဖွံ့ဖြိုးရေးလုပ်ငန်း တစ်ခုချင်းစီအလိုက်ပေးအပ်ပွဲအခမ်းအနားကို ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးခရိုင် မိုးနဲမြို့နယ် ကမ္ဘောဇခန်းမ၌ စက်တင်ဘာ ၉ ရက်နံနက် ၁၁ နာရီက ပြုလုပ်ခဲ့သည်။

ယင်းရန်ပုံငွေ ပေးအပ်ပွဲအခမ်းအနားတွင် မိုးနဲမြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ အတွင်းရေးမှူးဦးလှထွဋ်နှင့် မိုးနဲမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမျိုးမြင့်တို့က အမှာစကားအသီးသီးပြောကြားခဲ့ကြောင်း သိရသည်။

ယင်းနောက် မိုးနဲမြို့နယ်နှင့် ကျိုင်းတောင်းမြို့အတွင်း ရေရရှိရေးလုပ်ငန်း ၈ ခုအတွက် ငွေကျပ် သိန်း ၂၇၀၊ တံတားတည်ဆောက်ရေး လုပ်ငန်းခုနစ်ခုအတွက် ငွေကျပ် ၁၆၈ သိန်းနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း ၁၂ ခုအတွက် ငွေကျပ် ၅၆၂ သိန်း စုစုပေါင်းငွေကျပ် သိန်း ၁၀၀၀ ကို လုပ်ငန်းတစ်ခုချင်းစီအလိုက် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက ပထမအရစ် ကနဦးထုတ်ပေးငွေ ၅၀ ရာခိုင်နှုန်းကို ပေးအပ်ရာ လုပ်ငန်းအလိုက် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကနီမြို့နယ်တွင် ပင်ပွားချိန် မျိုးကွဲနုတ်ပယ်မှု တောင်သူပညာပေး သရုပ်ပြပွဲကျင်းပ



**ကနီ စက်တင်ဘာ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် တဇယ်ချောင်ကျေးရွာ တောင်သူဦးအေးကို၏ ကွင်းအမှတ်(၁၂၉၅)၊ ဦးပိုင်အမှတ်(၁၀၉) ကွင်း၌ စိုက်ပျိုးထားသော ဆင်းသုခမျိုးသန့်ထုတ်စံပြကွက်တွင် ပင်ပွားစုံချိန် မျိုးကွဲနုတ်ပယ်မှုသရုပ်ပြပွဲကို စက်တင်ဘာ ၉ ရက်က တောင်သူပညာပေးသရုပ်ပြပွဲကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါတောင်သူပညာပေး သရုပ်ပြစိုက်ပွဲတွင် ကနီမြို့နယ်၏ဒေသ ဝမ်းစာဖူလုံမှုသည် လယ်စိုက်တောင်သူများ၏ လက်တွင်ရှိကြောင်း၊ တောင်သူများစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင်လည်း တောင်သူများ၏ကြိုးစားမှုအပေါ်မူတည်နေကြောင်း၊ သီးနှံအရည်အသွေးကောင်းပြီး ထွက်နှုန်းကောင်းမွန်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနရှိ ဝန်ထမ်းများနှင့် တောင်သူများပူးပေါင်း၍ လက်တွေ့အကောင်အထည်ဖော် ညှိနှိုင်းဆောင်ရွက်နိုင်ရေးတို့အတွက် ယခုဒီမျိုးသန့်ထုတ်စံပြကွက်တွင် တောင်သူများကိုခေါ်၍ မျိုးကွဲနုတ်ပယ်မှု လက်တွေ့သရုပ်ပြရခြင်းဖြစ်ကြောင်း ယင်းမာပင်ခရိုင် မျိုးစေ့တာဝန်ခံ ဒေါ်စန္ဒာမိုးက ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသော တောင်သူများအား မျိုးသန့်ထုတ်စံပြကွက်တွင် ခရိုင်စိုက်ပျိုးရေး ဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများက မျိုးကွဲနုတ်ပယ်မှုကို လက်တွေ့သရုပ်ပြသခဲ့သည်။

"ကျွန်တော်တို့ စိုက်ပျိုးရေးဦးစီးဌာနမှဦးဆောင်၍ တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် တောင်သူများ လက်တွေ့အသုံးပြုစိုက်ပျိုးနိုင်ရေး သရုပ်ပြခြင်း၊ မြို့နယ်၏စိုက်ပျိုးထုပ်လုပ်မှုအခြေအနေများနှင့် သိပ္ပံနည်းကျ စိုက်ပျိုးထုပ်လုပ်မှုအခြေအနေများ၊ မိုးစပါးမျိုးသန့်စိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်း တောင်သူများအား တောင်သူပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နေပြီး အခု ကျွန်တော်တို့မြို့နယ်တွင် ဆင်းသုခမျိုးစေ့ထုက်ကွက် ဧက ၂၀ ပညာပေးစိုက်ပျိုးထားပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးသန့်ဇင်က ပြောသည်။

ယခုနှစ်တွင် ယင်းမာပင်ခရိုင်အတွင်းတွင် မျိုးစေ့ထုတ်စပါး ရောမင်းစပါးဧက ၈၀၊ ဆင်းသုခ ဧက ၂၀ နှင့် ရွှေဘိုပေါ်ဆန်း ၁၀ ဧက စုစုပေါင်း ဧက ၁၁၀ စိုက်ပျိုးထားပြီး ယင်းမျိုးစေ့ထုတ်စိုက်ကွက်များမှ ခရိုင်အတွင်း ပြန်လည်ဖြန့်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယင်းသရုပ်ပြပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးအောင်ထွန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးချစ်ကို၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တောင်သူများ တက်ရောက်ခဲ့ကြသည်။

**သန်းဌေးအောင်(ကနီ)**

## ဘုတ်ပြင်းမြို့တွင် ဇီကာဗိုင်းရပ်(စ်) ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်၍ အသိပညာပေးဟောပြော

**ဘုတ်ပြင်း စက်တင်ဘာ ၁၂**

ဘုတ်ပြင်းမြို့နယ် ဇီကာဗိုင်းရပ်(စ်) ရောဂါကာကွယ်တားဆီးရေးအဖွဲ့နှင့် ပညာရေးဌာနတို့ပူးပေါင်းကာ ဇီကာဗိုင်းရပ်(စ်) ရောဂါကာကွယ်တားဆီးရေးအသိပညာပေးဟောပြောပွဲအား စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက ဘုတ်ပြင်းအ. ထ. ကကျောင်း နဝရတ်ခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်က ဇီကာဗိုင်းရပ်(စ်) ရောဂါနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ခြင်းဆိုင်ရာ လုပ်ငန်းများအကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာခင်ဌေးမြင့်က ဇီကာဗိုင်းရပ်(စ်) ရောဂါစတင်ဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် ကူးစက်ဖြစ်ပွားမှု နောက်ဆက်တွဲပြဿနာများ၊ ကြိုတင်ကာကွယ်ခြင်းဆိုင်ရာ ရှောင်ရန်ဆောင်ရန်နည်းလမ်းများ၊ သိကောင်းစရာများအား ပညာပေးပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်အတွင်း ဇီကာဗိုင်းရပ်(စ်)ရောဂါပိုးသယ်ဆောင်နိုင်သည့် ခြင်မပေါက်ပွားရေး ကျောင်းများတွင်ခြင်ဆေးမှုတ်ခြင်း၊ ရပ်ကွက်ပြည်သူများနေအိမ်များတွင် ဖုံး၊ သွန်၊ လဲ၊ စစ် ပညာပေးလုပ်ငန်းနှင့် (Abate) ဆေးခပ်ခြင်းလုပ်ငန်းများအား လိုက်လံဆောင်ရွက်ပေးကြသည်။

အဆိုပါလုပ်ငန်းများအား ကျန်းမာရေးဌာနနှင့် NGO အဖွဲ့များပူးပေါင်းကာ မြို့ပေါ်ရပ်ကွက်နှင့်ကျောင်းများတွင်အပတ်စဉ် စနေနေ့တိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဘုတ်ပြင်း(ပြန်/ဆက်)**



# နှမြောတယ်...ပုဂံ

ချိုနရီ



မြန်မာယဉ်ကျေးမှုအမွေအနှစ်များဖြစ်တဲ့ ပျူမြို့ဟောင်းတွေကို ယူနက်စကိုအဖွဲ့ကြီးက ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းမှာ ထည့်သွင်းအသိအမှတ်ပြုလိုက်စဉ်က အဖိုးတန်မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တွေ တစ်စုတစ်ဝေးတည်းရှိနေတဲ့မြန်မာ့နှလုံးသားထဲက ပုဂံကိုကျွန်မလွမ်းခဲ့တယ်။ တာဝန်အရရောစိတ်ဝင်စားမှု အရပါပုဂံဒေသကိုမကြာခဏရောက်ဖြစ်ခဲ့ပါတယ်။ လေ့လာဖြစ်ခဲ့ပါတယ်။ ပုဂံကိုလွမ်းလို့ "လွမ်းတယ်. . ပုဂံ " လို့တပြီးဆောင်းပါးတစ်စောင်ရေးခဲ့ပါတယ်။

လွမ်းရခြင်းအကြောင်းရင်းက ၁၉၆၈-၇၀၊ ၁၉၉၃-၉၆ နှစ်တွေက ကျွန်မလေ့လာခဲ့တဲ့ပုဂံဟာ ၂၀၀၃၊ ၂၀၀၄၊ ၂၀၀၅ခုနှစ်များမှာ ကျွန်မတို့အရှေ့တိုင်းပညာဘာသာရပ်က ဆရာ၊ ဆရာမနဲ့ ကျောင်းသား၊ ကျောင်းသူတွေကိုလက်တွေ့ပို့ချဖို့လေ့လာရေးခရီး ဦးဆောင်ပြီးသွားခဲ့တော့ ပုဂံဟာအတော်ပြောင်းလဲနေပြီမို့ပါ။ ဘုရားတွေကိုပြုပြင်မှုတွေ၊ အခြားသောခေတ်မီအဆောက်အအုံတွေဟာ နဂိုတန်ဖိုးရှိမြန်နိုင်ငံခြားသားတွေအပါအဝင် ရောက်ဖူးသူတိုင်းရင်ထဲလှပဆဲဖြစ်တဲ့ ပုဂံဟာအရောင်ဆိုးခံနေရပြီမို့လွမ်းခဲ့ရတယ်။ ခုတစ်ခါဘယ်လိုမှမလွဲမရှောင်သာတဲ့ ကြိုတင်မသိနိုင်တဲ့သဘာဝဘေး ငလျင်ဒဏ်ကိုခံခဲ့ရပြန်ပြီ။ ၁၉၇၅ ခံရစဉ်ကပြုပြင်ထူမတ်ခဲ့တဲ့စေတီပုထိုးတွေ အပါအဝင် အတော်ပျက်စီးခဲ့ပြီတဲ့။ ဒါကြောင့် "နှမြောတယ်. . . ပုဂံ"။

ငလျင်သတင်းကို ဩဂုတ် ၂၄ ညမှာ မြန်မာတစ်နိုင်ငံလုံးကိုအနီရောင်ခြယ်ပြထားတဲ့သတင်းပြီးမှ ချောက်၊ ပုဂံ၊ ပခုက္ကူစတဲ့အဓိကငလျင်ဒဏ်ခံခဲ့ရတဲ့မြို့အမည်တွေတွေ့လိုက်ရတော့ ရုပ်သံကြည့်ရင်းရင်ထဲမှာ ဘယ်လိုမှမခံစားနိုင်ခဲ့ပါဘူး။ ဒါကြောင့် နေ့စဉ်ထုတ်သတင်းစာအတော်များများကို စောင့်ဖတ်၊ ကျွန်မမှာရှိနေတဲ့ ပုဂံနှင့်ပတ်သက်တဲ့စာအုပ်စာတမ်းတွေကိုပြန်ဖတ်၊ ရတဲ့သတင်းတွေကို စုဆောင်းပြီးမှ ဒီဆောင်းပါးကိုရေးဖြစ်ပါတယ်။

ဩဂုတ် ၂၄ ရက် ညနေ ၅ နာရီ ၅ မိနစ်ကလှုပ်သွားတဲ့ ငလျင်ကချောက်မြို့အနောက်ဘက် ၁၂ မိုင်ခန့်ကိုဗဟိုပြုပြီး အင်အားရစ်ချ်စတာစကေး ၆ ဒသမ ၈ အဆင့်ရှိ(စောက်အလတ်)အင်အားပြင်း ငလျင်ကြီးဖြစ်ပါတယ်တဲ့။ ကဘော်ပြတ်ရွေ့နှင့် အိန္ဒိယပြတ်ရွေ့ကြောင်း နှစ်ခုဆုံရာမှ စတင်ခဲ့ကြောင်းမြေငလျင်ပညာရှင်များကသုံးသပ်ပါတယ်တဲ့။

ပုဂံဘုရားပုထိုးများ(ဒုတိယတွဲ)မှာဖော်ပြထားတဲ့ ပုဂံဘုရားများရှိရာဒေသဟာ ဧရာဝတီမှ ဘုရင်ထောင်အထိ၊ တောင်ဘက်တွင်တွင်းရွာအထိ၊ အရှေ့ဘက်တွင် ကျောက်ဂူဥမင်အထိ၊ ၁၉ စတုရန်းမိုင်အတွင်းမှာရှိပါတယ်။ အစဉ်အလာသံပေါက်အရ လှည်းဝင်ရိုးသံတည်ညံ့ပုဂံဘုရားပေါင်းသံပေါက်သဘောက "လှည်းဝင်ရိုး သံ"ထိပ်ယူရတာမို့ (၄၄၄၆) ဆူ။ အင်းဝခေတ်မိုးညှင်းမင်းတရားလက်ထက်က "ဝင်းဝင်းထိန်လျှံ"ပုဂံဘုရားပေါင်း ဆိုတော့ (၄၄၇၄) ဆူ။ ပထမအဆိုနှင့် နီးစပ်ပါတယ်။ ပုဂံနောက်ကာလမှာတော့ "မြတ်ဘုရားဆူရေ၊ ဖြူရွှေလိုဝင်း၊ ပုဂံပြည်ဘယ်တိုင်း၌ာနီမှ၊ စံမမီလွန်ထင်ရှား၊ စောမုနိများဆိုရာ (ပဋိလောမနည်း)အရပြောင်းပြန်ရေတွက်ပါက (၄၄၄၅)ဆူဖြစ်လို့ ပုဂံခေတ်သံပေါက်နဲ့ ကိုက်ညီတယ်လို့ဖတ်မှတ်ရပါတယ်။

ဒီလောက်များပြားလှတဲ့ ဂုဏ်ယူဖွယ်ရှေးဟောင်းအမွေအနှစ်တွေဟာ ၁၉၇၅ ငလျင်ကြီးမှာ အတော်ပျက်စီးခဲ့ပါပြီ။ ရှေးဟောင်းသုတေသနပညာရှင်ကြီး ညီသန်းဆွေရဲ့ သမိုင်းဝင်ပုဂံစေတီပုထိုးများ (၁၉၇၅) စာ- ၁၂ မှာ အဲဒီတုန်းက ငလျင်ဒဏ်ခံဘုရားများနှင့် ပျက်စီးတဲ့အဓိက အပိုင်း၊ ဓာတ်ပုံတွေတွေ့ရပါတယ်။ ဒီလ ၂၄ ရက် ငလျင်ဒဏ်ခံရတဲ့ဘုရားစေတီတွေဟာ ၁၉၇၅ မှာ ပျက်စီးခဲ့ရတဲ့စေတီအများစုပါနေတာတွေ့ရပါတယ်။ ပြန်ပြီးပြုပြင်ရေးထားတဲ့စေတီပုထိုးများဖြစ်ပါတယ်။ ရှေးဟောင်းသုတေသနဦးစီးဌာနမှ ၁၉၇၃ ခုထိ မှတ်ပုံတင်ရေတွက်ခဲ့တဲ့ရှေးဟောင်းအဆောက်အအုံပေါင်းဟာ သင်္ကေတအားဖြင့်"ကျောင်းကြီးအုတ်နီ"ဖြစ်ပြီး၊ ကိန်းဂဏန်းအရ (၂၂၁၇)မျှရှိခဲ့ပါတယ်။

၂၄ ရက်နေ့ ငလျင်ကြီးလှုပ်ခတ်ပုံကိုရှေးဟောင်းညွှန်ကြားရေးမှူး (ငြိမ်း)ဦးအောင်ကြည် (ပုဂံခေတ်စေတီပုထိုးများ၊ လက်ရာစုံစွာအာနန္ဒာ)စတဲ့စာအုပ်တွေနဲ့ မှတ်တမ်းပြုခဲ့ကလောင်အမည် မင်းဘူးအောင်ကြိုင် က ပထမအပေါ်အောက်ကိုင်ဆောင့်သလိုလှုပ်တယ်"အနောက်မြောက်က အနောက်တောင်ကိုဘေးတိုက် လှုပ်တယ်"လို့ပြောပါတယ်။ ဆရာကပုဂံရှင်ခြေချနေသူဆိုတော့ ကိုယ်တိုင်ခံစားခဲ့ရမှာပါ။ အခြားခံစားရသူတွေ ရဲ့ ပြောဆိုတာတွေလည်းသတင်းစာတွေမှာ ဖတ်ပြီးကြမှာမို့မပြောတော့ပါဘူး။

ပြိုပျက်တဲ့စေတီတွေကို ဖတ်ရသမျှတော့ ထင်ရှားတဲ့စေတီပုထိုးတွေချည်းပါပဲ။ မင်္ဂလာစေတီ၊ ဓမ္မရံကြီး၊ မြင်းကပါဂူပြောက်ကြီး၊ လောကနန္ဒာ၊ ရွှေဆံတော်၊ အပါယ်ရတနာစသည်တို့ပါ။ ၂၇-၈-၂၀၁၆ သတင်းတွေအရ ပုဂံဒေသအပါအဝင် တစ်နိုင်ငံလုံးဘုရားစေတီ ၄၇၇ ဆူဖြစ်ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာနမှ ထုတ်ပြန်ခဲ့ပါတယ်။ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ ရှင်ပင်-ဘုရား ၃၉၇ ဆူလို့ သိရပါတယ်။ စလေ၊ ပခန်းငယ်၊ စစ်ကိုင်း စသည်တို့ ထက်စာရင် ပုဂံဟာအများဆုံးဖြစ်ပါတယ်။ အန္တရာယ်ရှိလို့ ခေတ္တပိတ်ထားတဲ့ စေတီတော်တွေက ၃၃၆ဆူ လို့ဖတ်ရပါတယ်။ ပုဂံဘုရားပုထိုးများ ဒုတိယတွဲပါ ပုဂံမြေပုံကိုကြည့်တော့ အများစုပျက်စီးတဲ့ အထင်ကရ စေတီပုထိုးတွေဟာ ဧရာဝတီမြစ်ကမ်း ပုဂံမြို့ရိုးဟောင်းနဲ့ ပိုနီးတာတွေ့ရပါတယ်။

"နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပျက်စီးတဲ့စေတီတွေကို အလျင်စလို မပြုပြင်ဖို့ နဲ့ ကမ္ဘာ့နိုင်ငံတွေက နည်းပညာအကူအညီတွေပါဝင်ပြီးမှ လုပ်ဖို့ ဖုန်းနဲ့ဆက်သွယ်မှာကြားထားကြောင်းလည်း ၂၅-၈-၂၀၁၆ မွန်းတည့် ၁၂ နာရီ ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးမှ ပြုလုပ်ခဲ့တဲ့အရေးပေါ် အစည်းအဝေးမှ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသူရဦးအောင်ကို ပြောကြားချက်အရ သိရပါတယ်။

နိုင်ငံတော်သမ္မတဦးထင်ကျော်သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ၂၆-၈-၂၀၁၆ မွန်းလွဲပိုင်းက သွားရောက်ကြည့်ရှုပြီး မှာကြားချက်တွေက ထိမိလှပါတယ်။ ကန့်သတ်တဲ့အချိန်ပိုင်းမှာ ရပ်ဝေးရပ်နီးက အမြတ်တနိုးလာရောက် လေ့လာတဲ့ပြည်တွင်း၊ ပြည်ပဧည့်သည်တွေကို မပျက်စီးတဲ့ဘုရားတွေမှာ လွတ်လွတ်လပ်လပ်သွားလာခွင့်ပေးဖို့၊ ပျက်စီးတဲ့အပိုင်းတွေကို လုံခြုံရေးယူထားသော်လည်း လက်ခံနိုင်သလောက် ချဉ်းကပ်ခွင့်ပေးဖို့မှာပါတယ်တဲ့။ သမ္မတရဲ့ "ကျွန်တော်တို့မှတ်တမ်းယူသလိုသူတို့လည်းမှတ်တမ်းယူပါစေ။ သူတို့မှတ်တမ်းမှတ်ရာတွေကနေပြီး ပြန်ထွက်လာတဲ့ မှတ်တမ်းမှတ်ရာတွေက အင်မတန်တန်ဖိုးရှိပါတယ်။ နောက်ပြီးသူတို့ မှတ်တမ်းတွေကလည်း သမိုင်းဝင်မှာပါ" ဆိုတဲ့ မှာကြားချက်က အလွန်အမြော်အမြင်ကြီးတဲ့ မှာကြားချက်ဖြစ်ပါတယ်။

ပြုပြင်ထိန်းသိမ်းမှုအပိုင်းမှာလည်း "အုတ်လည်းအုတ်အလျောက် ရှေးဟောင်းတန်ဖိုးရှိပုံ၊ ယခုနဲ့မတူသုံးလို့ ရတာပြန်သုံးမှာမို့ ပျက်စီးမှုတွေကို စနစ်တကျမှတ်တမ်းတင်ထားပြီး သိမ်းဆည်းဖို့မှာသည်။ အုတ်နဲ့ ရှေးမူမပျက်မပြင်သေးခင်မှာရေကြောင့် ထပ်မပျက်စီးအောင် တာလပတ်လိုဟာမျိုးတွေနဲ့ စနစ်တကျသပ်သပ်ရပ်ရပ်လည်း မပျက်အောင် ဖုံးအုပ်ဖို့မှာတာဖတ်ရပါတယ်။

"ပုဂံရဲ့တန်ဖိုးက ရှေးကအမွေအနှစ်တွေဆိုတာ ၁၁ ရာစု ၁၂ ရာစုက လက်ရာတွေမို့ အတတ်နိုင်ဆုံးထိန်းသိမ်းရမယ်။ ပြင်ရင်လည်း စနစ်တကျလုပ်ရမယ်။ ထိန်းသိမ်းပုံမမှန်ရင် ထိန်းသိမ်းရာမရောက်။ ခေတ်အမြင်နဲ့ လုပ်လို့မရ။ ရှေးဟောင်းပစ္စည်းတွေကိုထိန်းသိမ်းတဲ့ အလုပ်ဆိုတာ အင်မတန်သိမ်မွေ့ပါတယ်။ မှတ်သားဖွယ် အချက်ကတော့

"ဒီတော့ အခါအခွင့်သင့်တုန်း ကျွန်တော်တို့ အဆိုးထဲကအကောင်းဖြစ်အောင် စနစ်တကျ အချိန်ယူပြီးပြင်ကြရအောင်ပါ။ ဂျပန်၊ ကိုရီးယားတို့က ပညာရှင်တွေလာရောက်ကူညီမယ်ပြောပါတယ်။ ယူနက်စကိုကလည်းလာမှာပါ။ သူတို့အကြံဉာဏ်လည်းယူရမယ်ဆိုတဲ့ အမြော်အမြင်ကြီးတဲ့၊ စေ့စေ့စပ်စပ် မှာကြားချက်တွေက အားရှိစရာပါ။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ၁၉၇၅ ငလျင်တုန်းကတစ်ခါပြင်ခဲ့ပြီး ၉၅၊ ၉၆ မှာလည်း တစ်ခါပြင်ခဲ့ဖူးတယ်။ ပြည်တွင်း၊ ပြည်ပ ပညာရှင်တွေ ရှေးဟောင်းသုတေသနဌာနက ပညာရှင်တွေနဲ့ စနစ်တကျတိုင်ပင်ပြီး ပြင်ခဲ့တာမဟုတ်တော့ အသစ်ပြင်တဲ့နေရာတွေက ပျက်စီးတာများတယ်။ တတိယအကြိမ်ပြင်ရမှာမို့ Stress Earthquake Resistance ဖြစ်အောင်လုပ်ရမှာဖြစ်တယ်။ ပြည်တွင်း၊ ပြည်ပ ပညာရှင်တွေနဲ့တိုင်ပင်ပြီး အားလုံးဝိုင်းလုပ်ရမှာပါ။ ငလျင်ဒေသဖြစ်တော့ နောင်တစ်ချိန်ဒါမျိုးအဖြစ်မခံတော့ဘူး" ဟုဆိုပါတယ်။ တိုင်ပင်သင့်သူတွေနဲ့တိုင်ပင်၊ စနစ်တကျပြုပြင်ဖို့ ပြောတာဖြစ်ပါတယ်။ ဒီမှာကြားချက်တွေကိုပြန်ရေးပြနေတာက ကျွန်မအတွက်လည်း မှတ်တမ်းယူထားတာဖြစ်နေလို့ပါ။

ခုလို လူကြီးတွေက အရေးတကြီးမှာကြားတာ ကျေးဇူးတင်စရာပါ။ ကျွန်မတို့လို ပြည်သူတွေရဲ့ရင်ထဲမှာလည်းနှမြောလှသပေါ့ရှင်။ ဘာကြောင့်နှမြောရကြောင်းကိုကျွန်မသိသမျှ ပုဂံဘုရားစေတီတွေရဲ့ အချို့အချက်အလက်တွေကိုပြောပြပါ့မယ်။သိပြီးသူတွေရှိပေမယ့် လူငယ်၊လူရွယ် မသိသေးတဲ့ကလေးတွေအတွက်ပါ။

အာနန္ဒာဘုရားဟာ"အနုအာနန္ဒာ"လို့ မှတ်တမ်းပြုလောက်အောင်အနုလက်ရာ၊ ဗိသုကာပညာမှာ အရှေ့တောင်အာရှမှာ ဒုတိယနေရာရှိခဲ့ပါတယ်။ အတွင်းလိုဏ်ပတ်လမ်းမှာ ရှေးဗုဒ္ဓဝင်ရုပ်ကြွတွေ၊အပြင်တံတိုင်းမှာ ဇာတကစဉ့်ကွင်းရုပ်ကြွတွေရှိပါတယ်။ "ထုဓမ္မရံ"လို့ ဆိုရိုးရှိတဲ့ဓမ္မရံကြီးဘုရား ပြန်ပြင်ထားတဲ့ကွမ်းတောင် ကစပြိုကျခဲ့ပြီ။ "ဓားစီးခုတ်" အုတ်စီပုံနှင့် အပ်ထိုး၍မရအောင် ကောင်းမွန်လှတဲ့ ဘုရားဖြစ်ပါတယ်။ မနှစ်က ယူနက်စကိုစာရင်းဝင်ပြီး ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ခံရတဲ့ မြစေတီကျောက်စာ (ခ)ရာဇကုမာရ်ကျောက်စာတိုင်ရှိတဲ့ မြစေတီဘုရားလည်းပျက်စီးမှုများတဲ့ ၃၃ ဆူမှာပါနေပြီ။

စာမျက်နှာ ၂၀ သို့

# ပေါင်မြို့နယ်၌ လူငယ်ရေးရာ မူဝါဒဆိုင်ရာ အသိပညာပေး ဆွေးနွေးခြင်းနှင့် သဘောထားစစ်တမ်းကောက်ယူ

**ပေါင် စက်တင်ဘာ ၁၂**
မွန်ပြည်နယ် ပေါင်မြို့နယ်၌ လူငယ်ရေးရာမူဝါဒဆိုင်ရာ အသိပညာပေး ဆွေးနွေးခြင်းနှင့် သဘောထားစစ်တမ်းကောက်ယူခြင်း အခမ်းအနားကို ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်က အဖွင့်အမှာစကား ပြောကြားပြီး လူငယ်ရေးရာမူဝါဒ ဖြစ်မြောက်ရေးအဖွဲ့ (မွန်ပြည်နယ် )တာဝန်ခံ ဒေါ်ခိုင်ခိုင်လဲ့မြင့်က လူငယ်ရေးရာမူဝါဒနှင့်နှင့်ပတ်သက်၍ သိသင့် သိထိုက်သည်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ လူငယ်ရေးရာမူဝါဒ ဖြစ်မြောက်ရေးအဖွဲ့ (မွန်ပြည်နယ်) အဖွဲ့ဝင် ဒေါ်ရတနာစိုးက လူငယ်သဘောထားစစ်တမ်း ကောက်ယူခြင်းနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည်။

"မြန်မာနိုင်ငံမှာအစိုးရနှင့် လူငယ်များ ပူးပေါင်းပါဝင်၍လူငယ်ရေးရာမူဝါဒတစ်ခုထွက်ဖို့ ဖော်ဆောင်တဲ့နေရာမှာ လူငယ်ရေးရာမူဝါဒကို လူငယ်အကျိုး လိုလားသူတွေသိရှိဖို့လိုပြီး လူငယ်ရေးရာမူဝါဒရေးဆွဲတဲ့နေရာမှာလူငယ်တွေရဲ့ သဘောထား၊ အကြံဉာဏ်တွေကို ရယူမှာဖြစ်သလို ဒီဒေသမှာရှိတဲ့ လူငယ်တွေ သူတို့ရင်ဆိုင်ကြုံ တွေ့နေရတဲ့ အခက်အခဲတွေ၊ ပြဿနာတွေ ဘယ်အချက်တွေကို လူငယ်ရေးရာမူဝါဒမှာ ထည့်သွင်းရေးဆွဲချင်သလဲနှင့် လူငယ်ရေးရာမူဝါဒကို လူငယ်တွေအနေနှင့် နားလည်သိရှိလာစေရန် ဖြစ်ပါတယ်" ဟု၍ လူငယ်ရေးရာ မူဝါဒဖြစ်မြောက်ရေး (မွန်ပြည်နယ်)တာဝန်ခံ ဒေါ်ခိုင်ခိုင်လဲ့မြင့်က အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပေါင်မြို့နယ်အတွင်းရှိ လူငယ် အဖွဲ့အစည်းမှ ၈၅ ဦးတက်ရောက်ခဲ့ပြီး မုတ္တမမြို့၊ ဇင်းကျိုက်မြို့၊ ရင်းငြိမ်ကျေးရွာများတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြို့တွင်းရှိ ဆန်စက်များ အနံ့ဆိုးနှင့် ရေဆိုးများ ထွက်ရှိမှုရှိ–မရှိ လိုက်လံစစ်ဆေး



**ကျုံပျော် စက်တင် ၁၂**
ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်း လည်ပတ်လျက်ရှိသော ဆန်စက်များ အများပြည်သူအား ထိခိုက်မှုမရှိဘဲ စည်းကမ်းတကျ ဆောင်ရွက်မှုရှိ-မရှိ လိုက်လံစစ်ဆေးဆောင်ရွက်ခြင်းကို စက်တင်ဘာ ၉ ရက်က စားသုံးသူရေးရာဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဆန်စပါးလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ရှားခဲကျေးရွာ၊ ကွင်းမနှင့်သပြေငူကျေးရွာများမှ ဆန်စက်လည်ပတ်နေမှုများအား စစ်ဆေးခဲ့ကြပြီး အနံ့ဆိုး၊ ရေဆိုးများ ထွက်ရှိမှု ရှိ-မရှိ စစ်ဆေးခြင်း၊ ဆန်စပါးဈေးနှုန်း၊ ဈေးကွက်လက်ကျန်အခြေအနေအား လေ့လာစိစစ်ခြင်းနှင့် ထုတ်ကုန်အရည်အသွေးမှန်ကန်ရေးအတွက် လုပ်ငန်းရှင်များအား အသိပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

# ကျေးလက်နေသူများ သွားလာရေး လွယ်ကူလျင်မြန်စေရန် လမ်းတံတားများဆောက်လုပ်နိုင်ရေးစစ်ဆေး

**စဉ့်ကိုင် စက်တင်ဘာ ၁၂**
မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ရန်ပုံငွေများဖြင့် ကျေးလက်နေပြည်သူများအတွက် ကျေးလက်လမ်းခုနစ်လမ်းနှင့် ကျေးလက်တံတားလေးစင်းအား ဆောင်ရွက်ပေးမည်ဖြစ်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျရှိစေရေးအတွက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်မြေအမှတ်(၁)မှ ဦးအောင်နိုင်လင်း၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဦးလှိုင်ဝင်း၊စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်ခင်မာစန်းနှင့်ဝန်ထမ်းများ၊ ဟိန်းထက်လွင်ကုမ္ပဏီမှ တာဝန်ရှိသူများသည် စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ကွင်းဆင်းကြည့်ရှုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျေးလက်နေပြည်သူများအတွက် ကျေးလက်လမ်း၊ တံတားများ ဆောက်လုပ်နိုင်ရေး ကွင်းဆင်းပေးခြင်းအားဖြင့်ဒေသခံ ပြည်သူများနှင့် တွေ့ဆုံ၍ပြည်သူများ၏ လိုအပ်ချက်များ အမှန်တကယ်ရရှိအောင် ဆောင်ရွက်ပေးနိုင်ပြီး အဆိုပါကျေးလက်လမ်းခုနစ်လမ်းနှင့် ကျေးလက်တံတားလေးစင်းဆောင်ရွက်ပြီးစီးပါက စဉ့်ကိုင်မြို့နယ်အတွင်းရှိကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စွာ ပိုမိုလွယ်ကူ လျင်မြန်စွာသွားလာနိုင်ပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးများ အထူးကောင်းမွန်လာမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်မာစန်းကပြောသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**

# ရမည်းသင်းမြို့တွင် စွန့်ဦးတီထွင် စီးပွားရေးသင်တန်းဖွင့်

**ရမည်းသင်း စက်တင်ဘာ ၁၂**
ဂျာမဏီနိုင်ငံ giz နှင့် ILO အသိအမှတ်ပြုသင်တန်းကျောင်းဖြစ်သော ရမည်းသင်းမြို့ စိန်လသာ စီးပွားရေးသင်တန်းကျောင်းမှ မြို့ပေါ်ရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီမှ မန်နေဂျာများ၊ တက္ကသိုလ် ကျောင်းသားများအား နိုင်ငံပေါင်း ၁၀၀ တွင် ထင်ပေါ်ကျော်ကြားသည့် သင်ရိုးဖြစ်သော SIYB နှင့် CEFE method တို့အား စက်တင်ဘာ ၁၁ ရက် နံနက် ၉ နာရီတွင် အမေထွေးခန်းမတွင် စိန်လသာ စီးပွားရေးသင်တန်းကျောင်းတာဝန်ခံ ဦးဇော်မင်းစိုးက သင်ကြားကြားပို့ချပေးခဲ့ကြောင်း သိရသည်။

သင်တန်း၏ အဓိကရည်ရွယ်ချက်မှာ ဒေသတွင်းစီးပွားရေးလုပ်ငန်းရှင်များ ရေရှည်အောင်မြင်နိုင်ရန်နှင့် စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွန်းလာရန်ရည်ရွယ်ပြီး ဖွင့်လှစ်သောသင်တန်းဖြစ်ပြီး သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၄ ဦး တတ်ရောက်ပြီး စက်တင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်ထိ Marketing Course ဖွင့်လှစ်သွားပြီး စက်တင်ဘာ ၁၇၊ ၁၈ ရက်များတွင် People and Productivity Course ကို ဂျာမဏီနိုင်ငံ giz နှင့် ILO အသိအမှတ်ပြုသင်တန်းကျောင်း ရမည်းသင်းမြို့နယ်တာဝန်ခံ ဦးဇော်မင်းစိုး ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။

**ဇော်ဝင်းအောင် (ခရိုင်ပြန် /ဆက်)**

# သီပေါစက္ခုဒါနမျက်စိကုဆေးရုံမှ (၃၆)ကြိမ်မြောက်အခမဲ့မျက်စိစမ်းသပ်ကုသမည်



**သီပေါစက်တင်ဘာ ၁၂**
သီတဂူ ဆရာတော်ဘုရားကြီး ဒေါက်တာအရှင်ဉာဏိဿရ၏ ဩဝါဒနှင့် စီမံလမ်းညွှန်မှုဖြင့် သီပေါမြို့သီတဂူ စက္ခုဒါနမျက်စိကုဆေးရုံမှ မျက်စိဝေဒနာရှင်များအား လူမျိုးဘာသာမရွေး၊ နေရပ်ဒေသ မခွဲခြားဘဲ စက်တင်ဘာ ၁၇ ရက်မှ၂၀ ရက်အထိ (၃၆) ကြိမ်မြောက်အခမဲ့ လက်ခံ ကုသပေးသွားမည်ဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ မဟာမြတ်မုနိဘုရားကြီးပရိဝုဏ်အတွင်း၌ တည်ဆောက်ထားပြီး ၂၀၀၈ ခုနှစ် မတ်လ ၂၂ ရက်က သီတဂူ ဆရာတော်ဘုရားကြီးကိုယ်တိုင် ကြွရောက်ဖွင့်လှစ်ပေးခဲ့သည့် အဆိုပါသီပေါ သီတဂူစက္ခုဒါနမျက်စိကုဆေးရုံ၏ ယခု(၃၆)ကြိမ် မြောက်အခမဲ့မျက်စိစမ်းသပ်ကုသပေးမည့်အစီအစဉ်သို့ စက်တင်ဘာ ၁၆ ရက်မှစတင်၍ ဆက်သွယ်စာရင်းပေးဆောင်ရွက်နိုင်ကြောင်း သိရသည်။

**သီပေါကိုလတ်**

# နမြောတယ်...ပုဂံ

စာမျက်နှာ ၁၉ မှ

အနီးကမြင်းကပါဂူပြောက်ကြီးဘုရားဟာဆိုရင် ကျန်စစ်သားမင်းကြီးရဲ့ ကျေးဇူးလို့ ပူဇော်တဲ့ ရာဇကုမာရ်မင်းသားပူဇော်ခဲ့တဲ့ ရွှေအတွက်မူသော ဘုရားဌာပနာထားတဲ့စေတီပါ။ နန်းဘုရားက ဗြဟ္မာကြီးပုံရုပ်ကြွကလည်း ကြီးမားလှတဲ့ ရုပ်ကြွကြီးပါပဲ။ ရုပ်ကြွဆိုတာကနံရံသို့မဟုတ် တစ်ခုခုရဲ့ မျက်နှာပြင်မှာတစ်ဖက်ဖောင်းကြွထုလုပ်ထားတာတွေကို ခေါ်တာပါ။ ရုပ်တုလိုလေးဖတ်မြင်မဟုတ်ပါဘူး။ လောကထိပ်ပန်ဘုရားမှာလည်း ဗုဒ္ဓဝင်ပါဠိမင်စာတွေရှိပါတယ်။ ကျွန်မတို့ဌာနက ပုဂံဘုရားတွေက ဗုဒ္ဓဝင်ပါဠိမင်စာစု သုတေသနလုပ်ပြီးဆရာမကြီး ဒေါ် တင်တင်မြင့်(ပါမောက္ခ၊ကွယ်လွန်) ဦးဆောင်လို့ "ဗုဒ္ဓဝင်ပါဠိမင်စာများ" စာအုပ်ထုတ်ဝေခဲ့ပြီးပါပြီ။ထို့တူ နံရံဆေးရေးပန်းချီတွေရှိတဲ့ဘုရားသုံးဆူ၊သမ္ဗုလဘုရားများလည်းပျက်စီးမှုထဲ ပါနေတာတွေ့ရပါတယ်။

ပုဂံခေတ်သူခေတ်သားများကို ဗုဒ္ဓဝင်ဆိုင်ရာ ဇာတ်ကွက်များ၊ ပါဠိနံရံမင်စာများ၊အများအပြားရေးထိုးထား တဲ့ ပုဂံခေတ်ဗုဒ္ဓ၏စာပေသမိုင်းအတွက် တန်ဖိုးမဖြတ်နိုင်တဲ့အထောက်အထားသာဓက များရှိတဲ့ ဘုရားဖြစ်ပါ တယ်။ ဒီတော့ နံရံဆေးရေးပန်းချီတွေ၊မင်စာတွေအတွက် စိတ်ပူစရာပါ။ နံရံဆေးရေးပန်းချီတွေကို တစ်ချိန် က ကျွန်မပုဂံကိုတာဝန်နဲ့သွားတော့ ဦးအောင်ကြိုင် (မင်းဘူးအောင်ကြိုင်)အမည်နဲ့ (လက်ရာစုံစွာ အာနန္ဒာ၊ ပုဂံခေတ်ဗိသုကာလက်ရာများစတဲ့ သုတေသန(စာအုပ်တွေ) ပြုစုခဲ့သူ ယခုရွှေးဟောင်းသုတေသနညွှန်ကြား ရေးမှူးချုပ်(ငြိမ်း)နှင့်ဦးမျိုးညွန့်(ဗိသုကာ) လယ်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) ကြီးကြပ်ပြီးနံရံဆေးရေးပန်းချီ တွေကို တာရှည်ခံအောင်ပြုပြင်ထိန်းသိမ်းနေကြတာတွေ့ခဲ့ဖူးပါတယ်။ ပြည်ပအကူအညီပေးတဲ့ အဖွဲ့အစည်း ကိုတော့မေ့နေပါပြီ။ ပြုပြင်တဲ့ လူငယ်လူရွယ်လေးတွေဟာယခုခေတ် တီရှပ်ခေါ်တဲ့ စွပ်ကျယ်လက်စက အဖြူရောင်တွေဝတ်ထားပြီး ကျောဘက်မှာ အဲဒီအဖွဲ့စာတန်း ရေးထားတာတော့မှတ်မိပါတယ်။ ငြမ်းတွေထိုးပြီး ဆေးရေးပန်းချီကားတွေရှိတဲ့ နံရံထဲကိုဆေးထိုးနေကြတာပါ။ အရောင်အသွေး မပျက်အောင်၊ တာရှည်ခံအောင် နံရံထဲဆေးထိုးလို့ရတယ်ဆိုတဲ့နည်းပညာကိုမြင်ခဲ့ရတော့ ကျွန်မအံ့ဩတကြီးဖြစ်ခဲ့ပါတယ်။ ဆရာနှစ်ယောက် စလုံးဟာ မေးလာရင်စိတ်ရှည်စွာ စုရှင်းပြတတ်ကြသလို သူတို့လုပ်ငန်းမှာစိတ်ရောကိုယ်ရောပါ နှစ်ထားကြတဲ့သူတွေဖြစ်တာတွေ့ရပါတယ်။ ဦးမျိုးညွန့်ဆို ဗိသုကာဖြစ်တော့ကျွန်မသိလိုစိတ်နဲ့ မေးသမျှကို အားပါးတရ ရှင်းပြခဲ့သူပါ။ပုဂံဒေသလည်းဖြစ်ပါတယ်။ ဒီဆရာနှစ်ယောက်ဟာ ပုဂံကို သံယောဇဉ်ကြီးလွန်းလို့ နှစ်ယောက်စလုံး ပုဂံမှာ အခြေချနေကြသူတွေဖြစ်ပါတယ်။ ပုဂံဒေသမှာ နံရံဆေးရေးပန်းချီပေါင်း (စတုရန်းပေ- နှစ်သိန်းခွဲခန့်ရှိတယ်)လို့ သုတေသနပညာရှင်များရဲ့ မှတ်တမ်းအရသိရပါတယ်။

ဒ့ါအပြင် ပုဂံမှာ ပုဂံခေတ်ထိုးကျောက်စာများတွင်ရှိပါတယ်။ ပုဂံခေတ်အဆက်ဆက်၊ မင်း၊ ကလန်၊သံပျင်စ တဲ့ မင်းမှုထမ်းတွေ၊မိဖုရား၊ သူဌေးသူကြွယ်တွေသာမက ပြည်သူတွေက ကောင်းမှုပြုပြီးရင် ကောင်းမှုမှတ်တမ်း ကျောက်စာတွေရေးထိုးလေ့ရှိခဲ့ကြပါတယ်။ ဥပမာ- ဇာတ်တော်တွေကိုဆေးရေးပန်းချီဖြစ်စေလှူခဲ့တဲ့ အလှူရှင်က "ဇာတ်ငါးရာလည်း အတင့်အတယ်ရေး၏။ (ယခုစာလုံးပေါင်းနှင့်ရေးပြတာပါ)လို့ မှတ်တမ်းတင်ထားမျိုးရှိပါတယ်။ ဒီလိုမှတ်တမ်းတင်ထားကြတဲ့ များလှစွာသော ကျောက်စာတွေကိုအတွဲလိုက်စာအုပ်များ(ပုဂံ ကျောက်စာပေါင်းချုပ်-ပဥ္စမတွဲ) စသည်ဖြင့် ရှိနေလို့တော်ပါသေးတယ်။မူရင်းတွေကရော ဘယ်မျှ ပျက်စီးသွားပြီးလည်းမသိနိုင်ပါ။ ဒီလိုရှေးဟောင်းအမွေအနှစ်အမျိုးမျိုးရဲ့ တန်ဖိုးကို ဘယ်လိုဖြတ်လို့ရနိုင်မှာလည်းနော်။ဒ့ါကြောင့် "နမြောတယ်. . . ပုဂံ" လို့ ဆိုခဲ့တာပါ။

ပုဂံအမွေအနှစ်တွေအကြောင်း အလွယ်တကူသိချင်ရင်တော့ဆရာကြီးဦးအောင်သော်ရဲ့ (Historical Sites in Burma)၊ဦးသန်းဆွေရဲ့ (သမိုင်းဝင်ပုဂံစေတီပုထိုးများ)၊ ဦးအောင်ကြိုင်ရဲ့ (လက်ရာစုံစွာအာနန္ဒာ၊ ပုဂံဗိသုကာလက်ရာများ စာအုပ်တွေမှာ အလွယ်တကူစုံလင်စွာတွေ့နိုင်ပါတယ်။ ဆရာကြီးဦးသိန်းဆွေရဲ့စာအုပ်မှာဆိုလျှင် (လျှင်ဒဏ်ခံပုဂံဘုရားများ) ကို စံနစ်-တကျဖော်ပြခဲ့တာ ၁၉၇၅ လျှင်တွေ့ရပါတယ်။ လေ့လာကြည့်ကြပါစေလို ပါတယ်။ ဆရာကြီး G.H.Luee နှင့် ဦးဘရှင်တို့ရဲ့ (Old Burma Early Pagan) စာအုပ်ကြီးတွေကတော့ ရည်ညွှန်းကျပြီးတွေမို့ ဗဟိုစာကြည့်တွဲကြီးတွေမှာ လေ့လာနိုင်ပါတယ်။

ဗိသုကာပညာရှင် ဦးမျိုးညွန့်က ပုဂံဘုရားတွေကို ပြင်ခဲ့တဲ့ ပုဂ္ဂိုလ်ဆိုတော့ ဒီလိုမှ ပြောလို့စိုးရိမ်သောကရောက် နေကြခဲ့သူတွေကို စိုးရိမ်သောက မရောက်ကြဖို့ အဆိုးထဲက အကောင်းလို့ ပြောရရင် ပုဂံခေတ်လက်ရာစေတီဘုရားများ ကျန်နေပါသေးတယ်။ အတတ်ပညာနဲ့ အချိန်ယူ ငွေကြေးကူပြီးစနစ်တကျပြုပြင်ရင် ပုဂံခေတ်ဗိသုကာလို ပြန်ဖြစ်ရမှာပါလို့ဖြေသိမ့်ပြောပါတယ်။ အားရဖွယ်၊ ကျေးဇူးတင်ဖွယ်ဖြစ်ရပါတယ်။

ဒီတော့ပြည်တွင်း၊ ပြည်ပ ပညာရှင်တွေ၊ ယူနက်စကိုအဖွဲ့ကပညာရှင်တွေ၊ ပရဟိတသမားတွေ၊ အလှူအတန်းအရက်ရောဆုံးနိုင်ငံသားတွေဖြစ်တဲ့ ကျွန်မတို့နိုင်ငံသားတွေ၊ ပုဂံကိုချစ်တဲ့ ပြည်တွင်းပြည်ပက ပုဂ္ဂိုလ်တွေရဲ့ ငွေအား၊ လူအားနဲ့ စနစ်တကျပြုပြင်ကြဖို့ ကြိုးပမ်းကြပါဦးမယ်။ ဆရာဇော်ဂျီရဲ့ "ရှေးခေတ်ပုဂံ" ကဗျာမှာလာတဲ့-

**စေတီနဲ့ တန်ဆောင်း**
**ဆည်ချောင်းနဲ့ စပါးနံ့**
**ရွှေပေါက္ကံ ပြည်တကြောမှာ**
**ပေါချင်တိုင်း ပေါတဲ့ပြင်**
**ဝပြောတဲ့ သာသနာ**
**ခေါင်းလောင်းသံ ညံမစဲရယ်နဲ့**

ပုဂံပွဲသာလွန်းလို့ . . . ဆိုတဲ့ အခြေအနေရောက်အောင် တက်ညီလက်ညီလုပ်ကြရပေဦးမယ်။ ဒါမှ ယဉ်ကျေးမှု အစဉ်အလာကြီးမားတဲ့ နိုင်ငံသားတွေလို့ရင်ကော့၊ ခေါင်းမော့နေနိုင်ကြဦးမှာ ဖြစ်သလို ပြည်ပက ကမ္ဘာလှည့် ခရီးသွားတွေ စိတ်ဝင်စားတဲ့ ခရီးသွားလုပ်ငန်းကနေ မြန်မာနိုင်ငံရဲ့ စီးပွားရေးကို များစွာအထောက်အကူပြုမှာ ဖြစ်ပါတယ်။

# ဂုဏ်ယူဝမ်းမြောက်ခြင်း

## For the League , For the Nation



www.the-mff.org

www.themnl.com

## Ooredoo MNL 2016

အမှတ်ပေး ပြိုင်ပွဲတွင်ဗိုလ်စွဲခဲ့ပြီး **AFC Cup 2017** ပြိုင်ပွဲနှင့် အာရှချန်ပီယံလိဂ်(**ACL**) ခြေစစ်ပွဲအဆင့်သို့ ဝင်ရောက် ယှဉ်ပြိုင်ခွင့် ရရှိသွားခဲ့သော **Yadanarbon FC** အသင်းအား ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်းနှင့် ဆက်လက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် အဘက်ဘက်မှ ပံ့ပိုးကူညီပေးခဲ့ ကြသူများနှင့် စပွန်ဆာများ အားလုံးကိုလည်း အထူးကျေးဇူး တင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြု ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်
မြန်မာနေရှင်နယ်လိဂ် ကော်မတီ

Title Sponsor: ooredoo
Official Broadcaster: MRTV-4
Co Sponsor: AIR KBZ, ALPINE, awba, Canon, FIVE STAR, FRESH, KBZ BANK, KIA MOTORS, MAX ENERGY, SHARK

# ဂုဏ်ယူဝမ်းမြောက်ခြင်း

MAGWE FC 2009

## General Aung San Shield 2016

ရှုံးထွက်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့ပြီး **AFC Cup 2017** ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့သော **Magwe FC** အသင်းအား အထူး ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆက်လက်တိုးတက် အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် အဘက်ဘက်မှပံ့ပိုးကူညီပေးခဲ့ကြသူများနှင့် စပွန်ဆာများအားလုံး ကိုလည်း အထူး ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုဖော်ပြ အပ်ပါသည်။

မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်
မြန်မာနေရှင်နယ်လိဂ် ကော်မတီ

## For the League , For the Nation




www.the-mff.org

www.themnl.com

Broadcaster: MWD
Main Sponsor: Myanmar
Official Sponsor: ROSE HILL
Co Sponsor: AMI, Freshness, MWD, PT Power, JUNCTION CENTRE

## တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ
## အင်ဂျင်နီယာသင်တန်းသားများ
## အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) **၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၂-၉-၂၀၁၆** ရက်နေ့မှ စတင်၍ **၂၆-၁၁-၂၀၁၆** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း တိုင်းစစ်ဌာနချုပ်များတွင် အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လည် ၁ နာရီမှ ၃ နာရီထိ။

၅။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်များ၌ **၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၆။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများကို ဟိုပုံးမြို့ (တောင်ကြီးခရိုင်)တွင်လူတွေ့စစ်ဆေးမည်။ လူတွေ့အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းနှင့်သတင်းပို့ရမည့်ရက်များကို မိမိလျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်များတွင် **၁-၁-၂၀၁၇** မှ **၂-၁-၂၀၁၇** ရက်နေ့များအတွင်း မေးမြန်းနိုင်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၄၀၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၄၅၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၅၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည်အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

၁၀။ ရွေးချယ်ခံရသူများသည် သင်တန်းပြီးဆုံးပြီးနောက်တပ်မတော်တွင် အနည်းဆုံး ၁၀ နှစ်တာဝန်ထမ်းဆောင်ရမည်။

# ကြော်ငြာ

## ဒေါ်ရီရီတင် (၈၆)နှစ်
**ရွှေတောင်တန်းလမ်း**

ရန်ကုန်မြို့နေ (ဦးဘနှစ်-ဒေါ်အုန်းကြာ)တို့၏ သမီး၊ (ဦးစိန်မောင်)၏ ဇနီး၊ မဟာမြိုင်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေ ဦးမင်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်-ဒေါ်သဥ္ဇာဝင်းစိန်တို့၏မိခင်၊ မောင်ထက်ညိမ်းအောင်၊ မောင်မင်းသုတတို့၏အဘွားသည် ၁၁-၉-၂၀၁၆ (တနင်္ဂနွေနေ့) ည ၁၀း၀၅နာရီတွင် အမှတ်(၂)၊ တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၁၂-၉-၂၀၁၆ (တနင်္လာနေ့) နံနက် ၉း၃၀ နာရီတွင် ကာယကံရှင်၏ဆန္ဒအရ တပ်မတော်ဆေးတက္ကသိုလ်သို့ လှူဒါန်းပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**သာသနာ့ဒါယိကာမကြီး**

## ဒေါ်ရီရီတင်(ခ)ဒေါ်ရီ(ခ)ရှီလာတင် (၈၆)နှစ်
**(ရွှေတောင်တန်းလမ်း)**
**(စိန့်ဂျွန်းကွန်ဗင့်ကျောင်းသူဟောင်း)**
**Ohn Paper ကုမ္ပဏီ၊ ဒေါ်ရီပွဲရုံ (ရှမ်းကြက်သွန်ဖြူ အာလူး)**
**မန္တလေးကျောက်တိုင်တံဆိပ်၊ ကော်ဖီမှုန့်၊ လက်ဖက်ခြောက်၊ ဘီစကစ်၊**
**စံပယ်ဘီစကစ်၊ ၃၆၉ ဘီစကစ်၊ ကြက်တံဆိပ်အိုဗာတင်း**
**(အောက်မြန်မာပြည်တစ်ဦးတည်းသော ကိုယ်စားလှယ်ဟောင်း)**

ရန်ကုန်မြို့နေ (ဦးဘနှစ်-ဒေါ်အုန်းကြာ)တို့၏သမီး၊ စက္ကူကုန်သည်ကြီး (ဒေါ်ညိမ်းတင်)၊ (ဒေါ်အုန်းတင်)တို့၏တူမသမီး၊ မန္တလေးမြို့နေ [ဦးဘဒင် (ပိုးကုန်သည်)-ဒေါ်မမ]တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၂၀-B)၊ မဟာမြိုင်လမ်းနေ (ဦးစိန်မောင်)၏ဇနီး၊ ဦးမင်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်-ဒေါ်သဥ္ဇာဝင်းစိန်တို့၏မိခင်၊ မောင်ထက်ညိမ်းအောင်၊ မောင်မင်းသုတတို့၏အဘွား ဒေါ်ရီရီတင်(ခ)ဒေါ်ရီသည် ၁၁-၉-၂၀၁၆ (တနင်္ဂနွေနေ့) ည ၁၀း၀၅နာရီတွင် ကွယ်လွန်သွားပါ၍ ကြွင်းကျန်သောရုပ်ကလာပ်ကို တပ်မတော်စစ်ဆေးတက္ကသိုလ်သို့ ၁၂-၉-၂၀၁၆ရက်တွင် ကွယ်လွန်သူသဘောဆန္ဒအရ လှူဒါန်းလိုက်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၉-၂၀၁၆ (စနေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးမြင့်ဟန်(ငြိမ်း) တေဇ(၆)
**ဒုတိယညွှန်ကြားရေးမှူး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊**
**ကယားပြည်နယ် လွိုင်ကော်မြို့**
**အသက် (၆၀)**

(ဦးလှမောင်-ဒေါ်အေး)တို့၏ သား၊ (ဦးမြဒင်-ဒေါ်တင်အေး)တို့၏ သားသမက်၊ အမှတ်(၁၀၆)၊ ငြိမ်းချမ်းရေးရပ်ကွက်၊ ကူမဲမြို့နေ ဒေါ်အေးအေး (သိန်းကျော်မိသားစု)၏ချစ်လှစွာသောခင်ပွန်း၊ ဦးနေသုဟန်၊ ဒေါ်မြတ်ချမ်းဟန်၊ ဒေါ်သီရိဟန်တို့၏ ကျေးဇူးရှင်မွေးသဖခင်သည် ၁၂-၉-၂၀၁၆ ရက် နံနက် ၀၀း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၉-၂၀၁၆ ရက် နံနက် ၉ နာရီတွင် ကူမဲမြို့၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၉-၂၀၁၆ (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဗိုလ်ကြီးမြင့်ဟန် (ငြိမ်း) တေဇ(၆)
**ဒုတိယညွှန်ကြားရေးမှူး [ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**
**ကယားပြည်နယ်၊ လွိုင်ကော်မြို့]**
**အသက်(၆၀)**

(ဦးလှမောင်-ဒေါ်အေး)တို့၏ သား၊ (ဦးမြဒင်-ဒေါ်တင်အေး)တို့၏ သားသမက်၊ အမှတ်(၁၀၆)၊ ငြိမ်းချမ်းရေးရပ်ကွက်၊ ကူမဲမြို့နေ ဒေါ်အေးအေး (သိန်းကျော်မိသားစု ဆေးလိပ်ခုံ၊ ဆန်စက်နှင့်ဆီဆိုင်လုပ်ငန်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးနေသုဟန် (MD-သိန်းကျော်မိသားစု ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်နှင့် HAN VALUE CO.,LTD.)၊ ဒေါ်မြတ်ချမ်းဟန်၊ ဒေါ်သီရိဟန်တို့၏ ဖခင်သည် ၁၂-၉-၂၀၁၆ ရက် နံနက် ၀၀း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၆) မိသားစုများ**

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဗိုလ်ကြီးမြင့်ဟန်(ငြိမ်း) တေဇ(၆)
**ဒုတိယညွှန်ကြားရေးမှူး (ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန**
**ကယားပြည်နယ် လွိုင်ကော်မြို့)**
**အသက် (၆၀)**

(ဦးလှမောင်-ဒေါ်အေး)တို့၏ သား၊ (ဦးမြဒင်-ဒေါ်တင်အေး)တို့၏ သားသမက်၊ အမှတ်(၁၀၆) ငြိမ်းချမ်းရေးရပ်ကွက်၊ ကူမဲမြို့နေ ဒေါ်အေးအေး (သိန်းကျော်မိသားစု ဆေးလိပ်ခုံ၊ ဆန်စက်နှင့် ဆီဆိုင်လုပ်ငန်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးနေသုဟန်(MD-သိန်းကျော်မိသားစု ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်နှင့် HAN VALUE CO.,LTD.)၏ မွေးသဖခင်သည် ၁၂-၉-၂၀၁၆ ရက် နံနက် ၀၀း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သိန်းကျော်မိသားစု ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်နှင့်**
**HAN VALUE CO., LTD ဝန်ထမ်းများအားလုံး**
**ရန်ကုန်မြို့**

**သာသနာ့ဒါယိကာမကြီး**

## ဒေါ်ရီရီတင်(ခ)ဒေါ်ရီ
**အသက် (၈၆)နှစ်**

ရန်ကုန်မြို့၊ ပြည်လမ်းနေ (ဦးဖေသိန်း-ဒေါ်အုန်းကြည်)တို့၏ ညီမ၊ ဦးအုန်းကျော်-ဒေါ်ကြည်ကြည်သိန်း၊ ဦးတင်ဦးသိန်း - ဒေါ်တင်တင်လှိုင် (နွယ်နီ)၊ ဒေါ်ချိုချိုသိန်း၊ ဒေါက်တာကျော်လတ်-ဒေါ်မေလှသိန်း(ပြုံးပြုံး)တို့၏အဒေါ်၊ ကိုဖြိုးဝေကျော် (IOM)-မမြဒါလီ၊ ကိုနိုင်လင်းကျော်လတ်-မဆုမွန်၊ မခိုင်ဇင်ဦး(Krystle)၊ ကိုမင်းထင်ကျော်လတ်တို့၏အဘွား၊ မမယ်ထက်မြတ်သူကျော်၏ ဘွားဘွားကြီးသည် ၁၁-၉-၂၀၁၆ (တနင်္ဂနွေနေ့) ည ၁၀း၀၅ နာရီတွင် ကွယ်လွန်သွားပါ၍ ကြွင်းကျန်သောရုပ်ကလာပ်ကို ၁၂-၉-၂၀၁၆ ရက်တွင် ကွယ်လွန်သူ၏သဘောဆန္ဒအရ တပ်မတော်ဆေးတက္ကသိုလ်သို့ လှူဒါန်းလိုက်ပါသည်။

ကျန်ရစ်သူမိသားစု

**ညောင်တုန်းမြို့နယ်အသင်း(ရန်ကုန်)**

## ဒေါ်သန်းသန်းချို (ရာ/၂၂၇၂)
**အသက်(၅၉)နှစ်**

ညောင်တုန်းမြို့၊ (၃)ရပ်ကွက်၊ အမှတ် (၁၀၁)၊ (၁၉)လမ်း၊ လမ်းမတော်နေ ဦးဝန်သ-(ဒေါ်ကြည်ကြည်ညွန့်)တို့၏သမီး၊ (၅)ရပ်ကွက်၊ (၁)လမ်း၊ လမ်းမတော်နေ (ဦးမောင်လှ-ဒေါ်တင်ကြည်)တို့၏ သမီးချွေးမ၊ (၅) ရပ်ကွက်၊ အမှတ်(၂၆၆)၊ (၃)လမ်း၊ လမ်းမတော်နေ ဦးမောင်မောင်စိုး၏ ဇနီး၊ ဒေါ်သန်းသန်းဦး၏ ညီမ၊ (ဒေါ်သန်းသန်းဝင်း)၊ ဦးမြင့်ထူး၊ ဒေါ်သန်းသန်းမြင့်တို့၏အစ်မ၊ ဦးစိုးမြင့်၊ ဦးစိုးတင့်တို့၏ညီမ၊ ဦးမောင်မောင်တိုး၏အစ်မ၊ မခွာညိုသန့်၊ မပွင့်သက်ခိုင်တို့၏ မိခင်ကြီးသည် ၂၉-၈-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၈-၂၀၁၆ ရက်တွင် ညောင်တုန်းမြို့ ငြိမ်းချမ်းမြေသုသာန်သို့ ပို့ဆောင်ဂူသွင်း မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

# အနိစ္စ

**အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း**

## ဒေါ်အေးကြည်
**အသက် (၉၄)နှစ်**

ဦးမောင်မောင်ကြီး(၃)၏ ဇနီး ရာသက်ပန်အသင်းဝင် အမှတ်(၃၂၅) ဒေါ်အေးကြည်သည် ၂၂-၈-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၆ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

**ဘုရား၊ ကျောင်း ဒါယကာကြီး**

## ဦးဘချစ်ဆွေ (၈၄)နှစ်
**အထကကွမ်းခြံကုန်း**
**(အငြိမ်းစား ကျောင်းအုပ်ဆရာကြီး)**
**အထက(၂) ပန်းဘဲတန်း**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ (၃၁)လမ်း(လယ်)၊ အမှတ်(၁၂၅)မြေညီထပ်နေ (ဦးသောင်းလှိုင်-ဒေါ်သိန်း)တို့၏သား၊ (ဦးရှုပ်-ဒေါ်မြကြည်)တို့၏သားသမက်၊ (ဦးထွန်းလှမြင့်)-ဒေါ်ဝင်းကြည်တို့၏ ညီ/မောင်၊ ဒေါ်ဆွေဆွေ၏အစ်ကို၊ ဒေါ်စန်းစန်းနု၏ခင်ပွန်း၊ မောင်အောင်မျိုးဆွေ၊ မအေးအေးဆွေ (ပွင့်လွှာ-ဖိတ်စာလုပ်ငန်း)၊ မစန်းယုယုဆွေ (United New Generation Co., Ltd)တို့၏ ဖခင်သည် ၁၂-၉-၂၀၁၆ (တနင်္လာနေ့) နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၉-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကျော်ရှိန် (၈၁)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ ညောင်ပင်ရွာနေ (ဦးမောင်အေး-ဒေါ်စော)တို့၏သား၊ လေးမျက်နှာမြို့နယ် အိုင်သပြေတိုက်နယ်နေ (ဒေါ်ညွန့်စိန်)၏ချစ်လှစွာသောခင်ပွန်း၊ ဦးဖိုးလစ်လင်း-ဒေါ်ငွေငွေဦး၊ (ဦးအောင်မြင့်ထွန်း - ဒေါ်သန်းသန်းငွေ)၊ ဦးအောင်ကျော်မိုး-ဒေါ်စိုးစိုးမြတ်၊ ဒေါ်တင်ဇာမင်းရှိန်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးခြောက်ယောက်၊ မြစ်လေးယောက်တို့၏အဘိုး ဦးကျော်ရှိန်သည် ၁၂-၉-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၉-၂၀၁၆ ရက် ညနေ ၃ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

**အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း**

## ဒေါ်စန်းစန်းမြင့်
**အသက်(၇၄)နှစ်**
**စာရေး(၃)**

ရာသက်ပန်အသင်းဝင် အမှတ် (၁၀၀၀) ဒေါ်စန်းစန်းမြင့်သည် ၁၀-၉-၂၀၁၆ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၉-၂၀၁၆ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ဦးဘမောင်(ကျောက်ဖြူ)
**အသက်(၆၂)နှစ်**
**(ဒေါ်လာထမင်းဆိုင်)**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ သန်ပန်ချောင်းရပ်ကွက်၊ ကမ်းနားလမ်း၊ ဒေါ်လာထမင်းဆိုင်နေ (ဦးဖြူသီးအောင်-ဒေါ်အေးဖြူ)တို့၏ သားကြီး၊ ဦးသိန်းဦး-ဒေါ်အေးကျော့၊ ဦးသန့်ဇင်-ဒေါ်မဖြူစိန်၊(ကိုသန်းငွေ)၊ မလှဖြူ ဦးထွန်းနိုင်-ဒေါ်ခင်သန်းနု (ဒေါ်လာ ရန်ကုန်)၊ မောင်သန်းဝင်း၊ မတိုးတို့၏ အစ်ကိုကြီး၊ ကိုဒေါ်လာ၊ ဗိုလ်ကြီးခိုင်ဇာမျိုး-မမေကျော့ပိုင်၊ မောင်ထွန်းမင်းခန့် (ပဥ္စမနှစ်၊ ဥပဒေပညာ)-မမီမီဇော် (LL.B)၊ မောင်နိုင်မင်းထက် (ပထမနှစ်၊ IR)၊ မသက်စုဇွန်(Grade-11၊ အထက-၅၊ ကမာရွတ်)၊ မောင်မော်ကွန်းသစ် (Grade-8၊ အထက-၅၊ ကမာရွတ်)တို့၏ ဦးလေးကြီး၊ မောင်ရွှေအိုး၏ ဘိုးဘိုးကြီးသည် ၁၂-၉-၂၀၁၆ (တနင်္လာနေ့)တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၉-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ရန်ကုန်ဆေးရုံကြီးမှ ကားများ မွန်းလွဲ ၁နာရီထွက်ပါမည်။)ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ မြေ မုခ်ဦး၊ ရေကန် ဒါယကာကြီး**

## ဦးဟုတ်စိန် (၈၈)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်အိမ်ရာ၊ တိုက်(၉)၊ အခန်း(၆၁)နေ (ဒေါ်လှမြင့်)၏ခင်ပွန်း၊ ဦးမြင့်သိန်း-ဒေါ်ခင်မြတ်သူ (လမ်းဦးစီးဌာန၊ သု/ဖွံ့ဖြိုး)၊ ဦးတင်ထွန်း-ဒေါ်သန္တာစိန်၊ (လမ်းဦးစီးဌာန၊ အုပ်ချုပ်မှု)၊ ဦးအောင်တင့်-ဒေါ်ဥမ္မာစိန်၊ ဦးထွန်းထွန်း (ဖြိုးမောက်ပွဲရုံ)-ဒေါ်နှင်းဝေလွင်၊ (ဦးထွန်းထွန်းနိုင်)၊ ဦးကျော်သန်း (လက်ထောက်ညွှန်ကြားရေးမှူး)- ဒေါ်သင်းသင်းစိန် (ဝန်ကြီးရုံး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)၊ မသူဇာစိန်၊ မခိုင်ခိုင်ဝင်းတို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေး ၁၂ယောက်တို့၏အဘိုး ဦးဟုတ်စိန်သည် ၁၁-၉-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၀၀း၀၅နာရီတွင် ရန်ကုန်မြို့ ဆာကူရာဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကိုကြီး(စစ်ကိုင်း) (၅၇)နှစ်
**ဦးစီးအရာရှိ ပဲခူးတိုင်းစိုက်ပျိုးရေးဦးစီးဌာန**

စစ်ကိုင်းမြို့နေဦးရွှေဘို-ဒေါ်ခင်သီတို့၏သား၊ ပဲခူးမြို့၊ ပန်းလှိုင် (၂၇) လမ်း၊ အမှတ် (၁၆၀)နေ (ဦးလှသန်း-ဒေါ်ကျင်လှ)တို့၏ သားသမက်၊ ကိုဇင်ဦး၊ မဧကရီ၊ မနှင်းဦးလွင်၊ မောင်နေဦးလွင်တို့၏ ချစ်လှစွာသောဖခင်၊ ဒေါ်ကျင်သန်းဦး၏ ချစ်လှစွာသောခင်ပွန်း (ရဟန်း၊ သိမ်၊ ကျောင်း၊ နတ်လမ်း၊ စစ်ကိုင်းမြို့ ကန္နားတော်ကျေးရွာ မဟာသိမ်တော်ကျောင်း၊ ဓမ္မစကူးလ်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ) ဦးကိုကြီးသည် ၁၁-၉-၂၀၁၆ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၆ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ပဲခူးမြို့၊ ပန်းလှိုင် (၂၇)လမ်း ဦးကိုကြီး-ဒေါ်ကျင်သန်းဦးတို့၏ နေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဦးစိုးမြင့်ဝင်း(မောင်မောင်)
**ဒါရိုက်တာ၊ခိုင်သပြေကုမ္ပဏီလီမိတက်**
**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ ပြည်ထောင်စုရိပ်သာလမ်း၊ အမှတ်(၆၁/အေ)နေ (ဦးစိုးလွင်-ဒေါ်ခင်မြင့်)တို့၏သား၊ ဒေါ်မြင့်မြင့်ရီ၏ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးမြင့်အောင်-ဒေါ်အိုင်းရစ်(စ်)သန်း (Nokka သောက်ရေသန့်)တို့၏ အစ်ကို၊ ကိုစည်သူ-မစိုးစန္ဒာလွင်တို့၏ ဦးလေး၊ မောင်သင်ဉာဏ်ဖွဲ့ (Yrs. 4 MISY)၊ မောင်ဘုန်းမြတ်ဖွဲ့တို့၏ အဘိုးသည် ၁၂-၉-၂၀၁၆ (တနင်္လာနေ့) နံနက် ၃း၅၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၉-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၉-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ယဉ်ယဉ်စိုး
**အသက်(၅၀)**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ်(၁၀)နေ (ဦးလှစိုး-ဒေါ်ခင်အေး)တို့၏ သမီး၊ ဒေါ်သီသီစိုး၏ညီမ၊ ကိုထွန်းထွန်း၏ အစ်မ၊ ဦးခင်မောင်ဝင်း၏ဇနီး ဒေါ်ယဉ်ယဉ်စိုးသည် ၁၁-၉-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၅း၀၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောဌာန၌ ကွယ်လွန်ပါသဖြင့် ၁၃-၉-၂၀၁၆ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားပါသည်။ (အမှတ် ၆၄၊ ၂၉ လမ်း နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)**

## ဦးမင်းသိန်း (၄၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ယောမင်းကြီးလမ်း၊ အမှတ်(၂၈၄) (၆/က)နေ (ဦးစိုးမင်း)-ဒေါ်စန်းရင်တို့၏သား၊ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့၊ အဏ္ဏဝါရပ်ကွက်နေ (ဦးဘန်ဟင်း)-ဒေါ်ခင်သန်းတို့၏သားသမက်၊ ဒေါ်သက်သက်ထွေး၏ခင်ပွန်း၊ မောင်လပြည့်ဝန်း၊ မောင်သူရိန်ထွန်းတို့၏ဖခင် ဦးမင်းသိန်းသည် ၁၀-၉-၂၀၁၆(စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၉-၂၀၁၆ (တနင်္ဂနွေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးနေ အသင်းသား/အသင်းသူများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

## ပြင်ဆင်ဖတ်ရှုပါရန်

၉-၉-၂၀၁၆ ရက် ကြေးမုံသတင်းစာ စာမျက်နှာ (၃၁)ပါ ဦးသောင်းတင် (၇၉)နှစ် နာရေးကြော်ငြာတွင် ဒေါ်ဇင်မာသောင်းတင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ဒေါ်ခင်မြင့်ဝေ (၈၆)နှစ်
**မြောင်းမြမြို့**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂) ရပ်ကွက်၊ ရန်အောင်လမ်း၊ (၂၈၁/A)၊ အခန်း(၅)နေ ဒုဗိုလ်မှူးကြီးဝင်းမောင် (ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးဝင်းနိုင်-ဒေါ်ခင်နှင်းမာ၊ ဦးသက်ဝင်း-ဒေါ်မေဝင်းမောင်၊ (ဦးအောင်အောင်)-ဒေါ်မော်မော်ညွန့်တို့၏မိခင်၊ တကကစ/ရ ရဲလင်းထက်၊ မဝင်းလဲ့အိဖြူ (ကမ္ဘောဇဘဏ်)၊ မောင်နန္ဒအောင်(Sr. Manager IRBI ဌာန၊ ရွှေသံလွင်)-မဇာဇာငွေဝင်း၊ Tr. ခင်ရတနာအောင် (ILBC)၊ မမေသန္တီ၊ မောင်သိင်္ဂါမောင်တို့၏ ဘွားဘွားကြီးသည် ၁၁-၉-၂၀၁၆ ရက် နံနက် ၉း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

## ဦးကျင်ကြူ(ခ)ဦးစိုးသိန်း
**အသက် (၈၅)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ ရတနာမာရ်အောင်ရပ်ကွက်နယ်မြေ(၆)၊ အမှတ် (၃၅၄)နေ ဒေါ်ခင်ရီ၏ ခင်ပွန်း၊ ဦးလှမြင့်-ဒေါ်အေးအေးခိုင် (ထီလာမောင်ကုန်စည် အမြန်ပို့ဆောင်ရေး)၊ ဦးမောင်မြင့်-ဒေါ်ရီထွေး (ဦးမြင့်ဆွေ ကားပစ္စည်းဆိုင်၊ တောင်ငူမြို့)၊ ဦးအောင်မြင့် (စစ်တွေ၊ တောင်ငူ၊ ကျောက်ဆည်၊ မိတ္ထီလာ၊ ရန်ကုန် အနောက်ပိုင်း နည်းပညာတက္ကသိုလ်များ၏ လ/ထ ကထိက-ငြိမ်း၊ Mechanical)၊ ဒေါ်မြင့်မြင့်မိုး၊ ဒေါ်သီတာစိုးတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၁-၉-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၃း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၁၆ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် မြင်တော်ကန်သုသာန်သို့ ပို့ဆောင် သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဘမောင်(ကျောက်ဖြူ)
**အသက်(၆၂)နှစ်**
**(ဒေါ်လာထမင်းဆိုင်)**

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ သန်ပန်ချောင်းရပ်ကွက်၊ ကမ်းနားလမ်း၊ ဒေါ်လာထမင်းဆိုင်နေ (ဦးဖြူသီးအောင်-ဒေါ်အေးဖြူ)တို့၏ သားကြီး၊ (ဦးမောင်နီ-ဒေါ်စိန်နက်)တို့၏ သားသမက်၊ ပဲခူးမြို့၊ လိပ်ပြာကန်ရပ်ကွက်၊ တိုက်(၈) အခန်း(၄)နေ ဒေါ်ခင်မြင့်၏ ခင်ပွန်း၊ ကိုခင်မောင်ထွန်း၊ မခင်မာထွန်းတို့၏မွေးသဖခင်၊ ဦးသိန်းဦး-ဒေါ်အေးကျော့၊ ဦးသန့်ဇင်-ဒေါ်မဖြူစိန်၊ (ကိုသန်းငွေ)၊ မလှဖြူ ဦးထွန်းနိုင်-ဒေါ်ခင်သန်းနု၊ မောင်သန်းဝင်း၊ မတိုးတို့၏ အစ်ကိုကြီး၊ တူ/တူမ ခြောက်ယောက်တို့၏ဦးလေး ဦးဘမောင်သည် ၁၂-၉-၂၀၁၆ (တနင်္လာနေ့)တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၉-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (ရန်ကုန်ဆေးရုံကြီးမှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တ ဣန္ဒာစက္က
## သိက္ခာတော်(၆၂)ဝါ၊ သက်တော်(၈၂)နှစ်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ အောင်ရတနာကျောင်းဆရာတော် ဘဒ္ဒန္တဣန္ဒာစက္က (သာသနဓဇသိရီပဝရဓမ္မာစရိယ)၊ တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းပြုအဖွဲ့ဝင်၊ (B.A, H.G.P) သိက္ခာတော်(၆၂)ဝါ၊ သက်တော်(၈၂)နှစ်သည် (၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၉ရက်)၊ ၁၀-၉-၂၀၁၆ (စနေနေ့) ညနေ ၆း၂၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၃ရက်) နံနက် ၁၁ နာရီတွင် ယာယီစံကျောင်းတော်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအပ်ပါသည်။

တပည့်သံဃာတော်များ၊ ဒါယကာ၊ ဒါယိကာမများ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်လှ (၈၈)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ လွတ်လပ်ရေးလမ်း၊ အမှတ်(၁၃၂)နေ (ဦးအောင်ညှာ-ဒေါ်ကြွေ)တို့၏ သမီး၊ (ဦးကတုံး)၏ဇနီး၊ (ဦးကံလှိုင်-ဒေါ်သိန်း)၊ ဦးထွန်းအေးကြည်၊ ဒေါ်စန်းစန်းမြင့် (အထက-၃၊ သဃ်န်းကျွန်း-ငြိမ်း)၊ ဦးခင်မောင်မြင့်-ဒေါ်သန်းသန်းဝင်း၊ ဒေါ်မြင့်မြင့်စိန် (အထက-၃၊ သဃ်န်းကျွန်း)၊ ဒေါ်မြမြသန်း (အထက-၃၊ သဃ်န်းကျွန်း)၊ ဒေါ်ကြည်ကြည်ဝင်း၊ ဦးသိန်းဆွေမြင့်-ဒေါ်စီစီလှိုင်တို့၏မွေးသမိခင်၊ မြေးရှစ်ယောက်၊ မြစ်ခြောက်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၁-၉-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၉-၂၀၁၆ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဆရာဦးလှရှင်(မြိတ်မြို့) (၈၂)နှစ်
**အထက-၃ (ငြိမ်း)**

မြိတ်မြို့၊ ကွက်သစ်ရပ်၊ (E)လမ်း၊ အမှတ်(၁၇၁)နေ ဒေါ်ကြည်ရွှေ၏ ခင်ပွန်း၊ ကိုတင့်လွင်(ခ)ကိုနောင်နီ-မဝင်းဝင်းကြည်(ခ)မဝင်းနီ၊ ကိုအောင်နိုင်ဦး-မအေးအေးမြင့်၊ ကိုမျိုးမြင့်ဦး-မစန်းစန်းငွေ၊ ကိုဇော်မင်းဦး၊ ကိုခင်မောင်ဦး-မကြည်ကြည်လွင်တို့၏ဖခင်၊ မြေး ၁၂ယောက်တို့၏အဘိုးသည် ၁၂-၉-၂၀၁၆ (တနင်္လာနေ့) နံနက် ၃း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၉-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## အလ်ဟာဂျ်ဂျာမရ်ယမ်ဘီဘီ(ခ)ဒေါ်မြင့်မြင့်အေး (၆၉)နှစ်
**A-1 မိသားစုမုန့်တိုက်(ဘိုကလေးမြို့)**
**Muffin Restaurant (ဒေါပုံမြို့နယ်)**

သရက်မြို့နေ (ဦးAKမွိုင်ဒူး-ဒေါ်ငယ်)တို့၏သမီး၊ အောင်လံမြို့နေ ဟာဂျီမ ဟာဂျရာ၊ ပြည်မြို့နေ ဒေါ်ကွယ်စိန်တို့၏ညီမ၊ ဒေါ်ဖွာတေမာဘီဘီ၏ အစ်မ၊ ဘိုကလေးမြို့၊ (၃)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၅၃)နေ [ဟာဂျီဟာမဒ်(ခ)ဦးစိန်မြင့်]၏ဇနီး၊ ဒေါ်အေးအေးမြင့်၊ ဒေါ်ရတနာမြင့်၊ ဦးပေါက်စ-ဒေါ်ခင်အုန်းမြင့်၊ (ဦးခင်မောင်လွင်)၊ ဦးမောင်ချစ်၊ (ဦးတင်စိုး)-ဒေါ်ခင်လေးရွှေ၊ ဦးထွန်းကြည်-ဒေါ်တင်မာလာအေး၊ ဒေါ်သက်သက်အေး၊ ဦးမျိုးညွန့်(တရားလွှတ်တော်ရှေ့နေ)-ပရ်ဝင်း(ခ)ဒေါ်ဝင်းဝင်းစိန်၊ ဦးမျိုးမင်းအောင်တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၇ယောက်တို့၏အဘွားသည် ၁၀-၉-၂၀၁၆ (စနေနေ့) ည ၇နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၁-၉-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ဇဟိုရ်ဆွလာသ်အပြီး ရေဝေးကဗရ်စတန်ဥယျာဉ်တော်၌ ဒါဖနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## နော်နီးနာ (၅၇)နှစ်
**(အငြိမ်းစား၊ ဗဟိုဘဏ်)**

(စောဒီစိန်ကြီး-နော်မင်းနာ)တို့၏သမီး၊ (နော်ယေးဒေ)၊ နော်မာသာ၊ နော်မာရီ (စောအီဒင်)တို့၏ညီမ၊ စောဒေးဗစ်-မိုင်နီဇာအောင်၊ စောဂီဒီယန်တို့၏ အဒေါ် နော်နီးနာသည် ၁၂-၉-၂၀၁၆ (တနင်္လာနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၄-၉-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်ခန်းမ၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသဂြိုဟ်ပါမည်။(အမှတ်-၇၀၄၊ အနော်မာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နှင့် ဓမ္မာနွေလဘုရားကျောင်းမှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ခင်ဖြူ(မိုးကုတ်ယောဂီ)
**အသက် (၇၂) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်နေ (ဦးမောင်မှင်-ဒေါ်စိန်ဒွေး)တို့၏သမီး၊ (ဦးသာထွန်းအောင်-ဒေါ်သောင်းတင်)တို့၏ညီမ၊ ဦးဖြူ-ဒေါ်သန်းအေး၊ ဦးထွန်းစိန်လှ-ဒေါ်သန်းကြွယ်တို့၏အစ်မ၊ ဦးသန်းမြင့်-ဒေါ်ကျင်သိန်း၊ ဦးရွှေသိန်း (ကြီးကြပ်ရေးမှူး/မြို့တော်စည်ပင်)-ဒေါ်သန်းလှ၊ (ဦးအောင်ညွန့်)-ဒေါ်မြင့်မြင့်ကြည်၊ ဒေါ်နီနီလွင်၊ ဦးခင်မောင်လတ်-ဒေါ်နှင်းနှင်းရွှေ၊ ဦးတင်ထွန်းအောင်-ဒေါ်ခင်ဥမ္မာထွန်းတို့၏မွေးသမိခင်၊ ဦးသိန်းထွန်း(ကာတွန်း)၏ ဇနီးသည် ၁၂-၉-၂၀၁၆ (တနင်္လာနေ့) နံနက် ၇း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၉-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၉-၂၀၁၆ (တနင်္ဂနွေနေ့) နံနက်တွင် မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ သုဇိတာ (၁၅)လမ်း၊ အမှတ်(၁၁၃၆) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူ မိသားစု

## ဦးအောင်မင်း(ဝါးခယ်မ)
**အသက် (၈၀)**
**ကုန်သွယ်ရေး စား/ထွေ (ငြိမ်း)**

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ကျွန်းကုန်းမြို့နေ (ဦးစိန်း-ဒေါ်သန်း)တို့၏သားကြီး၊ (ဦးဝင်းမြင့်-ဒေါ်ခင်ငွေမြင့်)၊ ဦးဟန်စော-(ဒေါ်ခင်ငွေလှ)၊ ဦးဝေလွင်-ဒေါ်လဲ့လဲ့လွင်၊ ဦးသစ်လွင်-ဒေါ်ခင်မအေးတို့၏ အစ်ကိုကြီး၊ မချိုမာအောင် (စက်မှုဝန်ကြီးဌာန-LED)၊ မသန္တာခင်(စက်မှုဝန်ကြီးဌာန၊ တ/ဒဂုံ)၊ ကိုကျော်မိုးအောင် (Best Friend Engineer Group)-မစိုးစိုးမင်း၊ မသိင်္ဂီအောင်၊ ကိုစိုးမြတ်အောင် (Sanctuary Cruises)-မသူဇာလှိုင်တို့၏ဖခင်၊မြေးသုံးယောက်တို့၏အဘိုး၊ ဒေါ်မြထွေး၏ခင်ပွန်း ဦးအောင်မင်းသည် ၁၂-၉-၂၀၁၆ (တနင်္လာနေ့) နံနက် ၇ နာရီတွင် အမှတ်(၇၄၂/က)၊ နှင်းဆီ(၂)လမ်း၊ (၄)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၉-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# တိုင်းဒေသကြီးနှင့်ပြည်နယ် ကရာတေးဒိုပြိုင်ပွဲမှသည် မျိုးဆက်သစ်အားကစားသမားများ မွေးထုတ်နိုင်

**နေပြည်တော် စက်တင်ဘာ ၁၂**

၂၀၁၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ကရာတေးဒို နောက်ဆုံးပြိုင်ပွဲကို စက်တင်ဘာ ၁၂ ရက်က အောင်ဆန်းအားကစားကွင်း မိုးလုံလေလုံပြိုင်ပွဲရုံ၌ကျင်းပရာ **(အောက်ပုံ)** အမျိုးသားအသင်းလိုက် တံခွန်စိုက်ဆုဖလားကို ရွှေလေးခု၊ ငွေ တစ်ခု၊ ကြေးတစ်ခုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ အမျိုးသမီးအသင်းလိုက် တံခွန်စိုက်ဆုဖလားကို ရွှေ လေးခု၊ ငွေတစ်ခု၊ ကြေးနှစ်ခုဖြင့် မန္တလေးတိုင်းဒေသကြီးတို့က ဆွတ်ခူးရယူနိုင်ခဲ့ပြီး **စာမျက်နှာ ၈ ကော်လံ ၁ သို့**





မြန်မာနှင့် အင်ဒိုနီးရှားအသင်း ယှဉ်ပြိုင်နေစဉ်။ (ဓာတ်ပုံ - MFF)

# အာဆီယံယူ-၁၉ ပြိုင်ပွဲ အဖွင့်ပွဲတွင် မြန်မာအနိုင်ရ

**ရန်ကုန် စက်တင်ဘာ ၁၂**

၂၀၁၆ အာဆီယံ ယူ-၁၉ ပြိုင်ပွဲအုပ်စု(ခ) ပထမနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့၌ ကျင်းပရာ မြန်မာအသင်းနိုင်ပွဲရယူနိုင်ခဲ့သည်။

မြန်မာယူ-၁၉ - သုံးဂိုး

အင်ဒိုနီးရှား ယူ-၁၉ - နှစ်ဂိုး

မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်း ဦးမျိုးလှိုင်ဝင်းကိုင်တွယ်နေသည့် မြန်မာ ယူ-၁၉ အသင်းသည် အင်ဒိုနီးရှားကို အနိုင်ယူပြီး အဖွင့်လှခဲ့သည်။ အုပ်စုကျပ်အတွင်း ကျရောက်နေသည့် မြန်မာယူ-၁၉ အသင်းသည် အဖွင့်လှခဲ့သောကြောင့် ဆီမီးဖိုင်နယ်တက်ရောက်ရန် မျှော်လင့်ချက်ရှိလာခဲ့ပြီး လာမည့်ပွဲများတွင် ရလဒ်ကောင်းရန် ကြိုးပမ်းရမည်ဖြစ်သည်။

မြန်မာယူ-၁၉ အသင်းသည် ဆန်းဆက်နိုင် (ဂိုး)၊ ရဲမင်းသူ၊ ရဲရင့်အောင်၊ ဝင်းမိုးကျော်၊ စိုးမိုးထွန်း၊ ဝေယံ၊ မြတ်ထွန်းသစ်၊ အောင်မိုးသူ၊ ဇွဲသက်ပိုင်၊ ရွှေကို၊ အောင်ကောင်းမာန်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် မြန်မာအသင်း ကစားပုံပိုကောင်းခဲ့ပြီး ဖိကစားနိုင်ခဲ့သော်လည်း ခံစစ်ပိုင်းအားနည်းမှုကြောင့် အခွင့်အရေးများ ပြန်ပေးခဲ့ရသည်။ ၁၁ မိနစ်တွင် အောင်ကောင်းမာန်က ထောင့်ကန်ဘောမှတစ်ဆင့် နောက်ပေါက်ဖြင့် ကန်သွင်းခဲ့သောကြောင့် မြန်မာအသင်း ဂိုးစရခဲ့သည်။ မြန်မာအသင်း၏ဦးဆောင်မှုမှာ ငါးမိနစ်ကြာပြီး ၁၆ မိနစ်တွင် ပန်ဒီအာမက်က **စာမျက်နှာ ၈ ကော်လံ ၁ သို့**



# အဌမအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၂**

အဌမအကြိမ်မြောက် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အဌမအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲကို စတင်ကျင်းပရာ ပထမဆုံး အမျိုးသမီးဘော်လီဘောပွဲစဉ်အဖြစ် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမျိုးသမီးဘော်လီဘောအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန အမျိုးသမီးဘော်လီဘောအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ **(ယာပုံ)** ပြည်ထဲရေးဝန်ကြီးဌာနအသင်းက (၂၅-၁၁)၊ (၂၅-၁၉)၊ (၂၅-၂၁) သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသွားခဲ့သည်။

အဆိုပါဘော်လီဘောပြိုင်ပွဲကို ဝန်ကြီးဌာနပေါင်းစုံမှ အမျိုးသား ၁၂ သင်းနှင့် အမျိုးသမီး ငါးသင်း ဝင်ရောက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**(မောင်မောင်ဇော်)**


